mgyoe.com

SAMPLE BOOK

မြင့်သန်း

# အရပ်တစ်ပါးမှ ဝတ္ထုများ ၂

ဒုတိယအကြိမ်



mgyoe.com SAMPLE BOOK

ဒီလိုမျိုး အခြေမရှိတဲ့မေးခွန်းတွေကို အမြဲနီးမှာ လမ်းတစ်လျှောက်လုံး ကျုပ်စဉ်းစားနေခဲ့ပါတယ်၊ စဉ်းစားလိုက်မိရတာက ဂေါရာင်မင်းမြတ်ရဲ့ဥပဒေအတိုင်ပင်ခံချုပ် ပြောတဲ့ စကားတစ်ခွန်းကြောင့်၊ သူကပြောတယ်၊ "ဘောင်တစ်ခုခု အတွင်းထဲမှာ ကြေနပ်သာယာစွာ အသက်ရှင်နေထိုင်ကြတဲ့ တိုင်းကြီးပြည်ကြီးသား မှန်သမျှဟာ အကျဉ်းသားတွေချည်းပါပဲ" တဲ့၊

▪ *အကျဉ်းသားတွေ . . . မှ*

. . . နားလည်မှုဆိုတာကတော့ သင်္ချာပေါက်တယ် ဆိုယုံလောက်မဟုတ်ဘူး၊ သင်္ချာပေါက်တယ်၊ သိတယ်ဆိုတာက ကားမှာ ဘီးလေးလုံးပါတယ်လို့ သိတာမျိုးလောက်ပဲ၊ ဘီးသုံးလုံး၊ ဘီးခြောက်လုံးလည်း ရှိနိုင်တယ်ဆိုတာကို မသိသလိုမျိုး၊

▪ *နှာခေါင်းပါ . . . မှ*

. . . မြို့တော်ကြီးကတော့ မြို့တော်ကြီးပဲ၊ လူများစုအမြင်မှာတော့မြို့တော်ကြီးပဲ၊ ဒါပေမဲ့ မြို့တော်ကြီးရဲ့အတွင်းထဲမှာ ဖြစ်ပျက်နေတာတွေက အစုံပဲ၊ မြို့တော်ကြီးအတွင်းထဲက လူတွေကိုယ်တိုင် မသိတာတွေအများကြီး၊ တစ်ချို့ကိစ္စတွေကတော့ သိစရာကိုမလိုဘူး၊ လိုက်ပါလွင့်မျောသွားယုံသက်သက်ပဲ၊ တစ်ချို့ဟာတွေကတော့ သိဖို့လိုတယ်၊ သိတယ်ဆိုယုံပဲ၊ ဘာမှ သိပ်ပြီးမတော်သက်နေဖို့မလိုဘူး၊ ဒီလိုဆိုတော့လည်း မြို့တော်ကြီးနဲ့ ဖြစ်နေရတဲ့ ဘဝဆိုတာနဲ့ ဘာမှသိပ်ကွာတာမဟုတ်တော့ဘူး၊ နေ့စဉ်ဘဝဆိုတာကလည်း ပိတ်မိနေတာတစ်ခုပဲ၊

▪ *လှည့်ပြားခြင်းသည် နေ့စဉ်ဘဝ၏ အလုံးစုံ . . . မှ*

9 248480 502664

mgyoe.com

mgyoe.com SAMPLE BOOK



## မြင့်သန်း၏ ကိုယ်ရေးအကျဉ်း

မြင့်သန်းကို ၁၉၄၉ ခုနှစ်က ရန်ကုန်မြို့တွင် မွေးဖွားခဲ့သည်။ မူလ လက်ဟောင်း စိန့်ဂျွန်းကျောင်း (စိန့်ဂျွန်း၊ ဒိုင်အိုစီစင် ယောက်ျားလေးများကျောင်း၊ စိန့်ဂျွန်းကျောင်း အမည်ခံ လမ်းမတော် အထက ၁ မဟုတ်) တွင် ငယ်စဉ်ကစ၍ အခြေခံပညာ ဆည်းပူးခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဒဿနိကဗေဒ အဓိကပြုကာ ဆက်လက် ပညာဆည်းပူးခဲ့သည်။ စာပေရေးသားခြင်း၊ ဘာသာစကား လေ့လာခြင်းနှင့် အခြား ပညာရပ်အချို့ကို ဆက်လက် လေ့လာဆည်းပူးခဲ့သည်။ ဆရာဇော်ဂျီ ညွှန်းခဲ့သော 'ပြောက်ကျားစာရေးဆရာ'ဘဝကို သဘောကျသဖြင့် အချိန်ရသည့်အခါ စာတစ်ပုဒ်စ၊ နှစ်ပုဒ်စ ရေးနိုင်ရန် အားထုတ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၀၆

# အရပ်တစ်ပါးမှ ဝတ္ထုများ ၂

## မြင့်သန်း

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၂၅ ၄၈၄၈ ၀၄၈။

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

အရပ်တစ်ပါးမှ ဝတ္ထုများ ၂

မြင့်သန်း

ဒုတိယအကြိမ်၊ အောက်တိုဘာ၊ ၂၀၂၄

ပထမအကြိမ်၊ ဇွန်၊ ၂၀၂၂

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၁၃၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့်အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** UMT ။ **မျက်နှာဖုံးဒီဇိုင်း** သက်ငြိမ်သစ်၊ **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


– အမှာ ၉

**အရပ်တစ်ပါးက လူတချို့**

၁။ တိရစ္ဆာန်ရုံကို ဖွင့်ပေးလိုက်ရခြင်း ၁၅

၂။ အကျဉ်းသားတွေ ၂၈

၃။ အတိတ်ရဲ့တစ္ဆေကို ကျောပိုးထားသူတွေ ၄၃

၄။ ပိုမိုညှို့ဖျင်းသော စိတ်ကူးထည်တို့ဖြင့်၊
ဆက်လက် ရှင်သန်နေထိုင်ရန် အားထုတ်မှု ၅၈

၅။ နိယာမကျောင်းထွက်တို့၏ နောက်ဆုံးမိတ်ဆုံစားပွဲ ၇၂

၆။ အမှန်တရား၏ ကြင်နာမှုကင်းခြင်းနှင့်
ဝေဝါးတတ်ခြင်းသဘော .. ၈၈

၇။ ဘာကြောင့်တွေ၊ ဘယ်လိုတွေ
ပျောက်ဆုံးသွားစေချင်ခဲ့တုန်းက ၁၀၃

၈။ နာမိတာ ငါ ၁၁၄

၉။ လှည့်ဖြားခြင်း

– လှည့်ဖြားခြင်းသည် ပြောင်မြောက်သော အနုပညာ ၁၃၁

– လှည့်ဖြားခြင်းသည် နေ့စဉ်ဘဝ၏ အလုံးစုံ ၁၅၁


mgyoe.com

mgyoe.com SAMPLE BOOK

**လူတစ်ရှို့ရဲ့ အရုပ်တစ်ပါး**


| | |
|---|---|
| ၁။ တော်ရာမှာ မပျော်တာ၊ ပျော်စရာ မတော်ရာ | ၁၇၁ |
| ၂။ လွတ်လပ်ခြင်းကို ပြစ်ဒဏ်အဖြစ် ခံစားနေကြရသူများ | ၁၈၆ |
| ၃။ လူနှင့် ယုတ္တိဗေဒ၏အကြားမှ အကွာအဝေး | ၂၀၁ |
| ၄။ အလင်းရောင်အောက်မှာ ပျောက်ဆုံးနေတာတွေ | ၂၁၄ |
| ၅။ ကံကွဲမှ လွဲမျှော် | ၂၂၉ |
| ၆။ လမ်းကျဉ်းကလေးတွေ | ၂၄၂ |
| ၇။ မက်စီကိုမှ မသိကြတဲ့ လူတွေ | ၂၆၀ |
| ၈။ မျှော်လင့်နေသော နွေဦးအတွက် သိမ်မွေ့သော နှလုံးသားများ | ၂၇၂ |
| ၉။ ကာလနဲ့ ဒေသ ပျောက်ဆုံးသွားရတာကတော့ | ၂၈၇ |
| ၁၀။ သူစိမ်းတွေ ရင်းနှီးလိုက်ကြပုံက .. | ၃၀၁ |


mgyoe.com

mgyoe.com SAMPLE BOOK

...
I gazed awhile, and felt as light, and free
As though the fanning wings of Mercury
Had played upon my heels: I was light-hearted,
And many pleasures to my vision started;
So I straightway began to pluck a posey
Of luxuries bright, milky, soft and rosy.
John Keats, 'I stood tip-toe upon a little hill.'

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

အမှာ

အရပ်တစ်ပါးမှ ဝတ္ထုများ ထွက်ပြီးနောက် စာဖတ်သူတချို့က ဆက်သွယ်မေးမြန်းကြသည်။ အများစု သိလိုသောအချက်တစ်ခုမှာ 'ထို –ဝတ္ထုများ–မှာ ဘာသာပြန်လား၊ မှီးတာလား'ဟူသောအချက် ဖြစ်သည်။ အရပ်တစ်ပါးမှ ဝတ္ထုများမှာ ဘာသာပြန်လည်း မဟုတ်၊ မှီးခြင်းလည်း မဟုတ်။ ကျွန်တော်၏ ပင်ကိုရေးများသာ ဖြစ်သည်။ နေ့စဉ်ဘဝအတွင်းမှ ပေါက်ပွားလာခဲ့ခြင်းများသာ ဖြစ်ပါသည်။ အတွေ့အကြုံများတွင် အခြေခံသည်ဟု ဆိုလိုသော် ဆိုလိုနိုင်ပါသည်။ တရုတ် ကဗျာဆရာကြီး ဂေါ်မောရော် ပြောခဲ့သည်ကဲ့သို့ 'ဘဝဆိုတာက စာပေနဲ့ လုံးလုံးကြီး ကွာတာ မဟုတ်ဘူး။ ဘဝဟာ စာပေရဲ့ အနှစ်သာရပဲ'ဟု ဆိုသည့်သဘောဟု ဆိုချင်သည်။ 'အရပ်တစ်ပါး'ဟု ဝိသေသပြုထားရခြင်းမှာ အရပ်တစ်ပါးတွင် အခြေခံထားခြင်းကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ၊ 'နယ်ဘက် ကျေးဘက်'ဟူသော စကားလုံး/စာလုံးကို နယ်ဘက်ကျေးဘက်က ဝတ္ထုများတွင် သုံးနှုန်းသည်ကဲ့သို့သာ ဖြစ်သည်။ ဝတ္ထုများကို စုစည်းရာတွင် တစ်စုတစ်စည်းတည်းပြုခြင်း .. အခြားတစ်နည်း၊ မျိုးတူစုပြုခြင်း

mgyoe.com

mgyoe.com


သာ ဖြစ်သည်။ အရပ်တစ်ပါး၌ ဖြစ်ပျက်နေခြင်းများ၊ အပြုအမူများနှင့် နေ့စဉ်ဘဝ၏ အပြုအမူများ (ယဉ်ကျေးမှု) ကို မြန်မာဘာသာစကား/ စာ၏ ဘောင်အတွင်း၌ ပြန်လည်ချပြခြင်း၊ ဖော်ထုတ်တင်ပြခြင်းများ ဖြစ်သည်။ ပညာရှင်အချို့ကသော် Literary domestication ဟု ဆိုကြသည်။ Literature domestication သဘောနှင့်လည်း ဆင်ဆင် ဖြစ်သည်။ အသုံးပြုထားသော အတွေးစနစ် (ဆင်ခြင်ပုံ ဆင်ခြင်နည်း) မှာ အသုံးပြုထားသော ဘာသာစကား၏ သိမှတ်လက်ခံထားသော အစဉ်အလာစနစ်ထဲတွင် အခြေမခံ။

အခြားတစ်ချက်မှာ 'ဇာတ်ကောင်များ ဘယ်က ရသလဲ'ဟူသော မေးမြန်းချက် ဖြစ်သည်။ စင်စစ်၊ ဇာတ်ကောင်တို့၏ 'စရိုက်များ'ဟု ဆိုရမည် ထင်သည်။ ထို–စရိုက်–ရှိသူများမှာ ကျွန်တော်၏ပတ်ဝန်းကျင်မှ ရပါသည်။ ထို–အမြင်–မှာ ကျွန်တော် လေ့လာခဲ့သော ဝတ္ထုရေးသမားများထံမှ မည်သို့မည်ပုံ ရယူနိုင်ကြောင်း လေ့လာခဲ့ရပါသည်။ ထုတ်ဝေခဲ့ပြီးဖြစ်သော အရပ်တစ်ပါးမှ ဝတ္ထုများတွင်လည်း ထို–အကြောင်းများ–ဖော်ပြခဲ့ဖူးသည်။ သို့သော်၊ ထို–အမြင်–အပေါ် ဗလုံးဗထွေး ဖြစ်မနေစေချင်ပါ။ ကျွန်တော် တွေ့ကြုံ ခင်မင်ရင်းနှီးသူများထံမှ ရသဖြင့် 'အပြင်မှာ တကယ်ရှိသော ကျွန်တော့်ဇာတ်ကောင်များ'ဟု ကျွန်တော့်အနေဖြင့် မဆိုလို။ ထိုသို့ မြင်လေသော် ဖန်တီးစာရေးသားမှု မဟုတ်နိုင်တော့။ သတင်းတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ် 'သာ' ဖြစ်သွားပေတော့မည်။ ဉာဏ်ရည်ဉာဏ်သွေး နိမ့်လွန်းလှသော စာဖတ်သမားမျိုး၊ သို့မဟုတ်၊ ခပ်တုံးတုံး စာဖတ်သမားမျိုး၊ သို့တည်းမဟုတ်၊ ဟိုမရောက် ဒီမရောက် သမိုင်းဆရာ မောင်မစ္စကမျိုးကသာ မြင်နိုင်သော၊ မြင်တတ်သောအမြင် ဖြစ်သည်။ ကျွန်တော်၏ ဇာတ်ကောင်များမှာ ကျွန်တော်က ဘာသာစကားအခြေခံကာ စကားလုံး/စာလုံးများဖြင့် တည်ဆောက်ထားခြင်းသာ ဖြစ်သည်။ သူတို့သည် သည်ပုံနှိပ်စာလုံးများအပေါ်တွင်သာ ရှိနေရာ ဖတ်သူတို့က ဖတ်ရှုလိုက်သည့်အခါမှ ရှင်သန်နိုးထလာခြင်းသာ ဖြစ်ပေသည်။ သူတို့ကို အသက်ဝင် လှုပ်ရှားလာစေရန်မှာ ဖတ်ရှုသူကသာ စွမ်းဆောင်နိုင်သည်။

mgyoe.com

mgyoe.com


ဆိုခဲ့ပြီးသည့်အတိုင်း အရပ်တစ်ပါးမှ ဝတ္ထုများသည် အရပ်တစ်ပါးတွင် အခြေခံထားသဖြင့် အချို့ အချို့သော အကြောင်းအရာ၊ အပြုအမူများကို မြန်မာတို့၏ အစဉ်အလာပေတံကြီးများဖြင့် တိုင်း၍ မရနိုင်။ တိုင်းလိုသော် တိုင်းကြည့်နိုင်ပေသည်။ လူ့အခွင့်အရေး ဖြစ်သည်။ သို့ရာတွင်၊ ပို့(စ)ဒယ်ဗယ်လော့မင့် ပညာရှင်တစ်ဦး ပြောသည်ကဲ့သို့ 'သူများ ပေတံ စံထားကာ ကိုယ့်ရပ်ကိုယ့်ရွာကို တိုင်းမရသည်ကဲ့သို့ ကိုယ့်ပေတံဖြင့်လည်း သူများကို အတင်းလိုက်တိုင်း၍ မရနိုင်'ဟူသော သဘောဖြစ်သည်။ ကိုယ့်ပေတံဖြင့် တိုင်းကြည့်သော်လည်း တကယ်တမ်းတွင် စင်ကာပူနှင့် မနီးစပ်နိုင်သေးသည်မှာ သိမှုအခြေခံ ယှဉ်တွဲလေ့လာမှု မရှိ၍သာ ဖြစ်သည်။ မလိုအပ်သော လူမျိုးရေးအခြေခံ မိမိကိုယ်မိမိ အထင်ကြီးနေခြင်းသာ ဖြစ်ပေသည်။ ကျွန်တော့်တွင် လူမျိုးရေးအခြေခံ၊ ဘာသာရေးအခြေခံ မုန်းတီးမှုများ မရှိ။ မရှိအောင်လည်း နေသည်။ လူအမျိုးမျိုး၊ အသားအရောင် အမျိုးမျိုး၊ သက်ဝင်ယုံကြည်မှု အမျိုးမျိုးသာမက လူမှုဆက်ဆံရေးဘဝအမြင် မတူသူများနှင့်လည်း တွေ့ရဆုံရ၊ အကျွမ်းဝင်ရသည်။ သို့ဖြစ်လေရာ၊ လူမျိုးကြီးစိတ်ဓာတ် အခြေခံ ပေတံတစ်ချောင်း စံပြုကာ လိုက်လံတိုင်းထွာနေရန် မဖြစ်ပါ။ ကျွန်တော့်အရေးအသားများတွင် ထို–အမြင်များ–တွင် အခြေခံသည်။ ဖတ်သူတို့က ဘဝင်မကျသော် သူတို့၏ လွတ်လပ်စွာ ရွေးချယ်ခွင့်သာ ဖြစ်သည်ဟု မှတ်ယူပါသည်။

ဝန်ခံရန်ရှိသော အချက်တစ်ခု ရှိသည်။ 'လှည့်ဖြားခြင်း' အမည်ပေးထားသော ဝတ္ထုတွဲမှာ မူလ ရေးသားစဉ်က လေးပုဒ် ဖြစ်သည်။ ပထမအပုဒ်မှာ ဦးဝင်းငြိမ်း၏ ရွှေအမြုတေတွင် ဖော်ပြခဲ့ပြီးနောက် ထပ်မံ၍ မပို့ဖြစ်ခဲ့။ အကြောင်းမှာ ကျွန်တော်၏ကွန်ပျူတာများ အပြောင်းအလဲပြုစဉ် ပျောက်ဆုံးသွား၍ ဖြစ်သည်။ ဒုတိယတစ်ပုဒ်ကို အပြည့်နီးပါး ပြန်လည်ရရှိခဲ့သော်လည်း ကျန်နှစ်ပုဒ်မှာ အပိုင်းအစများအဖြစ်သာ ရရှိခဲ့လေသည်။ မူလ ရေးသားခဲ့သော လေးပုဒ်၏ အဓိက ရည်ရွယ်ချက်မှာ ပြတိုက်ကြီးနှင့် ပြတိုက်ကြီးထဲက လူများ .. ပြတိုက်ကြီးထဲတွင် အဓိကကျသော အမျိုးသမီး လေးယောက်တို့အကြောင်း ဖြစ်သည်။ ပြဆိုလိုရင်း

mgyoe.com

mgyoe.com


မှာ၊ ထို–အမျိုးသမီး လေးယောက်–၏ အမူအကျင့်၊ အမြင်နှင့် ပြတိုက်ကြီးထဲမှ သူတို့၏ နေ့စဉ်ဘဝနှင့် သူတို့၏ ကျောထောက်နောက်ခံ အကြောင်းအရာများ ဖြစ်သည်။ ယခု ပုံနှိပ်ထုတ်ဝေရာတွင် ဒုယတိအပုဒ်ကို ပျောက်ဆုံးနေခဲ့သော နှစ်ပုဒ်မှ အရေးအသား အပိုင်းအစများတွင် အခြေခံကာ ပြန်လည် ပြောင်းလဲရေးသားထားခြင်း ဖြစ်သည်။ စာဖတ်သူအချို့အနေဖြင့် ဘဝင်မကျလေသော် ကျွန်တော်၏အပြစ် ဖြစ်သည်။ ကွန်ပျူတာနည်းပညာ ကျွမ်းကျင်သူတို့ကမူ ပြန်လည်ဖော်ထုတ်ပေးမည် ဟူ၍ကား ဆို၏။ ရရှိလေသော် နောင်၊ ပြန်လည်မွမ်းမံ ထုတ်ဝေသည် ရှိသော် ဖော်ပြနိုင်ရန် အားထုတ်ပါမည်။

**မြင့်သန်း**

၂၀၂၁၊ ဇန်နဝါရီ ၃၁။

mgyoe.com

mgyoe.com SAMPLE BOOK

# အရပ်တစ်ပါးက လူတချို့

Fade far away, dissolve, and quite forget
What thou among the leaves hast never known,
The weariness, the fever, and the fret,
Here, where men sit and hear each other groan.
John Keats, 'Ode to a Nightingale.'

mgyoe.com

mgyoe.com
SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# တိရစ္ဆာန်ရုံကို ဖွင့်ပေးလိုက်ရခြင်း

ကိစ္စကတော့ဖြင့် သိပ်ကြီးကျယ်လှတဲ့ကိစ္စတစ်ခု မဟုတ်ပါဘူး။ ဒါပေတဲ့၊ လူပြောသူပြောများလာတဲ့ ကိစ္စ၊ ပဲ။ ပြောရမယ် ဆိုပြန်တော့လည်း၊ ကျုပ်နဲ့ တိုက်ရိုက်ကြီး သက်ဆိုင်တဲ့ကိစ္စ မဟုတ်ပြန်ဘူး။ မဟုတ်ရတာက၊ ကျုပ်က ကြားလူ။ အနေသာကြီး။ ကျုပ်ရဲ့ဆုံးဖြတ်ချက် ဘာမှ မပါဘူး။ လူဆိုတာ ဆုံးဖြတ်ချက် ချတတ်ကြတာချည်းပဲလို့ ပြောကြတာတော့ မှန်ပါတယ်။ သို့ပေသိ၊ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက် မချဘဲ၊ ထလုပ်လိုက်ရတာတွေကလည်း အပုံကြီးပဲ။ ခွေးဟောင်လို့ ထပြီး ခွေးကို မောင်းလိုက်ရတာက ဆုံးဖြတ်ချက်ကြောင့် မဟုတ်ဘူး။ လက်ထဲမှာ ကိုင်မထားချင်လို့ လက်ထဲက ညစ်တီးညစ်ပတ်နဲ့ ကျုပ်တန်တချို့ကို အလှူခံပုံးထဲ ထည့်လိုက်ရတာဟာ ဆုံးဖြတ်ချက်ကြောင့် မဟုတ်ဘူး။ ယုတ်စွအဆုံး၊ ယောက္ခမရှေ့မှာမို့၊ မိန်းမ ပြောသမျှကို ပြုံးပြုံးကလေးနဲ့ နားထောင်နေရတာက၊ ဆုံးဖြတ်ချက်တစ်ခုခုကြောင့် မဟုတ်ဘူး။ ဆင်ခြင်တုံတရား ပြည့်ဝလို့၊ သဘောထားကြီးလို့၊ .. စတာတွေကြောင့်တော့ မဟုတ်ဘူး။ အမြော်အမြင်ကြီးလို့ ဆိုရင်တော့၊ ဟုတ်တုတ်တုတ်၊ ရယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ခုကိစ္စမှာ၊ လူပြောသူပြော များလာတယ်ဆိုတာက၊ ဒီလို။ စတာကတော့၊ တိုးတက်တယ် ဆိုသလား၊ လို့ ခေါ်ကြတဲ့ လူငယ်တွေဆီက စတာ။ သင်းတို့က ဘာမျှ၊ မည်မည်ရရတော့ လုပ်ကြတာ မဟုတ်ဘူး။ ဟိုးဘက်ခေတ်က အခေါ်အဝေါ်မျိုးနဲ့ ပြောရရင်တော့ တစ်ရှာ့ကိုး တစ်ရှာ့ တစ်ဆယ်တွေ။ ဘာမျှမလုပ်ဘူး ဆိုတာကတော့ သိပ်မဆိုးလှဘူး။ ဘာမျှ မလုပ်လို့၊ ဘာမျှမဖြစ်လို့၊ ဘယ်သူ့ကိုမျှ မထိခိုက်ရင် ကောင်းတာပဲ။ ကောင်းနေသားပဲလို့တောင် ပြောရမယ်။ ခုဟာက၊ အဲဒီလို မဟုတ်ဘူး။ သင်းတို့က ဟိုဟာကလေး၊ မတို့တစ်ဆိတ် ဖတ်၊ ဒီဟာကလေး မတို့ တစ်ဆိတ် ဖတ်။ ဟိုက၊ ဒီက ကြားတာကလေးတွေ ပြန်ပြောကြ။ ပြီးတော့ လက်ဖက်ရည်ဆိုင်ထိုင်။ အလကားရတဲ့ ရေနွေးကြမ်းကို ဗိုက်ပြည့်အောင် သောက်ပြီး၊ တောပြောတောင်ပြော ပြောကြရော။ တောပြောတောင်ပြော ပြောတယ် ဆိုတာကလည်း သိပ်တော့ မဆိုးပါဘူး။ တော၏ လှပခြင်း၊ တောင်၏ သာယာဖွယ်ရှိနေခြင်း စတာတွေကို ပြောနေကြရုံဆိုရင်ဖြင့်၊ သာယာလှပတဲ့ သဘာဝတရားကြီးအကြောင်းတွေ ပြောကြတာမို့၊ ဘာမျှ မလိုတမာဖြစ်နေစရာ မလိုဘူး။ သင်းတို့က အဲဒီလို မဟုတ်ဘူး။ သင်းတို့ ဖတ်ရတဲ့ ကြားရတဲ့၊ ခြောက်ပြားတစ်ပဲ ကိစ္စကလေးတွေကို အခြေခံပြီး ရေးကြီးခွင့်ကျယ်တွေလုပ်ပြီး ပြောနေကြတာ။ ပထမတော့၊ ဘာမျှ မဟုတ်ဘူး။ နောက်တော့၊ သင်းတို့လောက် အမြော်အမြင်မရှိတဲ့ကောင်တွေက သင်းတို့ ပြောတာတွေကို နားယောင်လာကြတယ်။ နားယောင်ရင်၊ ပျားကောင်တောင်၊ ပြောင်ပြီး ကားလာတတ်တယ် ဆိုတဲ့ စကားလိုပဲ။ မပြောပလောက်တာတွေဟာ၊ ဆန်ကောဝ အပေါက်ဝထဲ ဆီက၊ ကြွထွက်လာတဲ့ အလှေးအမွှားတွေလို ဖြစ်လာကြရော၊ အလှေး အမွှား ဆိုတော့လည်း အလေးထားစရာ မဟုတ်လေတော့၊ ခွေးယားရုံလောက် ရှိတော့တာပေါ့ဗျာ။

ခက်နေတာ တစ်ခုက၊ ခေတ်ကာလကြီးပဲ။ ခေတ်ကာလကြီးကိုက ရောရောယောင်ယောင်။ ဒီတော့၊ လူတွေလည်း ရောရောယောင်ယောင်။ အရင်ကတော့၊ ကြောင်တယ် ဆိုတဲ့စကား ရှိခဲ့ဖူးတယ်။ ခုတော့ကာ၊ ကြောင်တာရော၊ ရောင်တာရော၊ ရောကုန်ကြတော့၊ ငကြောင်တွေ အောင်

mgyoe.com

mgyoe.com SAMPLE BOOK

မြေ နင်းတဲ့ခေတ်လို့ ခေါ်ရလေမလားပဲ။ ကျုပ် အခုပြောနေတာက ဘာမျှ နိုင်ငံရေးတို့၊ ဘာတို့နဲ့ မဆိုင်ဘူး။ ကျုပ်လည်း အဲဒါတွေ သိပ် နားမလည် လှဘူး။ အရပ်ထဲမှာ ဖြစ်နေကြတာလောက်ကိုပဲ ပြောချင်တာ။ စကား ပြန်ကောက်ရရင်၊ အဲဒီ ယောင်တောင်တောင် အကောင်တွေ လုပ်နေတဲ့ ကိစ္စတွေက လူ့အဖွဲ့အစည်းကြီးတင် မကဘူး၊ တိရစ္ဆာန်အဖွဲ့အစည်း ကြီး၊ သစ်ပင်အဖွဲ့အစည်းကြီးပါ ထိခိုက်ကုန်တော့တာပဲ။ ဒါတင် ဘာဟုတ်သေးမလဲ။ တစ်သက်လုံး၊ ပစ်ထားတဲ့ ချောင်းကလေးတောင် ပါလိုက်ရသေးတယ်။ အထက်ဘက်နားဆီက မြို့နယ်နားမှာ ချောင်း ကလေးတစ်ခု ရှိတယ်။ ချောင်းကလေးက တောင်ကျချောင်းကလေး ရယ်ပါ။ ဘယ်၊ သတ္တဝါကမျှ လှည့်ဂရုမစိုက်ခဲ့ကြဘူး။ အမြော်အမြင် ရှိတဲ့လူက ကောင်းအောင်လုပ်ချင်တယ် ဆိုကာမှ၊ လက်သီးလက်မောင်း တန်းပြီး ကမ္ဘာကြီး ပူနွေးတာရော၊ အင်တာတိတ်မှာ ရေခဲတွေ ရေပျော် တာရော၊ ရှိရှိသမျှနဲ့ ရောမွှေပြီး ဝိုင်းသယ်ကြတော့တာ။ အရင်ကတော့၊ သင်းတို့ပဲ ခေတ်မီရမယ်၊ ဘာရယ်ညာရယ်။ ရှိရှိ သမျှ တောင်းဆိုနေ လိုက်ကြတာ။ ဟော၊ ခုတော့ကာ၊ အချိုးပြောင်းလို့၊ ပုဆိုးဖောင်းက ကွဲရတယ်ဆိုတာမျိုး ဖြစ်ပြန်ကရော။ ဒီတော့ကာ၊ ဒီ လူငယ်တွေ ဆိုတာ တွေအနေနဲ့၊ ကမ္ဘာလောကကြီးနဲ့ သိပ်အဆက်အသွယ် ရှိနေဖို့ မသင့်ဘူး လို့ပဲ၊ ကျုပ် မြင်မိတယ်။ တခြားကြောင့်တော့ မဟုတ်။ အလျင်က ဘာမျှ မသိ၊ မမြင်။ ခုတော့၊ ဟိုဟာလေး ကြား၊ ဒီဟာလေး သိနဲ့ ဖြစ်လာလေ တော့၊ တောတွေး တောင်တွေးတွေ ဖြစ်လာကြတယ်။ ဘာမျှလည်း ရေရေရာရာတော့ မဟုတ်ဘူး။ အင်္ဂလိပ်လို တတ်တဲ့လူတွေ ပြောလေ့ ရှိတဲ့ နည်းနည်းသိတာ အန္တရာယ်များတယ် ဆိုသလိုပဲ။ ကျပ်တာကနေ၊ ချောင်တာတွေ့တော့ ဖွတ်တိုးကြတဲ့သဘောပဲ။ ဖွတ်တိုးလို့တော့လည်း၊ ပုဆိုးကျွတ်ရုံပဲ ရှိမှာ။

ကျုပ် ပြောချင်တာတွေ များသွားလို့၊ လေရှည်သွားသမို့ ခွင့်လွှတ် ဗျာ။ လိုရင်းဆီ ပြန်သွားကြရအောင်။ ကျုပ် ပြောချင်တာကလေး နားရှင်း အောင် ကျုပ်တို့အရပ်အကြောင်းကလေးနဲ့ စစမ်းပါရစေ။ ကျုပ်တို့အရပ် က တောင်ရိုးနဲ့ နီးတယ်။ ဒီတော့၊ တောကောင်တွေ ဘာတွေ ပေါတယ်။

mgyoe.com

mgyoe.com


နောက်တော့၊ တိရစ္ဆာန်တွေကို ချစ်တဲ့ သစ်ပွဲစားကြီးတစ်ယောက်က တောကောင်ကလေးတွေကို ဖမ်းပြီး၊ လှောင်အိမ်ကလေးတွေနဲ့ ထားတယ်။ အစဦးကတော့၊ သင်းခွေချပ်ကလေးလိုမျိုး၊ မျောက်ကလေးလိုမျိုးပေါ့။ နောက်တော့ကာ၊ ပွဲစားကြီးဆီ မုဆိုးတစ်ယောက်က ဝက်ဝံကလေး တစ်ကောင် လာရောင်းတယ်။ ပွဲစားကြီးကလည်း ဝယ်ပြီး၊ သူ့လှောင်အိမ်ကလေးနဲ့ သူ ထားတယ်။ ဝက်ဝံကလေးက တဖြည်းဖြည်းနဲ့ ကြီးလာတော့၊ လှောင်အိမ် အခိုင်အခံ့ လုပ်လာရတယ်။ အဲဒီနောက်တော့၊ ပွဲစားကြီးက ကျားပေါက်ကလေးတွေ၊ သစ်ပေါက်ကလေးတွေပါ ရလာပါလေရော။ လိုရင်း ပြောရရင်တော့၊ ပွဲစားကြီးဆီမှာ တိရစ္ဆာန်ကလေးတွေရော၊ တိရစ္ဆာန်ကြီးတွေရော စုံလာတယ်။ ဒီမှာတင်၊ ဝိုင်းအကြံပေးကြတော့၊ ပွဲစားကြီးက မြေကျယ်ကျယ်ကို ဂရန်ခံလိုက်ပြီး တိရစ္ဆာန်ရုံကလေးသဘောမျိုး ဆောက်လိုက်တယ်။ တိရစ္ဆာန်ရုံကလေးပဲ ဆိုပါစို့ဗျာ။ အစဦးကတော့၊ ပွဲစားကြီးက အိတ်စိုက်ပေါ့ဗျာ။ နောက်တော့၊ လှူတာတန်းတာကလေးတွေ၊ ထောက်ပံ့တာကလေးတွေ ဖြစ်လာတယ်။ ကျုပ်တို့အရပ်မှာလည်း၊ ပြောစရာ ဆိုစရာကလေးတွေ ရလာတာပေါ့။ အလည်အပတ် လာတဲ့ လူတွေလည်း ဝင်ပြုကြည့်စရာပေါ့။ သူ့ဟာနဲ့သူ ဟုတ်နေတာ။

အဲဒါက၊ ကျုပ် ပြောချင်တာကလေးရဲ့ ကျောထောက်နောက်ခံ အကြောင်း။ ကျုပ်ကတော့၊ မမီလိုက်ဘူး။ အဖေတို့၊ ဦးကြီးတို့ ပြောပြလို့ သိရတာ။ ဖြစ်ချင်တော့၊ ကျုပ်က အဲဒီမှာ သွားပြီး၊ လူကြီးဖြစ်တယ်။ ဖြစ်ရတာကလည်း ကျုပ် စွမ်းလှလို့တော့ မဟုတ်ဘူး။ ကျုပ်တို့အရပ်မှာ အခြေအနေတွေ ပြောင်းလာလို့ပဲ။ ကျုပ်တို့ဘက်တွေမှာ အနောက်ဘက်က ကိုလိုနီနယ်ချဲ့တွေ ပြန်ပြီးကတည်းက တဖြည်းဖြည်း ပြောင်းလာတဲ့ အုပ်ချုပ်ရေးပုံစံတွေ ရှိတယ်။ ပုံစံတွေကတော့ အမျိုးမျိုးပေါ့ဗျာ။ အကုန်တော့လည်း၊ ကျုပ် မသိဘူး။ ကျုပ်တို့အရပ်မှာတော့ တစ်ဆင့်ချင်း လက်လွှဲနည်းဆိုတာ သုံးတယ်။ ဒါကလည်း၊ အစဉ်အလာအတိုင်းမို့ သမိုင်းဦးကတည်းက စခဲ့တဲ့စနစ်လို့ ခေါ်ရမှာပဲ။ အဖေက သားကို လက်လွှဲတာမျိုးဗျာ။ သူကြီးဆိုရင်လည်း၊ သူကြီးမျိုးမို့ အဖေက သားကို လက်လွှဲတယ် ဆိုတာမျိုး။ ဘာကြီးပြောပြော၊ အဲဒီစနစ်က ဟုတ်နေသား။ သို့ပေသိ၊

mgyoe.com

mgyoe.com

အဲဒီစနစ်အတိုင်း သွားနေလို့တော့၊ ကျုပ်လည်း ပွဲစားကြီးရဲ့ တိရစ္ဆာန်ရုံမှာ လူကြီး မဖြစ်လောက်ဘူး။ ဖြစ်ချင်တော့ တိရစ္ဆာန်ရုံမှာ လူကြီး ဖြစ်လောက်တဲ့လူက မလုပ်ဘူး ဆိုလေတော့၊ လုပ်မယ့်လူ ရှာရာက ကျုပ်ကို တွေ့သွားကြတော့တာပဲ။ ကျုပ်မှာလည်း ဘွဲ့ရားတကာ၊ ကျောင်းတကာသား ဆိုတာကလွဲလို့ ဘာ၊ ဂုဏ်ရည်မျှ ထူးထူးခြားခြား မရှိလှဘူး။ မြို့သွား၊ ပညာသင်၊ ဘွဲ့ရ၊ မြို့သူနဲ့ကြိုက်၊ ရင်ကွဲ၊ အရက်သောက်တတ်၊ နောက်တော့၊ အရပ်ပြန်ရောက်လာရော။ သို့ပေသိ၊ ကျုပ်မှာ ရိုးဂုဏ်ရှိတယ်။ လူကြီးတွေကို သိပ်အာမခံဘူး။ အရပ်နဲ့ တည့်တယ်။ လူငယ်တွေကို ပေါင်းတတ်တယ်။ အပြောင်မြောက်ဆုံးကတော့ဖြင့်၊ တိရစ္ဆာန်တွေကို တိရစ္ဆာန်မှန်း သိတယ်။ ဒါကလည်း၊ အရေးအကြီးဆုံး အချက်တစ်ရပ်၊ လိုအပ်မှုတစ်ရပ်ပေ၊ ကိုး။ တိရစ္ဆာန်ရုံရဲ့ အုပ်ချုပ်ရေးမှူး လုပ်မယ့်လူဟာ တိရစ္ဆာန်ကို တိရစ္ဆာန်လိုတော့ သဘောထားတတ်မှပေါ့။ မဟုတ်ပေဘူးလား။ ခုမှတော့ ထူးမယ် မထင်ဘူး။ ပြောလက်စနဲ့ ဆက်ပြောရရင်၊ ကျုပ်ရဲ့ အရွယ်ရောက်လာတဲ့ ဘဝတွေထဲမှာ အတွေ့အကြုံအရ၊ ရလာတဲ့ ပညာတစ်ရပ်ကတော့ တစ် – လူကြီးကြီး အာမခံနဲ့၊ နှစ် – လူငယ်နဲ့ တည့်အောင်ပေါင်း၊ သုံး – တိရစ္ဆာန်ကို တိရစ္ဆာန်မှန်း သိပါဆိုတဲ့ အချက်သုံးရပ်ပဲ။ ဒီ–သုံးချက်–သာ ဆောင်ထား။ အန္တရာယ်ကင်းအောင် သမ္ဗုဒ္ဓေရွတ်နေစရာ မလိုဘူး။

ကျုပ်၊ တိရစ္ဆာန်ရုံမှာ လူကြီးဖြစ်လာတော့၊ တိရစ္ဆာန်ရုံမှာ အလျင်က မလုပ်ခဲ့တာတစ်ခု၊ ကျုပ် လုပ်တယ်။ အဲဒါက၊ တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးအတွက် တိရစ္ဆာန်ကုတဲ့ ဆရာဝန်ကို အချိန်ပိုင်း ငှားတယ်။ သူက၊ တိရစ္ဆာန်တွေရဲ့ကျန်းမာရေး စစ်ဆေးပေးရတယ်။ ဒီတော့၊ တိရစ္ဆာန်တွေ ကျန်းမာသပေါ့ဗျာ။ အဲဒီတုန်းကလည်း ပြဿနာကလေးတစ်ခု ပေါ်လာသေးတယ်။ ပြဿနာဆိုပေသိ၊ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး။ လူတွေက ကွန့်ကြတာပဲ ဆိုကြပါစို့ရဲ့။ ဒီလို။ လူတွေကျန်းမာရေးကဖြင့် ဘယ်လိုရယ်လို့ ထည့်မစဉ်းစားဘဲ၊ တိရစ္ဆာန်အတွက် ထည့်စဉ်းစားပြီး ဆရာဝန်ငှားတာကတော့ လွန်လွန်းသတဲ့။ ဟုတ်ပ့ါ။ သင်းတို့ဘက်က ကြည့်တော့ လက်ဖဝါး၊ ကျုပ်ဘက်က ကြည့်တော့

mgyoe.com

လက်ဖမိုး။ ကျုပ်မှာ တာဝန်ရှိတာက တိရစ္ဆာန်တွေကို စောင့်ရှောက်ဖို့။ ကျုပ် လက်ဖမိုးပေါ်မှာ မြင်ရတာက၊ အဲဒါပဲ။ လူတွေ ကျန်းမာရေးအတွက် လူ့ဆရာဝန် ရှိတယ်။ လူတွေက လူလို ပြောတတ်ဆိုတတ်တယ်။ ကျုပ်ကို၊ လူတွေကို စောင့်ရှောက်ဖို့ ငှားထားတာ မဟုတ်ဘူး။ တိရစ္ဆာန်တွေ အတွက်။ ဒီတော့ ကျုပ် ဂရုစိုက်ရမှာက တိရစ္ဆာန်။ ဒို့ပြင်၊ ဒီ–တိရစ္ဆာန်– တော့ဖြင့် မနေသင့်တော့ဘူးဆိုရင်၊ ကျုပ်က ဆက်လက် အသက်ရှင်ခွင့် မပေးနိုင်တော့ဘူး။ ပေးနေစရာ မလိုဘူး။ တိရစ္ဆာန်ကုတဲ့ ဆရာဝန်နဲ့ တိုင်ပင်ပြီး၊ တိရစ္ဆာန်ရဲ့အသက်ကို သိမ်းနုတ်နိုင်တဲ့ အခွင့်အရေး ကျုပ်မှာ ရှိတယ်။ လူတွေနဲ့ ပတ်သက်လို့တော့ ဘယ်ရှိမှာတုံး။ သေကောင်ပေါင်း လဲဖြစ်လို့ အသက်ငင်နေတဲ့လူကိုတောင်၊ ခင်ဗျား သေဖို့ကောင်းပြီ၊ သေ တော့ဗျာရယ်လို့ ပြောလို့ ဘယ်ဖြစ်မှာလဲ။ အဆုံးအဖြတ်သာ ပေးနိုင်ရင်၊ လောကမှာ ဆန်ကုန်မြေလေးဆိုတဲ့ စကားတောင် ပေါ်လာစရာ မရှိဘူး။ လူ့အဖွဲ့အစည်းအတွက် အသုံးမတည့်လောက်တဲ့ကောင် မှန်သမျှ၊ ခင်ဗျား သေဖို့ကောင်းပြီလို့ ပြောလိုက်ရုံပဲ။ လူ့လောကကြီးတောင် သန့်လာဦး မှာ။ သို့ပေသိ၊ လူတွေရဲ့ နေခြင်းနဲ့ သေခြင်း ဆိုတာက၊ သူတို့ဘာသာ ဆုံးဖြတ်ကြရတဲ့ကိစ္စ။ လူတစ်ယောက်က တခြားတစ်ယောက်ရဲ့ နေရေး နဲ့ သေရေးကို အဆုံးအဖြတ်ပေးနိုင်မယ်လို့တော့ ကျုပ် မထင်ဘူး။ ဒီ တော့၊ ကျုပ်တို့အရပ်မှာ၊ တိရစ္ဆာန်ဟာ လူထက် ပိုပြီး အခွင့်အရေးရတယ် ရယ်လို့ အမြင်တွေ ပေါ်လာခဲ့ရော။ တကယ်တော့၊ ကျုပ် ပြောခဲ့တဲ့ တိုး တက်တယ်ဆိုတဲ့ အသေဝနာစ ဗာလန် ဆိုတာလေးတွေဆီက လာတာ ပဲ။ ကနဦးဆီကတော့၊ ကျုပ်က သိပ်အလေးမထားခဲ့ပါဘူး။ ဒါပေတဲ့ လည်း၊ ဗာလန် နေရာရရင်၊ မသာတောင် သေရာက ထ၊ ကပြရတတ်တယ် ဆိုတဲ့ စကားကလေးက ရှိနေပြန်သေးတယ်။

ဒီမှာတင်၊ အကြောင်းက ဆုံသွားပြန်တယ်။ ကျုပ်တို့အရပ်က လူကြီးများကလည်း ခပ်ညံ့ညံ့ရယ်။ ညံ့တယ်ဆိုတာထက် ပျော့တယ်လို့ ပြောရင် ကောင်းမယ်။ အဓိကကတော့၊ အသက်ကြီးလာကြတာပဲ။ အသက်ကြီးတော့ ပျက်စီးလာကြတယ် ဆိုသလိုပေါ့ဗျာ။ အထူးသဖြင့်၊ စိတ်ဓာတ်ပိုင်းက ပျက်စီးလာကြတာ။ တခြားတော့ မဟုတ်ဘူး။ သေရဲ့

mgyoe.com

မှာ ကြောက်လာကြတာ။ ဒီတော့ကာမှ၊ ဘာသာရေးတွေ၊ သံသရာတွေ၊ ဘာတွေညာတွေ အကုန်လုံး စုပြုံတွေးတော့တာ၊ ကိုး။ အဲဒီမှာတင်၊ အတွေး ခွေးစားတယ်ဆိုတဲ့ ကိစ္စတွေ ဖြစ်လာတာ။ အတွေး ခွေးစားတယ် ဆိုတာက၊ အတွေးအခေါ်တွေက တောင့်တောင့်တင်းတင်း မရှိတော့ဘူး။ တစ်ခြမ်းပဲ့တွေ၊ နှုတ်ခမ်းပဲ့တွေ ဖြစ်လာကြတာ။ ဒီတော့၊ ကျုပ်တို့ တိရစ္ဆာန်ရုံရဲ့ အုပ်ချုပ်ရေးအဖွဲ့ထဲက လူကြီးတွေရဲ့မြင်ပုံ ပြောင်းလာကြ တယ်။ ဒို့ပြင်၊ မိန်းမတွေကလည်း မသိမသာ တို့တာ ပါတယ်။ တိရစ္ဆာန် ကလေးတွေကို လှောင်အိမ်ထဲမှာ ထားတာ သနားစရာရယ်လို့ ပြောလာ ကြတယ်။ ကျုပ်ကတော့ အဲဒီလို မမြင်ဘူး။ တိရစ္ဆာန်ရုံရဲ့ အုပ်ချုပ်ရေး မှူးတစ်ယောက်အနေနဲ့ ပြောနေတာ မဟုတ်ပါဘူး။ သာမန်လူတစ်ယောက် အနေနဲ့ ပြောတာပါ။ ခင်ဗျားတို့ စဉ်းစားကြည့်။ တိရစ္ဆာန်ရုံထဲက တိရစ္ဆာန် တွေဟာ အပြင်က လူတွေထက်တောင် ဟန်ကျသေးတယ်။ အချိန်တန် စားရတယ်။ အိပ်ရာနေရာမှာ လုံခြုံစိတ်ချရတယ်။ တောထဲမှာလို ကြံ့နိုင် ငယ်ညှဉ်း မရှိဘူးဗျာ။ စိတ်ချလက်ချ အိပ်နိုင်၊ စားနိုင်တယ်။ လွတ်လွတ် လပ်လပ် မေထုံမှီဝဲနိုင်တယ်။ ဘာလိုသေးလဲ။ လူတွေကမှ၊ ရှာရဖွေရ၊ ရုံးသွားရ၊ ဂတ်သွားရ ဆိုတာတွေ ရှိသေးတယ်။ ကျုပ်ရဲ့ တိရစ္ဆာန်ရုံထဲက တိရစ္ဆာန်တွေမှာ ဒီကိစ္စတွေ မရှိဘူး။ ဘာအပူအပင်မျှ မရှိဘူး။ ဆင်ကြီး တွေဆိုရင်၊ ရေချိုးပေးတဲ့လူတောင် ရှိသေးတယ်။ ဒီတော့၊ ဘာကို သွား သနားရမှာတုံး။

တစ်နေ့တော့၊ တိရစ္ဆာန်ရုံ အုပ်ချုပ်ရေးအဖွဲ့က အရေးပေါ် အစည်း အဝေး လုပ်တယ်။ အဲဒီမှာ၊ ပူညံပူညံ ဖြစ်လာတဲ့ကိစ္စကို ဆွေးနွေးကြ တယ်။ ဒီကိစ္စကတော့၊ တိရစ္ဆာန်ရုံထဲက တိရစ္ဆာန်တွေ လှောင်အိမ်ထဲမှာ ထားခံရတဲ့အတွက် တိရစ္ဆာန်တို့ ရသင့်တဲ့ အခွင့်အရေး မရကြဘူး၊ ဆိုပဲ။ အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးတစ်ယောက်က ဒီကိစ္စကို ရေးကြီးခွင့်ကျယ် လုပ် ပြောလာရာက၊ တိရစ္ဆာန်ရုံရဲ့ ရှေ့ရေးကို ထည့်ပြောလာကြရတော့ တယ်။ အုပ်ချုပ်ရေးအဖွဲ့ရဲ့ နာယကကြီးကတော့၊ အသက်ကလည်း ကြီး၊ နောက်ဆုံးယူထားတဲ့ မယားခပ်ငယ်ငယ်ရဲ့ စကားကလည်း နားဝင်နေ လေတော့၊ တိရစ္ဆာန်ရုံကြီး ပိတ်ပစ်ချင်တယ်လို့ပဲ ခပ်ပြောင်ပြောင် ပြော

mgyoe.com


တယ်။ ရှေ့နားဆီမှာ၊ ကျုပ် ပြောခဲ့တဲ့အတိုင်းပဲ။ ကျန်တဲ့ အဖွဲ့ဝင်လူကြီးတွေကလည်း၊ သံသရာဆိုတာကို ထည့်တွေးတဲ့အရွယ် ရောက်လာလေတော့၊ ကောင်းသားပဲရယ်လို့ သံယောင်လိုက်ကြပါလေရော။ ဆိုင်းနောက်ထများလို တစ်သံတည်း ထွက်လာတယ်။ ဒီတော့၊ နာယကကြီးက ကျုပ်ကို မေးတယ်။ မင်း၊ သဘောကရော၊ ဘယ်လိုလဲ၊ တဲ့။ ဒီတော့၊ ကျုပ်က ရှင်းရှင်းပဲ ဖြေလိုက်တယ်။ တိရစ္ဆာန်ရုံကို ပိတ်ပစ်ဖို့၊ ဆက်ဖွင့်ထားဖို့ ဆိုတာတွေကို ကျွန်တော် မဆုံးဖြတ်နိုင်ဘူး။ ဆက်ဖွင့်ထားရင် တိရစ္ဆာန်တွေကို တာဝန်ယူ စောင့်ရှောက်ဖို့ကသာ၊ ကျွန်တော့်အလုပ်၊ ပိတ်ပစ်လိုက်ရင် ကျွန်တော့်မှာ အလုပ်မရှိတော့တဲ့အတွက်၊ ကျွန်တော့် စားဝတ်နေရေးအတွက် အလုပ်ရှာရမယ်။ လောလောဆယ်တော့၊ သန့်ရှင်းကုန်း အုပ်ချုပ်ရေးအတွက် လူလိုတယ်လို့ ကြားထားတယ်။ ကျွန်တော် ပြောချင်တာကတော့ တိရစ္ဆာန်ရုံ ပိတ်ပစ်လိုက်မယ်လို့ ဆုံးဖြတ်ကြမယ်ဆိုရင်ဖြင့် ကျွန်တော့်အတွက် အဲဒီအလုပ်ကလေး ရအောင်သာ ဆောင်ကြဉ်းပေးကြပါလို့ ကျွန်တော်က ပြောလိုက်မိတယ်။ ဒီတော့လည်း၊ နာယကကြီးက မင်းကို တို့ စောင့်ရှောက်ပါ့မယ်ကွာလို့ ကတိပေးတယ်။ ဒီတော့လည်း၊ ပြီးသွားတာပဲ။ ကျွန်တော့်အတွက် သိပ်ပူစရာ မရှိတော့ဘူး။ တိရစ္ဆာန်ရုံကို ပိတ်ပစ်လိုက်မယ်လို့ပဲ ဆုံးဖြတ်လိုက်ကြတယ်။

တိရစ္ဆာန်ရုံ ပိတ်ပစ်တယ်ဆိုတာက စက်ရုံတစ်ရုံ ပိတ်ပစ်တာမျိုး၊ မဟုတ်ဘူး။ တိရစ္ဆာန်တွေရဲ့ ကိစ္စက ထည့်စဉ်းစားလာရတယ်။ တိရစ္ဆာန်ရုံကို ပိတ်ပစ်တယ်လို့ ပြောရပေတဲ့၊ တကယ်လုပ်ရတာက တိရစ္ဆာန်ရုံထဲက လှောင်အိမ်တွေ ဖွင့်ပစ်ရတာ။ လှောင်အိမ်ကို ဖွင့်လိုက်ရတယ်ဆိုရုံနဲ့လည်း မပြီးပြန်ဘူး။ တိရစ္ဆာန်တွေ သွားဖို့နေရာက လိုတယ်။ ဒီကိစ္စအတွက်တော့၊ ကျွန်တော်က အကြံပေးလိုက်တယ်။ ကျွန်တော်တို့ တိရစ္ဆာန်ရုံဟာ တောစပ်နဲ့ နီးနေလေတော့၊ တိရစ္ဆာန်တွေကို တောထဲမောင်းထုတ်လိုက်ရုံပဲ။ အလျင်ဆုံး၊ အန္တရာယ်ပေးနိုင်တဲ့ အကောင်ကြီးတွေကိုတော့ လှောင်အိမ်ထဲထည့်ပြီး တောထဲယူသွား။ တောထဲရောက်ကာမှ လွှတ်ပေးလိုက်။ ကျန်တဲ့၊ အကောင်ငယ်တွေကိုတော့ လှောင်အိမ်တွေ ဖွင့်ပေးလိုက်။ လူစုလူဝေးနဲ့ တောထုတ်သလိုမျိုး ဝိုင်းပြီး အော်ဟစ်

mgyoe.com

mgyoe.com SAMPLE BOOK


လိုက်ကြရင် တောထဲ ဝင်ပြေးသွားကြမှာပဲလို့ ကျွန်တော်က ပြောလိုက်တယ်။ ဒီတော့၊ အားလုံးက သဘောကျကြတယ်။ ဒီလိုနဲ့၊ တိရစ္ဆာန်ရုံကြီး ပိတ်ပစ်မယ်လို့ ကြေညာလိုက်တယ်။ ကြေညာလိုက်ရုံတင် မကဘူး၊ တိရစ္ဆာန်တွေကို တောထုတ်ပွဲလုပ်ဖို့ပါ စီစဉ်ကြရတယ်။ လိုရင်း ပြောရရင်တော့၊ အရာရာ အဆင်ပြေပြေနဲ့ အောင်မြင်စွာ ပြီးဆုံးသွားတယ်လို့ ပြောရမှာပါပဲ။ ပြဿနာတစ်ခု ရှိသွားတာက၊ တိရစ္ဆာန်တွေကို လှောင်အိမ်ထဲမှာ ထည့်ထားတာ မကြိုက်တဲ့၊ တိုးတက်တယ်ဆိုတဲ့ လူငယ်ပိုင်းမှာ လုပ်စရာ မရှိတော့တာပဲ။ အပြစ်တင်ဖို့၊ အခွင့်အရေးတောင်းဆိုစရာမရှိ၊ ဖြစ်သွားကြတယ်။ ဒါကတော့၊ တိုးတက်တယ်ရယ်လို့ ပြောနေကြတဲ့ လူငယ်ပိုင်းရဲ့ ပြဿနာပဲ။ သင်းတို့မှာ၊ တစ်ခုခုကို အရေးဆိုနေရမှ၊ တောင်းဆိုနေရမှ။ အဲဒီလိုမှ မလုပ်ရရင် မတိုးတက်ဘူးလို့ ထင်နေကြတာ၊ ကိုး။ သစ်ပင်တွေ၊ မြစ်ချောင်းတွေ၊ ရာသီဥတုတွေ၊ သူ့ဘာသာ ဟုတ်နေကြတဲ့ကိစ္စထဲ၊ သင်းတို့က နည်းနည်းလေးတော့ ဝင်ပါလိုက်ရမှ၊ နှမ်းဖြူးလိုက်ရမှ၊ ဆရာလုပ်လိုက်ရမှ။ သင်းတို့မှာက လည်း၊ သဘာဝတရားကြီးကိုပဲ ဆရာလုပ်ပြနေစရာ ရှိနေတာ၊ ကိုး။ ဒီလိုမှ၊ မဟုတ်ရင်၊ အသက်ရှူဖြောင့်ကြပုံ မပေါ်ဘူး။ နောင်များဆိုရင်၊ သင်္ချိုင်းထဲ မြှုပ်ထားတဲ့ လူတွေဟာ မြေမြှုပ်ခြင်းခံရလို့၊ ချုပ်နှောင်ထားသလို ဖြစ်နေတဲ့အတွက် လူ့အခွင့်အရေး အပြည့်မရကြဘူးရယ်လို့များ အရေးဆိုကြမလားတော့၊ မသိပါဘူး။ နိုင်ငံပေါင်းချုပ်အသင်းကြီးဆီက ချာတာတာအကောင်တွေ ရေးထားတဲ့ ချာတာဆိုတာထဲ အဲဒီကိစ္စများ ပါလေသလား၊ မသိဘူး။ ကျုပ်တော့၊ ဒီအထိ မပြောတတ်ဘူး။

ခုတော့၊ တိရစ္ဆာန်ရုံဟာ တိရစ္ဆာန်ရုံဟောင်းကြီး ဘဝကို ပြောင်းသွားတယ်။ သို့ပေသိ၊ အကျိုးတော့ မယုတ်ဘူး။ စီးပွားရေးသမား တစ်ယောက်က ကုန်လှောင်ရုံလုပ်မယ်ဆိုပြီး ဝယ်လိုက်တယ်။ ကျုပ်လည်း၊ အလုပ်သစ် ရတယ်။ သို့ပေတဲ့လည်း၊ တိရစ္ဆာန်ရုံကိစ္စက မပြတ်သေးပြန်ဘူး။ တိရစ္ဆာန်ရုံထဲက လွှတ်လိုက်တဲ့ အကောင်ငယ်ကလေးတွေကို တောစပ်ဆီမှာ တွေ့ရတယ်လို့ ကြားလာရတယ်။ ဒ့ါပြင်၊ တချို့အပြောကတော့ ယုန်လို၊ ပူးလို အကောင်ငယ်ကလေးတွေကတော့ နွားကျောင်းသားတွေ၊

mgyoe.com

mgyoe.com SAMPLE BOOK

အရပ်ထဲက ကာလသားတွေရဲ့ လောက်လေးခွဒဏ် ခံနေကြရသတဲ့။ ကျုပ်ကတော့၊ ဘာမျှ မတတ်နိုင်တော့ဘူး။ ကျုပ်နဲ့ မဆိုင်တော့ဘူး။ တိုးတက်တယ်ဆိုတဲ့ အကောင်တွေ တောင်းဆိုကြတဲ့အတိုင်း လူကြီးတွေက လိုက်လျောကြတာ။ သူတို့က ဆုံးဖြတ်ကြတာ။ ကျုပ်လည်း၊ တိရစ္ဆာန်ရုံရဲ့ အုပ်ချုပ်ရေးမှူးမှ မဟုတ်တော့ဘဲ။ တိရစ္ဆာန်တွေရဲ့ နေရေးသေရေးဟာ ကျုပ်နဲ့ မဆိုင်တော့ဘူး။ သို့ပေသိ၊ တိရစ္ဆာန်ရုံရဲ့ အုပ်ချုပ်ရေးမှူးဖြစ်ခဲ့တယ်ဆိုတဲ့ အတိတ်ပုဒ် အရင်းခံဂုဏ်ရည်တစ်ရပ်ကြောင့် တိရစ္ဆာန်တွေရဲ့ သတင်းစုံ ကျုပ်ကို လာပြောနေကြတယ်။ သူတို့ သွားပြောဖို့ကောင်းတာက အရင်က တိရစ္ဆာန်ရုံ အုပ်ချုပ်ရေးအဖွဲ့ရဲ့ လူကြီးတွေကိုပဲ။ ခက်သွားတာ တစ်ခုက၊ တိရစ္ဆာန်ရုံ မရှိတော့၊ အုပ်ချုပ်ရေးအဖွဲ့လည်း မရှိတော့ဘူး။ အုပ်ချုပ်ရေးအဖွဲ့ရဲ့ နာယကကြီးလည်း သူ့မိန်းမ တခြားလူနောက် လိုက်သွားကတည်းက ရူးသလို ကြောင်သလို ဖြစ်နေတယ်။ တခြားအဖွဲ့ဝင်တွေလည်း သူ့ကိစ္စနဲ့သူ ဖြစ်နေကြတယ်။ ဒီတော့လည်း၊ ကျုပ်ဆီပဲ လာပြီး တိုင်တည်နေကြပြန်တော့တယ်။ ကျုပ်က၊ ဘာတတ်နိုင်မှာမို့လဲ။

တစ်မနက်တော့၊ နယ်ပိုင်ကြီးတစ်ယောက် ကျုပ်ဆီ ပေါက်ချလာတယ်။ လမ်းကြုံလို့ ဝင်လာတယ်လို့ ထင်မိတာ။ မဟုတ်ဘူး။ တောစပ်ဆီမှာ ကျားကြီးတစ်ကောင် လဲနေလို့၊ တဲ့။ ဘာလုပ်ကြရမယ်မှန်း မသိလို့ လိုက်ကြည့်ပေးစမ်းပါ ဆိုပဲ။ အမှန်မှာတော့၊ ကျုပ်၊ တိရစ္ဆာန်တွေနဲ့ မပတ်သက်ချင်တော့ဘူး။ ကျုပ်၊ ပြတ်ခဲ့ပြီ။ သို့ပေသိ၊ ကျားကြီးတစ်ကောင် ဆိုတာနဲ့ ဗလကြီးကို သွားသတိရလိုက်မိတယ်။ ဗလကြီးက ကျုပ်၊ တိရစ္ဆာန်ရုံမှာ အုပ်ချုပ်ရေးမှူး မဖြစ်ခင်ကလေးမှာတင်၊ တိရစ္ဆာန်ရုံထဲမှာ မွေးတာ။ ကျုပ်၊ အုပ်ချုပ်ရေးမှူးဖြစ်လာတော့၊ ကျုပ်အိမ်မှာ၊ ကျုပ် ရုံးခန်းထဲမှာ လျှောက်သွားနေသေးတယ်။ တိရစ္ဆာန်ရုံထဲမှာတင် မွေးပြီး ကြီးရတာမို့၊ တောထဲမှာမွေးတဲ့ ကောင်တွေလို မဟုတ်တော့ဘူး။ တောအကြောင်းလည်း မသိဘူး။ သို့ပေသိ၊ အစားကောင်း စားနေခဲ့ရတော့ အကောင်ကြီးလို့ ကျုပ်က ဗလကြီးလို့ နာမည်ပေးထားတယ်။ သူ့ကို တောထဲ သွားလွှတ်တဲ့နေ့က လှောင်အိမ်က လွှတ်ပေးလိုက်ပေတဲ့၊ မသွား

mgyoe.com

mgyoe.com


တတ် မလာတတ် ဖြစ်နေတယ်။ သွားတော့၊ ဗလကြီးရေ၊ သွားပေတော့ လို့ ကျုပ်ပါးစပ်က အကြိမ်ကြိမ် ထွက်သွားသေးတယ်။ ခု၊ နယ်ပိုင်ကြီး က ကျားကြီးတစ်ကောင်လို့ ပြောလိုက်တာနဲ့ ဗလကြီးပဲ ဖြစ်မယ်လို့ တွေးလိုက်မိတယ်။ ကျုပ်လည်း၊ သူ့ကို ကြည့်နေကျ ဆရာဝန်ကလေး ကိုပါ ဝင်ခေါ်လိုက်ကြတယ်။ တောစပ်ရောက်တော့၊ ဗလကြီးကို တွေ့ ရတယ်။ တောစပ်ဆီမှာ လှဲနေတယ်။ သိပ်လှုပ်ရှားနိုင်ပုံ မရဘူး။ ဒါနဲ့ပဲ၊ ဆရာဝန်ကလေးက အနားကပ်ပြီး ကြည့်လို့ရအောင် မေ့ဆေးသေနတ်နဲ့ လှမ်းပစ်ခိုင်းတယ်။ နောက်တော့မှ၊ ကျုပ်တို့လည်း အနားသွားပြီး ကြည့် ကြတယ်။ ဗလကြီးခမျာ တိရစ္ဆာန်ရုံထဲက လွှတ်လိုက်ကတည်းက အစား အသောက် မှန်မှန်စားရပုံ မပေါ်ဘူး။ အတော့်ကို ပိန်သွားတယ်။ အစာ ရေစာ ပြတ်နေပုံရတယ်။ ပြတ်ဆို၊ အမဲမှ မလိုက်တတ်တော့ပဲ။ သူ့နောက် ဘက် တစ်ခြမ်းမှာလည်း၊ တခြားအကောင် တစ်ကောင်ကောင်က ကိုက် ထားပုံရတယ်။ ဒဏ်ရာက အတော်ကြီးတယ်။ ဆရာဝန်ကလေး အပြော ကတော့၊ အတော့်ကို အားနည်းနေရှာသတဲ့။ ဆရာဝန်ကလေးက ကျုပ်နဲ့ နယ်ပိုင်ကြီးကို ကြည့်ပြီး ဘာလုပ်စေချင်သလဲလို့ မေးတယ်။ ဒီတော့၊ နယ်ပိုင်ကြီးက ကျုပ်ကိုကြည့်ပြီး ဆရာကြီးသဘောပဲလို့ ဆိုတယ်။ ဆရာ ဝန်ကလေးက ကြားဝင်ပြီး ပြောတယ်။ ဒီအတိုင်းထားရင်၊ ချည့်နဲ့ပြီး အစာပြတ် ရေပြတ်နဲ့ သေမှာပဲ။ မဟုတ်ရင်၊ တစ်ကောင်ကောင်က ကိုက် လို့၊ လူတွေက သတ်လို့ သေမှာပဲ၊ တဲ့။ ဒီတော့လည်း၊ ကျုပ်က၊ ဗလ ကြီးအတွက် အကောင်းဆုံးဖြစ်အောင်သာ ခင်ဗျား လုပ်လိုက်ပါ၊ လို့ ဆရာဝန်ကလေးကို ပြောပြီး၊ လှည့်ထွက်ခဲ့တော့တယ်။

အပြန်လမ်းမှာ ကျုပ်ဘာသာ အတော်ခံစားရမိတယ်။ ဒေါသလည်း ထွက်တယ်။ ထွက်ဆို၊ ကျုပ် ကြားရ၊ သိရသရွေ့ကတော့၊ တိရစ္ဆာန်ရုံ ထဲက လွှတ်လိုက်တဲ့ တိရစ္ဆာန် သုံးပုံ နှစ်ပုံလောက်ဟာ လွတ်လပ်ခြင်း အရသာကို မခံစားရဘဲ၊ သေကုန်ကြပြီ ဆိုတာပဲ။ လွတ်လပ်ခြင်းဟာ သူတို့အတွက် အပြစ်ဒဏ်ပဲ။ ဒီတော့လည်း၊ ကျုပ်စိတ်ထဲမှာ မကောင်း မိဘူး။ အဲဒီတုန်း နယ်ပိုင်ကြီးက ဒီကိစ္စ ဒီလိုထားလို့တော့ မဖြစ်သေး ဘူး။ ကျုပ် အစည်းအဝေးခေါ်ဦးမယ်လို့ ပြောတာနဲ့ ကျုပ်လည်း ခေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

ညိတ်လိုက်တယ်။ ဆရာကြီးလည်း၊ အစည်းအဝေး တက်စမ်းပါ။ ဆရာကြီးက အရေးကြီးတယ်လို့ ပြောတာနဲ့ ကျုပ်လည်း ထပ်ပြီး ခေါင်းညိတ်ပြလိုက်တယ်။ တကယ်တော့၊ တိရစ္ဆာန်ရုံနဲ့ တိရစ္ဆာန်တွေနဲ့၊ ကျုပ် မပတ်သက်ချင်တော့ဘူး။ အဲဒီညနေက၊ မြို့နယ်စာကြည့်တိုက်မှာ နယ်ပိုင်ကြီးဦးဆောင်တဲ့၊ အစည်းအဝေးလုပ်တယ်။ တိုးတက်တယ်ဆိုတဲ့ အကောင်တွေလည်း လာကြတယ်။ နယ်ပိုင်ကြီးက တိရစ္ဆာန်ရုံက လွှတ်လိုက်တဲ့ တိရစ္ဆာန်တွေ အသတ်ခံကြရတာ၊ အစာငတ် ရေပြတ် ဖြစ်နေတာ၊ စတဲ့ အကြောင်းတွေ ပြောပြီး ဘယ်လိုစောင့်ရှောက်ကြရင် ကောင်းမယ်ဆိုပြီး၊ အသင်းအဖွဲ့ကလေးတစ်ခုလုပ်ဖို့ သူက ဦးဆောင်တယ်။ ပြီးတော့၊ တိရစ္ဆာန်တွေနဲ့ ပတ်သက်လို့ အများဆုံး ပြောနိုင်တာကတော့၊ ဟောဒီက ဆရာကြီးပဲလို့ ညွှန်းပြီး၊ တစ်ခုခု ပြောပါဦးလို့ နယ်ပိုင်ကြီးက ပြောတယ်။ ကျုပ်ကလည်း ပြောချင်နေတာနဲ့ အတော်ပဲ။ ကျုပ်ကတော့၊ ခင်ဗျားတို့ သိထားကြတဲ့အတိုင်း အရင်က တိရစ္ဆာန်ရုံရဲ့ အုပ်ချုပ်ရေးမှူးပါ၊ လို့ ပြောပြီး၊ အစချီလိုက်တယ်။ နောက်တော့၊ ခုလို ဆက်ပြောလိုက်မိတယ်။ ခု၊ နယ်ပိုင်ကြီး ကြီးမှူးပြီး တိရစ္ဆာန်တွေကို စောင့်ရှောက်ဖို့ လုပ်တာနဲ့ ပတ်သက်လို့ ကောင်းပါတယ်လို့ပဲ ပြောပါရစေ။ ကျုပ်ကတော့ ကိုယ်တိုင်ကိုယ်ကျ မပါဝင်ပါရစေနဲ့တော့။ တိရစ္ဆာန်ရုံရဲ့ အုပ်ချုပ်ရေးမှူးဘဝက တိရစ္ဆာန်တွေကို အကောင်းဆုံးဖြစ်အောင် စောင့်ရှောက်ခဲ့တယ်။ အချိန်မှန် စားရတယ်။ ကျန်းမာရေးအတွက် မပူရဘူး။ အတိုင်းအတာတစ်ခုအထိ လှုပ်ရှားနိုင်တယ်။ ဒေါင်းတွေဟာ ဒေါင်းလို က,နိုင်ပြီး၊ မျောက်တွေဟာ မျောက်လို ဆော့နိုင်တယ်။ ဘာအန္တရာယ်မျှ မရှိဘူး။ ဒါပေတဲ့၊ ခင်ဗျားတို့အထဲက တိုးတက်တဲ့အမြင် ရှိတယ်ဆိုတဲ့ လူတွေက၊ တိရစ္ဆာန်တွေကို လှောင်အိမ်တွေ၊ ခြံဝင်းကြီးတွေနဲ့ ထားတဲ့အတွက် မလွတ်လပ်ဘူး။ လွှတ်ပေးရမယ်လို့ လူစုလူဝေးနဲ့ အရေးဆိုကြတယ်။ ဒီတော့၊ နားငြီးမခံနိုင်တဲ့ လူကြီးတွေ၊ ခေါင်းရှုပ်မခံချင်တဲ့ လူကြီးတွေက တိရစ္ဆာန်ရုံကို ပိတ်ပြီး၊ တိရစ္ဆာန်တွေကို လွှတ်ပေးလိုက်တယ်။ ခုတော့၊ ခင်ဗျားတို့ မြင်ကြ၊ ကြားကြတဲ့အတိုင်းပဲ။ ကျုပ်အနေနဲ့ ပြောချင်တဲ့ အချက်ကတော့၊ လွတ်လပ်တယ်ဆိုတာက အရာရာအတွက် အဖြေတစ်ခု မဟုတ်ဘူး။

mgyoe.com

mgyoe.com


လွတ်လပ်ခြင်းတိုင်းမှာ တာဝန်ယူမှုဆိုတာ လိုအပ်တယ်။ တာဝန်ယူမှု မရှိတဲ့ လွတ်လပ်မှုမှန်သမျှဟာ ရမ်းကားမှုဘက်ဆီ ရောက်သွားတာပဲ။ ဒီပြင်၊ လူစုလူဝေးနဲ့ အရေးဆိုလို့ ရလာတဲ့ ရလဒ်တိုင်းဟာ ကောင်းကျိုး တစ်ခု ဖြစ်လာမယ်ရယ်လို့ အမြဲ မျှော်လင့်မထားနိုင်ဘူး၊ ဆိုတာပဲ။ ကျုပ် အနေနဲ့တော့ ဒါပဲ ပြောပါရစေလို့ ပြောပြီး၊ ထထွက်ခဲ့တယ်။ အားလုံး ငြိမ်နေကြတယ်။ နယ်ပိုင်ကြီးကတော့ ပြီးတဲ့အထိ နေပါဦးလား၊ ဆရာ ကြီးလို့တော့ ပြောသေးတယ်။ ကျုပ်က ခေါင်းခါပြလိုက်မိတယ်။ ကျုပ် မှာလည်း ကျုပ်တာဝန်နဲ့ ကျုပ်။

တိရစ္ဆာန်ရုံကြီး ပိတ်သွားကတည်းက ကျုပ်လည်း အလုပ်သစ် မှာ။ ခုတော့၊ အထိုင်ကျစပြုလာပါပြီ။ ကျုပ်ကတော့၊ ခုဆို၊ မျက်မမြင် နဲ့ ဆွံ့အ နားမကြားကျောင်းက ကျောင်းအုပ်ကြီးပါ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အကျဉ်းသားတွေ

...

if Peter Piper picked a peck of pickled peppers,
where's the peck of pickled peppers Peter Piper picked?

John Harris (1756-1846)

ဝန်မင်းရဲ့ ရုံးခန်းထဲကို အကျဉ်းသားတွေ ရောက်လာကြတယ်။ ဒီ၊ ဝန်မင်းကို သူတို့ မသိဘူး။ တစ်ခါကမျှလည်း မတွေ့ဖူးဘူး။ ဝန်မင်းရဲ့ ရုံးခန်းထဲ ရောက်လာကြတယ်ဆိုတာ ဝန်မင်းက ဖိတ်လို့။ ဖိတ်ရတာကလည်း အကြောင်းရှိတယ်။ ဟိုတလောဆီက အကျဉ်းသားတွေနဲ့ စစ်သေနာပတိကြီးတစ်ဦးနဲ့ တွေ့ကြတယ်။ စစ်သေနာပတိကြီးက အကျဉ်းသားတွေနဲ့ ရင်းနှီးတယ်။ စစ်သေနာပတိကြီး ဆိုပေတဲ့လည်း သူများတိုက်ပြီးသား စစ်မြေပြင်ကို သွားကြည့်တာကလွဲလို့ စစ်မြေပြင်မှာ တကယ် စစ်မတိုက်ဖူးဘူး။ ဒါပေတဲ့၊ ဝန်မင်းတွေအားလုံးကို အုပ်ချုပ်ရတဲ့ ဝန်မင်းထိပ်ခေါင် အဖေနဲ့ သူ့အဖေက ကျောင်းနေဖက်ဆိုတော့၊ ဝန်

mgyoe.com

mgyoe.com SAMPLE BOOK

မင်းထိပ်ခေါင်ရာထူး ရလာတဲ့အခါ သူ အားကိုးရမယ့်စစ်သူကြီးကို ရှာတယ်။ သူ့အဖေ သူငယ်ချင်းရဲ့သားကို တွေ့တာနဲ့ စစ်သေနာပတိကြီး ရာထူးပေးလိုက်တာ။ စစ်သေနာပတိကြီးနဲ့ အကျဉ်းသားတွေကတော့ ဟိုစဉ်ကတည်းက ပြောနိုင်ဆိုနိုင်ကြတဲ့ လူတွေ။ ဟိုးတလောဆီက တွေ့ကြတော့၊ ထွေရာလေးပါး ပြောရင်း အကျဉ်းသားတစ်ယောက်က ပြောတယ်။ မင်းတို့ ဝန်မင်းနဲ့ မင်းနဲ့ဆိုရင်၊ မင်းက သူ့အထက်ကလို ဖြစ်နေတယ်။ ပုံမှန်တော့ မင်းက သူ့လက်အောက်က၊ မဟုတ်လား။ ဒါပေတဲ့ မင်းက ဝန်မင်းထိပ်ခေါင်နဲ့ ရင်းနေတော့ မင်းတို့ ဝန်မင်းက မင်းကို လန့်နေရတာပေါ့။ အကြောင်းသင့်တဲ့အခါများ ငါတို့ကို ဘယ်လိုလုပ်ပြီး လွှတ်ပေးနိုင်မယ်ဆိုတာ ပြောဆိုကြည့်စမ်းပါလို့ ပြောလိုက်တယ်။ စစ်သေနာပတိကြီးက ငါ ပြောကြည့်ပေးမယ်။ ငါ၊ စစ်သေနာပတိကြီး ဖြစ်ကာမှ ငါ့သူငယ်ချင်းတွေ မလွှတ်ရင် မင်းတို့ ဘယ်တော့မှ လွှတ်မှာ မဟုတ်တော့ဘူးလို့ ပြောတယ်။ သေနာပတိကြီးက အကြောင်းသင့်တဲ့ တစ်နေ့မှာတော့ သူ့သူငယ်ချင်း အကျဉ်းသမားတွေအကြောင်း သူ့ရဲ့ ဝန်မင်းကို တိုးတိုးတိတ်တိတ် ပြောပြလိုက်တယ်။ ဒါကြောင့်၊ လေးငါးလလောက် ကြာသွားတဲ့ တစ်နေ့မှာ ဝန်မင်းက အကျဉ်းသားတွေကို သူ့ရုံးခန်းဆီ လာတွေ့ဖို့ ဖိတ်လိုက်တာ။

* * *

ဝန်မင်းရဲ့ရုံးခန်းမှာ စစ်သေနာပတိကြီးလည်း ရောက်နေတယ်။ သူကပဲ ဝန်မင်းကို အကျဉ်းသားတွေနဲ့ မိတ်ဆက်ပေးတယ်။ ဝန်မင်းကတော့ ဝန်မင်းပီသစွာ ပဋိသန္ထာရစကား ဆိုတယ်။ နောက်တော့၊ သူ့အနေအထားကို တည့်တည့်ပဲ ပြောတယ်။ ရှင်တို့ကို ခုမှ ကျွန်မ တွေ့ရသိရတာပါလို့ ပြောနေတုန်း ဝန်မင်းရဲ့ အတွင်းဝန်မင်းက ဝန်မင်းရှေ့မှာ ဖိုင်တွဲတစ်ခု လှန်ပြီး ချပေးတယ်။ ဝန်မင်းက ဖြည်းဖြည်းချင်း လှန်ကြည့်နေရင်း သူ့အတွင်းဝန်မင်းကို လှည့်ကြည့်လိုက်ပြီး ငါက ဘာဖြစ်လို့ ဒီအကြောင်းတွေ မသိရတာတုံးလို့၊ မေးလိုက်တယ်။ အတွင်းဝန်မင်းကတော့ ထိတ်လန့်တုန်လှုပ်သွားပုံ မရဘူး။ ဒီ၊ ကိစ္စ ရှိနေခဲ့တာ ရှေးကတည်း

mgyoe.com SAMPLE BOOK

ကပဲ။ ကျွန်တော်ဟာ အတွင်းဝန်မင်းအဖြစ် လုပ်ကိုင်ခဲ့တာ အနှစ်နှစ်ဆယ် ကျော်ပါပြီ။ ဒီလိုမျိုး၊ အကျဉ်းသားတွေလည်း ရှိခဲ့တာ ကျွန်တော် အတွင်း ဝန်မင်းဘဝ မရောက်ခင်ကတည်းပါ။ တချို့လည်း အကျဉ်းသားဘဝနဲ့ ပဲ ခေါင်းချသွားခဲ့ကြရပါတယ်။ ခေါင်းချသွားတဲ့ အကျဉ်းသားတချို့ရဲ့ တိုးတိုးတိတ်တိတ် အသုဘပွဲတွေကိုလည်း ကျွန်တော် တက်ခဲ့ဖူးပါတယ်။ အကျဉ်းသား အများစုဟာ သူတို့ကို လူသိသူသိ မခံချင်ကြသူတွေ များ ပါတယ်။ ဝန်မင်းအနေနဲ့ကတော့လည်း သူတို့တစ်တွေ ရှိနေတယ် ဆို တာကို သိစရာ အကြောင်းမရှိပါဘူး၊ လို့ အရှည်ကြီး ရှင်းပြတယ်။ ဝန် မင်းက ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ ဖိုင်တွဲထဲကို စိတ်ဝင်တစားနဲ့ ကြည့်ရင်း ဖတ်နေတယ်။ တချို့ဟာတွေကိုတော့ နားလည်ပုံမရဘူး။ နားလည်ပုံမရဆို သူကိုယ်တိုင်ကလည်း ဝန်မင်းထိပ်ခေါင်က ခန့်လိုက် လို့ ဝန်မင်းဖြစ်လာတာ။ လူမှုရေးစစ်မြေပြင်၊ တိုက်ခိုက်ရေးစစ်မြေပြင် ဆိုတာတွေအကြောင်းကို ဘာမှ မသိဘူး။ ဝန်မင်းထိပ်ခေါင်က ဝန်မင်း ချုပ်ရာထူး ရလာတော့ ဘုရင်ခံချုပ်က သူ့ကို ပြောတယ်။ ကျုပ်တို့ တိုင်း ပြည်ဟာ စစ်မက်ကို မလိုလားဘူး။ လူကြမ်းလူရမ်းတွေ မဟုတ်ဘူး ဆို တာကို ပေါ်လွင်အောင်၊ ဘေးလူက အဲဒီလို မြင်လာအောင် စစ်မက်ရေး ရာ ဝန်မင်းအဖြစ် အမျိုးသမီးတစ်ယောက် ခန့်ကြရအောင်လို့၊ အကြံပေး တယ်။ ဒီလိုနဲ့၊ စစ်ဘက်နဲ့နီးစပ်တဲ့ အမျိုးသမီးတစ်ယောက် ရှာနေတုန်း ဝန်မင်းထိပ်ခေါင်ကတော်က သူ့သူငယ်ချင်း ကျောင်းနေဖက် အမျိုးသမီး ကို ခန့်ဖို့ အဆိုတင်သွင်းတယ်။ သူ့သူငယ်ချင်း အလုပ်လုပ်တဲ့ ပျော်ပွဲ စားရုံမှာ စစ်ဘက်က အရာရှိကြီးတွေ လာပြီး စားသောက်တတ်ကြတော့ ဒီအမျိုးသမီးဟာ စစ်ဘက်နဲ့ အဆက်အသွယ်ရှိတယ်။ စစ်မက်ရေးရာက လူတွေနဲ့ တိုက်ရိုက်အတွေ့အကြုံ ရှိတယ်၊ တဲ့။ ဒီလိုနဲ့၊ အဲဒီအမျိုးသမီး လည်း စစ်မက်ရေးရာဝန်မင်း ဖြစ်လာတော့တာ။ စိတ်ရင်းကောင်းတော့ ရှိတဲ့ပုံပဲ။ ပျော်ပွဲစားရုံမှာ လုပ်ခဲ့တယ်ဆိုတော့လည်း ဆက်ဆံရေး ကောင်း တယ် ဆိုတာကတော့ အထူးပြောစရာ မလိုဘူး။

ဖိုင်တွဲထဲက စာရွက်တွေကို ဖတ်နေရင်း အကျဉ်းသားတွေကို လှမ်းကြည့်လိုက်ပြီး ကျွန်မအနေနဲ့ လုပ်နိုင်တာ .. လို့ပဲ ပြောရသေးတယ်။

mgyoe.com

အတွင်းဝန်မင်းက ထလာပြီး ဝန်မင်းအနေနဲ့ ဘာမှ မလုပ်နိုင်ပါဘူး။ ဒီတော့၊ ဘာကတိမှ မပေးစေချင်ဘူးလို့ ပြောပြီး၊ တားလိုက်တယ်။ ဘာဖြစ်လို့လဲလို့၊ ဝန်မင်းက အံ့အားသင့်တဲ့အကြည့်နဲ့ ပြန်ကြည့်ရင်း မေးလိုက်တော့၊ အခု၊ ဝန်မင်းရဲ့ရုံးခန်းမှာ သူတို့ကို ခေါ်တွေ့တာဟာ ဝန်မင်းလုပ်နိုင်တဲ့ အတိုင်းအတာ အကုန်ပါပဲ။ ရှေ့ဆက်ပြီး ဘာလုပ်ရမယ်၊ ဘာလုပ်နိုင်တယ် ဆိုတာကို နိုင်ငံတော်ရှေ့နေချုပ်ကို မေးမြန်းရပါမယ်။ နိုင်ငံတော်ရှေ့နေချုပ်ကသာ အဆုံးအဖြတ်ပေးနိုင်မှာပါ။ ကျွန်တော့်အတွေ့အကြုံအရ ပြောရရင်တော့၊ ဒီကိစ္စကို ကိုင်တွယ်ရမယ့် အနိမ့်ဆုံးပုဂ္ဂိုလ်ကတော့ ဝန်မင်းထိပ်ခေါင်လို့ ကျွန်တော် နားလည်ထားပါတယ်လို့၊ အတွင်းဝန်မင်းက ပြောတယ်။

ဒီလိုနဲ့၊ အကျဉ်းသားတွေလည်း ဘာမှ မပြောသာတော့ဘူး။ စစ်မက်ရေးရာဝန်မင်းနဲ့ စစ်သေနာပတိကြီးကတော့ နိုင်ငံတော်ရှေ့နေချုပ်နဲ့ တိုင်ပင်ပြီး ဝန်မင်းထိပ်ခေါင်ကို သွားတွေ့မယ်။ ဒီကိစ္စ တင်ပြမယ်လို့တော့ ကတိပေးကြတယ်။ ကတိပေးဆို၊ သူတို့အလုပ်ကလည်း ကတိပေးတာလောက်ပဲ လုပ်ကြရတာ၊ ကိုး။

* * *

ထုံးစံအတိုင်းပဲ၊ ဝန်မင်းထိပ်ခေါင်က အလုပ်များတယ်။ ဒါပေတဲ့လည်း၊ နိုင်ငံတော်ရှေ့နေချုပ်ရယ်၊ စစ်မက်ဆိုင်ရာ ဝန်မင်းရယ်၊ စစ်သေနာပတိကြီးရယ်က တွေ့ချင်တယ်ဆိုတော့ မအားလပ်တဲ့ကြားထဲက အချိန်ပေးပြီး လက်ခံတွေ့ဆုံရတယ်။ အမှန်တော့၊ သကြားမသုံးတဲ့ အချိုရည်စက်ရုံဖွင့်ပွဲ တက်မယ်ရယ်လို့။ လေးပွင့်ဆိုင် အစည်းအဝေးမှာ အဓိကကတော့ စစ်သေနာပတိကြီးပဲ။ သူက ရှင်းပြရတာ များတယ်။ အကျဉ်းသားတွေဟာ သူနဲ့လည်း ပုဂ္ဂိုလ်ရေးအရ ခင်မင်တယ်။ အကျဉ်းသားတွေသာ လူမသိ သူမသိနဲ့ အကျဉ်းချခံထားရလို့ ခုအသက်အရွယ်မှာတော့ သူတို့ကို လွှတ်ပေးဖို့ ကောင်းပြီဆိုတာ ရှင်းပြတယ်။ ဝန်မင်းထိပ်ခေါင်ကတော့ သိပ်မသေချာဘူး။ မသေချာဆို မဲရအောင် လုပ်ပြီးအာဏာရလာတာဆိုတော့လည်း တိုင်းပြည်မှာ ဘာဖြစ်လို့ ဖြစ်နေမှန်း

mgyoe.com SAMPLE BOOK

မသိဘူး။ မသိတာ မှန်သမျှ သူ့လက်ထောက်တွေကို လှမ်းမေးရတယ်။ လက်ထောက်တွေကလည်း သိပ်သေချာလှတာ မဟုတ်ဘူး။ နောက်ဆုံးတော့ ဝန်မင်းထိပ်ခေါင်က ကျွန်တော်က လွှတ်လိုက်တယ်လို့ လုပ်လို့ဖြစ်လားလို့ မေးတယ်။ ဒီတော့မှ၊ နိုင်ငံတော်ရှေ့နေချုပ်က ခင်ဗျားက လွှတ်ပေးလိုက်လို့တော့ ဖြစ်တယ်။ ဒါပေတဲ့၊ တရားမဝင်ဘူး။ ဘာဖြစ်လို့ တရားမဝင်ရမှာတုံး။ ကျုပ်က ဝန်မင်းထိပ်ခေါင်ပဲ။ တရားဝင်တယ်၊ မဝင်ဘူး ဆိုတာက ကျုပ်ပါးစပ်ထဲက ထွက်တာပဲ မဟုတ်လားလို့၊ ပြန်မေးတယ်။ ဒီတော့၊ နိုင်ငံတော်ရှေ့နေချုပ်က ရှင်းပြတယ်။ ခင်ဗျားပါးစပ်က ထွက်သမျှဟာ တရားတယ်၊ မတရားဘူး ဆိုပေတဲ့ တရားဥပဒေ ဆိုတာက ခင်ဗျားက လုပ်ထားတာ မဟုတ်ဘူး။ တရားဥပဒေဆိုတာက သီးခြားအဆောက်အအုံ။ ခင်ဗျား၊ မပိုင်ဘူး။ ပိုင်တယ်လို့ မြင်ထားလို့လည်း မဖြစ်ဘူး။ ဒီ၊ အကျဉ်းသားတွေက နိုင်ငံတော်နဲ့ဆိုင်တဲ့ အကျဉ်းသား။ တကယ်တမ်း ပြောမယ်ဆိုရင် ခင်ဗျား ရထားတဲ့ အာဏာဟာ သူတို့အပေါ် မလွှမ်းမိုးနိုင်ဘူး။ သူတို့ဟာ သူတို့ရဲ့ သဘောတူညီချက်အရ အကျဉ်းချခံထားရတာလို့၊ နိုင်ငံတော်ရှေ့နေချုပ်က ရှင်းပြတယ်။ ဒီလိုဖြင့်၊ ဘယ်သူက သူတို့ကို လွှတ်ခွင့်ပေးနိုင်သလဲလို့ ဝန်မင်းထိပ်ခေါင်က မေးတယ်။ အနီးစပ်ဆုံး ကျွန်တော် မြင်တာ၊ ရှိရင်းစွဲ ဥပဒေလုပ်ထုံးတွေအရတော့ ဘုရင်ခံချုပ်ပဲ။ ဘုရင်ခံသက်သက်တောင် လွှတ်ခွင့်မပေးနိုင်ဘူးလို့ နိုင်ငံတော်ရှေ့နေချုပ်က ပြောပြတယ်။ ဝန်မင်းထိပ်ခေါင်လည်း သဘောကျသွားတယ်။ ဒီလိုဖြင့် ဟန်ကျတယ်။ ဒီ၊ တနင်္ဂနွေမှာ ဘုရင်ခံချုပ်က နေ့ခင်းဘက် လက်ဖက်ရည်သောက် ဖိတ်ထားတယ်။ လက်ဖက်ရည်သောက်ဖိတ်တယ် ဆိုပေတဲ့၊ ဘီယာတို့၊ ဝိုင်တို့ သောက်ကြမှာ။ နေ့ခင်း နှစ်နာရီထိုး၊ ပူပူလောင်လောင်မှာ အတ်ဖတာနူးတီးရယ်လို့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ သောက်ကြတာ။ ဘိုဆန်ပြချင်တဲ့ ဟောင်ကောင်မတွေ၊ စင်ကာပူမတွေ၊ အပျော်မယ်တွေ၊ ကိုလိုနီကို လွမ်းနေသေးတဲ့ ပြည်ကြီးဒါလီတွေလောက်ပဲလို့ ပြောပြီး သူ့ဘာသာ တဟားဟားနဲ့ ရယ်နေတယ်။ ဒီတော့လည်း ကျန်လူတွေကလည်း လိုက်ပြီး တဟားဟားနဲ့ ရယ်ကြတော့တယ်။ ရယ်သံတွေကြားမှာ အကျဉ်းသားတွေရဲ့ လွှတ်

mgyoe.com

mgyoe.com SAMPLE BOOK

လပ်ခွင့်ရရေးဟာ ခဏ ပျောက်ဆုံးသွားတယ်။ ဒါပေမဲ့၊ ဝန်မင်းထိပ်ခေါင်ကတော့ မျက်ခြည်ပြတ်မသွားဘူး။ သူတို့နဲ့ သက်ဆိုင်တာတွေအားလုံး ကော်ပီတစ်ခုကူးပြီး ကျုပ်ဆီ ပို့ပါ။ ကျုပ်လက်ထောက်တွေ ဖတ်လိမ့်မယ်။ ပြီးရင် အရေးကြီးတာတွေ ကျုပ်ကို ရှင်းပြမယ်။ ဒါမှလည်း၊ ကျုပ်က ဘုရင်ခံချုပ်ကို ရှင်းပြနိုင်မှာလို့ ပြောတယ်။ ခဏကြာအောင် ငြိမ်သွားကြတယ်။ ပြီးမှ၊ ဝန်မင်းထိပ်ခေါင်က မေးတယ်။ ဒီကိစ္စတွေကို ဟိုဟာမ သိသလား၊ တဲ့။ မျက်လုံးပြာပြာနဲ့ဟာမလားလို့ ရှေ့နေချုပ်က မေးတော့ ဝန်မင်းထိပ်ခေါင်က ခေါင်းညိတ်ပြတယ်။ နိုင်ငံတကာဆက်ဆံရေးနဲ့ ဆိုင်တယ်ဆိုပေတဲ့ ဒီဟာမက ဘာမျှ သိနေစရာ မလိုဘူး။ သူက လိုက်ကာရှေ့ ထွက်ပြတာ၊ ဟန်ရေးပြနေတာပဲ။ အကျဉ်းသားတွေက လိုက်ကာနောက်မှာ။ ပါတီတွင်း အာဏာလုကြတုန်းက ခင်ဗျားကို မဲပေးတာနဲ့ ခင်ဗျားက ဟိုဟာမကို နိုင်ငံတကာ ဆက်ဆံရေးမှာ နေရာပေးလိုက်တာပဲ မဟုတ်လား။ ခင်ဗျားကိုယ်တိုင်မှ ဒီအကျဉ်းသားတွေအကြောင်း မသိတာ၊ သူက ဘယ်လိုလုပ်ပြီး သိမှာတဲ့လဲလို့၊ နိုင်ငံတော်ရှေ့နေချုပ်က ပြောတယ်။ ဝန်မင်းထိပ်ခေါင်က ဘာမျှပြန်မပြောဘဲ ငြိမ်နေတော့တယ်။ စစ်သေနာပတိကြီးနဲ့ သူ့ရဲ့ ဝန်မင်းကတော့ ဖြည်းဖြည်းချင်း ခေါင်းညိတ်နေကြတယ်။

* * *

ဘုရင်ခံချုပ်ကို ဝန်မင်းထိပ်ခေါင်ရယ်၊ နိုင်ငံတော်ရှေ့နေချုပ်ရယ်၊ စစ်သေနာပတိကြီးရယ် သွားတွေ့ကြတယ်။ အထူးကိစ္စတစ်ရပ်အနေနဲ့ သွားကြတာတော့ မဟုတ်ဘူး။ တစ်လ တစ်ကြိမ်၊ ဘုရင်ခံချုပ်ဆီ အခစားဝင်တဲ့သဘောပဲ။ ဘုရင်ခံချုပ် ဆိုတာကလည်း ဧကရာဇ်မင်းမြတ်ရဲ့ ကိုယ်စားလှယ်၊ ကိုး။ သူ့ကိုယ်စား နိုင်ငံတော်ရဲ့ အကြီးအကဲအနေနဲ့ တာဝန်ပေးပြီး အုပ်ချုပ်ခိုင်းထားတာ။ ဘုရင်ခံချုပ် ဖြစ်ဖို့ကလည်း ဝိသေသထူးတဲ့ အရည်အချင်းမျိုးမှ မလိုဘဲ။ အရင်က တိုင်းပြည်ကို အုပ်ချုပ်သွားတဲ့ နိုင်ငံရေးပါတီက ထောက်ခံလိုက်လို့ ဧကရာဇ်မင်းမြတ်က သူ့ကို ဘုရင်ခံချုပ် ခန့်တာ။ ဘုရင်ခံချုပ်ကလည်း အရင်တုန်းက

mgyoe.com

mgyoe.com
SAMPLE BOOK

စစ်သေနာပတိတစ်ဦးပဲ။ သူလည်း၊ စစ်မြေပြင်ဆိုတာကို မြင်ဖူးတယ် ရှိအောင် သွားကြည့်ဖူးတာလောက်ပဲ။ တကယ်တမ်း တိုက်ရေးခိုက်ရေး ကောင်းတဲ့ စစ်သေနာပတိတွေက ဘုရင်ခံချုပ် မပြောနဲ့၊ စစ်မက်ရေးရာ ဝန်မင်း အလုပ်မျိုးတောင် လုပ်ချင်ကြတာ မဟုတ်ဘူး။

ပြောစရာ ဆိုစရာကိစ္စတွေ ပြီးသွားကြလို့ ဘုရင်ခံချုပ်က ယမကာ ကလေးများ သောက်ကြရအောင်ဗျာ။ ခြံထဲ ဆင်းထိုင်ရအောင်လို့ ပြော တယ်။ ဘုရင်ခံချုပ်ရဲ့ စံအိမ်တော်က ပင်လယ်ကွေ့ထိပ်မှာ။ ပင်လယ် ကွေ့တစ်ခုလုံးကို မြင်ရတယ်။ ခြံထဲမှာ ထိုင်ပြီး ဘီယာသောက်၊ ဝိုင် သောက် လုပ်နေကြတုန်း စစ်သေနာပတိကြီးက ဘုရင်ခံချုပ်ကို သူတို့ လာရင်းကိစ္စတွေနဲ့ တိုက်ရိုက်မသက်ဆိုင်တဲ့ ကိစ္စတစ်ခု ပြောခွင့်တောင်း တယ်။ ဘုရင်ခံချုပ်မှာကလည်း ဘာမျှ လုပ်စရာမရှိတော့ ပြောပါလို့ ပြောပြီး ခွင့်ပေးလိုက်တယ်။ ဒီတော့၊ စစ်သေနာပတိကြီးက အကျဉ်းသား တွေအကြောင်း ပြောတယ်။ သူ ပြောတာ နားမရှင်းရင် ဘုရင်ခံချုပ်က နိုင်ငံတော်ရှေ့နေချုပ်ကို လှမ်းမေးတယ်။ မဟုတ်ရင်၊ သူ့နောက်နားမှာ ထိုင်နေတဲ့ သူ့အတွင်းရေး အတွင်းဝန်ကို မေးတယ်။ အတွင်းရေး အတွင်း ဝန် ဆိုတာက စဉ်ဆက်မပြတ် အစိုးရဝန်ထမ်းဖြစ်လာခဲ့တော့ သိသင့်တာ တွေကို အတော်ကလေး သိတယ်။ ဒါပေတဲ့၊ အကျဉ်းသားတွေအကြောင်း ကို မသိဘူး။ ဒီတော့လည်း၊ စစ်သေနာပတိကြီးကပဲ အတော်ကလေး ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြရတယ်။ ဘုရင်ခံချုပ်က ဗြုန်းဆို တစ်ခုခု သတိရသွားသလိုပဲ။ စစ်သေနာပတိကြီး ပြောနေတုန်း သူက သူ့ဘာသာ ပြုံးရင်း ခေါင်းညိတ်နေတယ်။ စစ်သေနာပတိကြီး စကားဆုံးသွားတော့ နေဦး .. လို့ ပြောပြီး၊ အားလုံးကို စကားသတ်လိုက်တယ်။ ကျုပ်၊ စစ် သေနာပတိကြီးဘဝက ဟိုဘက်ကိုသွားတော့ ခင်ဗျား ပါတယ်မဟုတ် လားလို့ စစ်သေနာပတိကြီးကို မေးတယ်။ ပါတယ်၊ မပါဘူးကို သတ်သတ် ဖြေမနေတော့ဘဲ စစ်သေနာပတိကြီးက ကျွန်တော် ဗိုလ်မှူးကြီးချုပ် အဆင့်ပဲ ရှိပါသေးတယ်လို့၊ ပြန်ဖြေလိုက်တယ်။

ဟုတ်ပြီ။ အပြန်တော့ ကျုပ်တို့တပ်တွေရှိတဲ့ တစ်နေရာကို ဝင်ပြီး ညစာစားကြတယ်။ အဲဒီတော့၊ ခင်ဗျားပဲ ထင်တယ်။ ကျုပ်ကို လူသုံး

mgyoe.com

mgyoe.com SAMPLE BOOK


လေးယောက်နဲ့ မိတ်ဆက်ပေးတာ ..။ အဲဒီလူတွေများလားလို့၊ ဘုရင်ခံချုပ်က မေးတယ်။ စစ်သေနာပတိကြီးက အသာပဲ ခေါင်းညိတ်ပြတယ်။ ပါးစပ်ကတော့ ဘာမှ ဝင်မပြောဘူး။ ဘုရင်ခံချုပ် ပြောနေတာကို သူ့အသံနဲ့ မနှောင့်ယှက်ချင်တဲ့ သဘောပဲ။ ဒီလူတွေ ရှိကြသေးတယ် မဟုတ်လား။ ခင်ဗျား ပြောတာ သူတို့ပဲ၊ မဟုတ်လားလို့ ထပ်ပြီး မေးပြန်တာနဲ့ စစ်သေနာပတိကြီးက ခေါင်းညိတ်ရင်း ဟုတ်ပါတယ်လို့ ဖြေလိုက်တယ်။ ဘုရင်ခံချုပ်ကြီးက ပြုံးပြီး ခေါင်းညိတ်နေလို့ အားလုံးလည်း ငြိမ်နေကြတယ်။ ပြီးမှ၊ ပြောပြန်တယ်။ သူတို့ထဲက တစ်ယောက် ပြောတာကို ကျုပ် သိပ်ပြီး သဘောကျတာပဲ။ ဟိုး၊ ရှေးခေတ်ရဲ့ တရုတ်ပြည်က စစ်မက်ပါရဂူကြီးက ပြောသတဲ့။ မတိုက်ရဘဲ နိုင်တာ အကောင်းဆုံး၊ ဆိုပဲ။ ကျုပ်တောင်၊ အသိနောက်ကျသွားပေလို့။ အဲဒီလိုမျိုးသာ သိခဲ့ရင် စစ်ကျောင်း မတက်ဘူးလို့ ဆက်ပြောတယ်။ အားလုံးကလည်း ပြုံးနေကြတယ်။ ဒီလူတွေအတွက်ဆိုရင်ဖြင့် ကျုပ် လုပ်နိုင်တာ လုပ်ပေးမှာပဲ။ သူတို့ကြောင့် ကျုပ်တို့တွေ အထိနာတာ နည်းခဲ့ရတယ်။ ကျုပ်တို့ရဲ့ မဟာမိတ်တွေက ပိုခံရတယ်။ သင်းတို့မှာ ဒီလိုလူတွေမှ မရှိဘဲကိုးလို့၊ ပြောပြန်တယ်။ ပြီးတော့ စစ်သေနာပတိကြီးကို ကြည့်ပြီး ခင်ဗျား ပြောတဲ့ ငြိနေတယ်ဆိုတဲ့ ကိစ္စကို ကျုပ် ဘာလုပ်ပေးလို့ ရမလဲလို့ မေးတယ်။

စစ်သေနာပတိကြီးက ပြန်ပြီး မဖြေရသေးခင် ဘုရင်ခံချုပ်ရဲ့ အတွင်းရေး အတွင်းဝန်က ကြားဖြတ်ပြီး ပြောတယ်။ ဘုရင်ခံချုပ်အနေနဲ့ ဘာမှ မလုပ်နိုင်ပါဘူး၊ တဲ့။ ဘုရင်ခံချုပ်က မေးခွန်းထုတ်မယ်လို့ ဟန်ပြင်နေတုန်း အတွင်းဝန်က ကျုပ်၊ ဆက်ပြောစမ်းပါရစေ ဆိုတဲ့သဘောမျိုးနဲ့ လက်ညှိုးထောင်ပြတယ်။ ပြီးတော့ ဆက်ပြောတယ်။ ဘုရင်ခံချုပ်ဟာ ဧကရာဇ်မင်းမြတ်က ခန့်ထားတဲ့ လူတစ်ယောက်ပါ။ ဒီ၊ တိုင်းပြည်က ဧကရာဇ်မင်းမြတ်ရဲ့ အမိန့်၊ ဥပဒေ ဆိုတာတွေအရ ဘုရင်ခံချုပ်က အုပ်ချုပ်နေရတာ။ ဘုရင်ခံချုပ်ဟာ တကယ်တော့ ဧကရာဇ်မင်းမြတ်ရဲ့ ကိုယ်စားလှယ်ပဲ။ ခု၊ ကိစ္စက ဧကရာဇ်မင်းမြတ်ရဲ့ ဥပဒေစည်းကမ်းတွေနဲ့ သက်ဆိုင်နေတဲ့ကိစ္စ။ ဒီ၊ နိုင်ငံဟာ ဧကရာဇ်မင်းမြတ်ရဲ့ ပိုင်နက်ပဲ။ သူ့ဥပဒေစည်းကမ်းတွေပဲ။ ဒီတော့၊ အဆုံးအဖြတ်ပေးနိုင်တာက သူပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်လထဲမှာ၊ ကေရာဇ်မင်းမြတ်ဆီ အခစားဝင်တဲ့အခါ ဘုရင်ခံချုပ် အနေနဲ့ ကေရာဇ်မင်းမြတ်ဆီမှာ သီးခြားတွေ့ဆုံခွင့် တောင်းပြီး ဒီကိစ္စကို ရှင်းပြနိုင်ပါတယ်။ အတွင်းရေး အတွင်းဝန် ပြောပြီးသွားတော့ ဘယ်သူကမှ ဘာမျှမပြောဘူး။ အတော်ကလေး ကြာကာမှ ဘုရင်ခံချုပ်က သူ့ရဲ့ အတွင်းရေး အတွင်းဝန်ကို လှမ်းမေးလိုက်တယ်။ ဒီလိုဖြင့် ကျုပ်က ဘာမျှ မလုပ်နိုင်ဘူးပေါ့၊ တဲ့။ အတွင်းရေး အတွင်းဝန်ကတော့ ပြုံးစိစိနဲ့ ပြန်ဖြေတယ်။ ဘုရင်ခံချုပ်အနေနဲ့ကတော့ ကေရာဇ်မင်းမြတ် မသွားချင်တဲ့ တိုင်းပြည်ငယ်တွေ သွားလည်၊ ဟိုမှာ တွေ့တဲ့လူတွေနဲ့ လက်ဆွဲနှုတ်ဆက်၊ ညစာစားပွဲလေး ဘာလေး တက်၊ ဒီမှာလည်း၊ အုတ်ဖုတ်စက်ရုံအသစ် ဖွင့်ပွဲသွားပြီး ဖဲကြိုးဖြတ် ဖွင့်ပေးတာမျိုးတွေတော့ လုပ်စရာ ရှိပါတယ်လို့ ပြောတယ်။ ကျန်တဲ့လူတွေကတော့ ဘာမျှမပြောပေမဲ့ မရဲတရဲ ပြုံးရင်း မျက်နှာလွှဲထားတယ်။ ဘုရင်ခံချုပ်ကတော့ အသေအချာ စဉ်းစားနေပုံရတယ်။

* * *

ကေရာဇ်မင်းမြတ်ထံ အခစားဝင်ပြီးတဲ့နောက်တစ်နေ့မှာ ဘုရင်ခံချုပ်က ကေရာဇ်မင်းမြတ်နဲ့ သီးခြားတွေ့ဆုံခွင့် ရတယ်။ ကေရာဇ်မင်းမြတ်ကိုယ်တိုင်ကလည်း ဘုရင်ခံချုပ်နဲ့ တွေ့ချင်နေတာ။ အဓိက အကြောင်းကတော့ ဘုရင်ခံချုပ်ကို လွှဲထားတဲ့ တိုင်းပြည်က နိုင်ငံရေးသမားတွေက တိုင်းပြည်ကို ခေတ်နဲ့အညီ သမ္မတနိုင်ငံ ထူထောင်ကြမယ်ရယ်လို့ လှုံ့ဆော်နေကြတဲ့ကိစ္စ။ အဲဒီလို ဖြစ်လာခဲ့ရင်၊ အလကားလိုလို ရနေတဲ့ ကေရာဇ်မင်းမြတ်ရဲ့ နှစ်စဉ်ဝင်ငွေထဲက ဒေါ်လာ သန်းနှစ်ဆယ်လောက် အသာကလေး လျော့သွားနိုင်တယ်။ ကေရာဇ်မင်းမြတ်က ဘုရင်ခံချုပ်ကို သူ့ရဲ့ နွေရာသီစံအိမ်တော်မှာ လက်ခံတွေ့ဆုံတယ်။ လက်တစ်ကမ်း တိုင်ပင်စရာရှိ တိုင်ပင်ရအောင် ကေရာဇ်မင်းမြတ်က တရားတဘောင်မှာ ကျွမ်းတဲ့ သူ့ရဲ့ တရားဥပဒေဆိုင်ရာ အတိုင်ပင်ခံချုပ်ကိုလည်း ခေါ်ထားတယ်။

ကေရာဇ်မင်းမြတ်ရဲ့ ပြဿနာကတော့ ရှင်းတယ်။ ဘုရင်ခံချုပ်က လွယ်လွယ် ရှင်းပြလိုက်တယ်။ ခေတ်သစ်လွန်ကာလရဲ့ နိုင်ငံရေးသမား

mgyoe.com

mgyoe.com  SAMPLE BOOK 

တွေ ပါးစပ်က ဘာတွေချည်း ပြောနေနေ၊ ကြွေးကြော်နေနေ သူတို့ရဲ့ အခွင့်အရေးနဲ့ ကျော်ကြားမှုကိုတော့ အထိမခံဘူး။ သမ္မတနိုင်ငံ ဖြစ်လာခဲ့ရင် မင်းတို့ သွားလေရာ ပိုက်ဆံအိတ်ကိုင် လိုက်နေကြတဲ့ ဘဏ်တွေ၊ လုပ်ငန်းတွေ၊ ခရိုနီတွေ ဘယ်သူမျှ လိုက်ကြတော့မှာ မဟုတ်တော့ဘူး။ မင်းတို့ မိန်းမတွေလည်း လက်ကိုင်အိတ်ကြီးကြီး ကိုင်ပြီး ပွဲထိုင်တက်နိုင်ကြတော့မှာ မဟုတ်ဘူး။ မင်းတို့ရဲ့ သားသမီးတွေလည်း မကြာမကြာ ဆွစ်ဇာလန်သွားပြီး ရေခဲမုန့် စားနိုင်ကြတော့မှာ မဟုတ်ဘူးလို့ ပြောပြလိုက်ရင်၊ ငြိမ်သွားမှာပါလို့ ပြောလိုက်တော့၊ ဇကေရာဇ်မင်းမြတ်လည်း အတော့်ကို ကျေနပ် သဘောကျသွားတယ်။ ဇကေရာဇ်မင်းမြတ် ဘဝင်ကျသွားပုံရတာနဲ့ ဘုရင်ခံချုပ်က သူ့ လာရင်းကိစ္စကို တင်ပြတယ်။ အကျဉ်းသားတွေကို လွှတ်ပေးဖို့။ အကျဉ်းသားတွေရဲ့ အဓိကပြဿနာက သူတို့ကိုယ်တိုင် သဘောတူ ရေးထိုးခဲ့မိတဲ့ သဘောတူညီချက်ကြောင့်ပါပဲလို့ ရှင်းပြတယ်။ ပြီးတော့၊ အကျဉ်းသားတွေ လုပ်ဆောင်ပေးခဲ့တဲ့အကြောင်းတွေ ရှင်းပြတယ်။ ဒီလူတွေက ကျုပ်တို့၊ ခင်ဗျားတို့အတွက်၊ တပ်တွေအတွက် အများကြီး လုပ်ပေးခဲ့တာပဲလို့ ကောက်ချက်ချရင်း နေပါဦး၊ သူတို့က သူတို့ဘာသာ လွတ်လွတ်လပ်လပ် နေချင်ပြီလို့ ခင်ဗျားက ပြောတာ။ သူတို့ နားတဲ့အခါ နိုင်ငံတော်ရဲ့ပင်စင်၊ သက်ကြီးပင်စင် နှစ်ခုစလုံး လိုချင်လို့လားလို့၊ မေးတယ်။ ဟာ၊ ဒီလိုမဟုတ်ပါဘူးလို့ ဘုရင်ခံချုပ်က အံ့အားသင့်သွားရင်း ချက်ချင်း ပြန်ဖြေတယ်။ ကနဦးကတည်းက ဘာမျှော်လင့်ချက်မျှ မထားဘဲ လုပ်ခဲ့တဲ့ လူတွေ။ သူတို့ ဦးနှောက်ကို သူတို့ ပြိုင်ကြည့်နေတဲ့ လူတွေပါ။ ဘုရင်ခံချုပ်က ဆက်ပြောရင်း ရှင်းပြတယ်။

သူတို့တစ်သိုက်က ကျွန်တော်တို့နဲ့ လာပြီး အလုပ်လုပ်ကြရာမှာ 'ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုကို လိုအပ်လာသည့်အခါတိုင်း ကာလ–ဒေသ မရွေး တာဝန်ထမ်းဆောင်ရန် ကျွန်ုပ်တို့က အသင့်ရှိနေကြပါမည်'ဆိုပြီး လက်မှတ်ရေးထိုးထားတာ ရှိပါတယ်။ အဲဒီအချက်က သူတို့ကို ထိန်းချုပ်ထားသလိုဖြစ်ပြီး၊ သူတို့ဟာ အကျဉ်းသားတွေလို ဖြစ်နေတာပါလို့၊ ဘုရင်ခံချုပ်က ရှင်းပြလိုက်တယ်။ ဇကေရာဇ်မင်းမြတ်ကတော့ လွယ်လွယ်

mgyoe.com

mgyoe.com

SAMPLE BOOK


ပဲ တွေးလိုက်ပုံရတယ်။ စာချုပ်စာတမ်း ရေးထိုးထားတယ်ဆိုရင်တော့ ဆွဲဖြဲပစ်လိုက်ပေါ့ဗျာ။ သူတို့ အနားယူချင်ကြတယ်ဆိုရင် နားပေစေပေါ့။ မဟုတ်ပေဘူးလားလို့ မေးပြော ပြောတယ်။ ဘုရင်ခံချုပ်က ဆက်ပြီး မပြောရသေးခင် ဥပဒေဆိုင်ရာ အတိုင်ပင်ခံချုပ်က ကျွန်တော် ပြောပါရစေလို့ ကြားဖြတ် ပြောလိုက်တယ်။ ကေရာဇ်မင်းမြတ်က ဘာမျှ ပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်လို့ ဥပဒေဆိုင်ရာ အတိုင်ပင်ခံချုပ်က ပြောတယ်။ ကေရာဇ်မင်းမြတ်အနေနဲ့ ဒီလို ကတိကဝတ်ပြုထားတာကို ဘာမျှ မလုပ်နိုင်ပါဘူး။ လက်မှတ်ထိုးထားတဲ့ စာရွက်ကို ဆွဲဖြဲပစ်လည်း ပစ်–ပစ်ပဲ နေမယ်။ ဒါက လုပ်ထုံးပါ။ ကေရာဇ်မင်းမြတ်ရဲ့ ဘိုးဘေးဘီဘင် လက်ထက်ကတည်းက ရှိနေခဲ့တဲ့ နိုင်ငံတော်ကြီးများအတွင်းက သီးခြား လုပ်ထုံးတွေပါ။ အက်ဥပဒေလို့ ခေါ်ရလိမ့်မယ်။ နိုင်ငံတော်ရဲ့ အကျိုး စီးပွား၊ အထူးသဖြင့် လုံခြုံရေးဆိုင်ရာ လုပ်ဆောင်မှုတွေအတွက် ပတ်သက်နေသူတွေရဲ့ သီးခြားထားရှိတဲ့ ကတိကဝတ်ပြုမှုတွေပဲ။ ယူနီဖောင်း ဝတ်တွေမှာ ထားရှိတဲ့ ကတိကဝတ်ပြုမှုမျိုး။ ဆရာဝန်တွေ စောင့်စည်း အပ်တဲ့ ကိုယ်ကျင့်တရားဆိုင်ရာမျိုးတွေထက် ကျပ်တည်းတယ်။ ဒီလို ကတိကဝတ်ပြုထားသူတွေဟာ သူတို့ သိ–သိသမျှ၊ ကြား–ကြားသမျှ တွေကိုတောင် အတိုင်းအတာတစ်ခုအထိပဲ ပြန်လည်ဖော်ထုတ်ခွင့် ရှိတယ်။ ကေရာဇ်မင်းမြတ်ကိုတောင် သူတို့ သိထားသမျှ အားလုံးကို ပြောမပြနိုင်ဘူး။ ကေရာဇ်မင်းမြတ်က သူတို့ကို အမိန့်ပေးလို့ မရဘူး။ ဒါပေတဲ့လည်း၊ နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ပတ်သက်ရင် အမြင့်ဆုံး လွတ်လပ်ခွင့် ရထားတဲ့သူတွေ။ ဒီလိုလူတွေဟာ အကျပ်အတည်းပေါင်း များစွာ အထဲမှာ လွတ်လပ်နေကြတဲ့ လူတွေပါ။ ကေရာဇ်မင်းမြတ်သာမက ဘယ်လိုပုဂ္ဂိုလ်မျိုးကမှ သူတို့ ထားရှိခဲ့တဲ့ ကတိကဝတ်ပြုမှုတွေကို ပယ်ဖျက်မပေးနိုင်ဘူး။ အထူးသဖြင့်၊ ခေတ်သစ်ကို လွန်မြောက်လာတဲ့ ကာလကြီးမှာ ကေရာဇ်မင်းမြတ် အပါအဝင် ဘယ်သူကမျှ ဥပဒေရဲ့အထက်က မနေနိုင်ကြတော့ပါဘူး။ ပါလီမန်စနစ် အခြေခံပဒေသရာဇ်စနစ် ဖြစ်နေပါပြီ။ ဒီ၊ အကျဉ်းသားတွေဟာ တစ်ချိန်တစ်ခါက သူတို့ဆန္ဒအလျောက် ကတိကဝတ်ပြုခဲ့တာနဲ့ ငြိနေတာ။ နိုင်ငံကြီးသားပီသတဲ့ လူ့အဖွဲ့အစည်း

mgyoe.com

mgyoe.com

SAMPLE BOOK


တွေထဲမှာတော့ ဩတ္တပ္ပစိတ် အခြေခံသိမှုနဲ့ နေတတ်တဲ့၊ ရှင်သန်နေတတ်တဲ့ လူတစ်စု ရှိနေတတ်ပါတယ်။ ဒီလူတွေဟာ သိသိကြီးနဲ့ ညာမနေနိုင်တဲ့ လူတွေပဲ။ သူတို့ ပြုမိတဲ့ ကတိကဝတ်ဟာ သေရာပါပဲ။ ဘယ်သူကမျှ ပယ်ဖျက်ပေးလို့ မရပါဘူးလို့ ဧကရာဇ်မင်းမြတ်ရဲ့ ဥပဒေဆိုင်ရာ အတိုင်ပင်ခံချုပ်က အရှည်အကျယ် ရှင်းပြတယ်။

ဧကရာဇ်မင်းမြတ်က သိပ်ကျေနပ်ပုံမရဘူး။ တစ်ခုခု ပြောမယ်လို့ လုပ်နေတုန်း သူ့ရဲ့ ဥပဒေဆိုင်ရာ အတိုင်ပင်ခံချုပ်က ဆက်ပြောပြန်တယ်။ တစ်ခုတော့ ရှိပါတယ်လို့ စကားခံရင်း မပြုံးသလို ပြုံးသလို မျက်နှာပေးနဲ့၊ ဥပဒေဆိုတာကလည်း ဟာကွက်တွေ၊ လျှို့ပေါက်တွေ ရှိနေပါသေးတယ်။ ဒါကြောင့်ပဲ ဥပဒေကို လက်တစ်လုံးကြား လှည့်တယ်ဆိုတဲ့ ဆိုရိုးစကားတစ်ခု ရှိနေခဲ့တာပါ။ 'ဒီလို' လို့ ဆိုတာတွေဟာ 'ဟိုလို' နဲ့ 'ဟော့ဟိုလို' မဟုတ်ပေတဲ့လည်း၊ 'ဒီလို' နဲ့ 'ဟော့ဒီလို' ကြားက ဟာတွေကို မရေမရာနဲ့ အတည်ပြုနိုင်ပါတယ်။ အသိအမှတ်မပြုဘဲလည်း နေနိုင်တယ်။ ဒီတော့၊ ဒီလူတွေ ထားရှိတဲ့ ကတိကဝတ်ပြုမှုကို ဧကရာဇ်မင်းမြတ်အနေနဲ့ မသိကျိုးကျွန်ပြုနိုင်ပါတယ်။ ဆိုလိုတာက၊ သူတို့ကို လိုအပ်တယ်ဆိုတာမျိုး ဖြစ်လာရင် ဆယ်ကြိမ်မှာ တစ်ကြိမ်၊ နှစ်ကြိမ်လောက်ပဲ ခေါ်ပြီး သုံး။ သူတို့ ထားရှိတဲ့ ကတိကဝတ်ကို မသိသလို၊ မရှိသလို သဘောထားပြရုံပဲလို့ ပြောတယ်။ ဧကရာဇ်မင်းမြတ်ကတော့ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ ဘုရင်ခံချုပ်ကတော့ ဘူးလုံး နားမထွင်း ဖြစ်နေပုံရတယ်။ သူကတော့လည်း၊ ဧကရာဇ်မင်းမြတ်ရဲ့ အခိုင်းခံ၊ ကိုး။ ဘာသော ညာသော မကွဲတဲ့လူ။ ဒီတော့၊ ပြန်မေးတယ်။ ဆယ်ကြိမ်မှာ တစ်ကြိမ်၊ နှစ်ကြိမ်ပဲ သူတို့ကို ခေါ်သုံးရမယ်ဆိုတော့ ကျန်တဲ့ ရှစ်ကြိမ်၊ ကိုးကြိမ်မှာ ဘယ်သူ့ကို ခေါ်သုံးရမှာလဲ၊ တဲ့။ ဧကရာဇ်မင်းမြတ် ကိုယ်တိုင်ကလည်း သူ့ရဲ့ ဥပဒေဆိုင်ရာ အတိုင်ပင်ခံကို ကြည့်နေတယ်။ ဒါကတော့၊ ကျွန်တော်တို့အားလုံးနဲ့ မဆိုင်ဘူး။ ဘုရင်ခံချုပ်ဆီက လုံခြုံရေးကောင်စီရဲ့ အတွင်းကြိုးဝိုင်းထဲက လူကြီးတွေ၊ စစ်သေနာပတိကြီးတွေနဲ့ ဆိုင်လိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ အကြံပေးနိုင်တာကတော့ ဒီအကျဉ်းသားတွေလို ဖြစ်လာမယ့် အကျဉ်းသား အလောင်းအလျာတွေ

mgyoe.com

mgyoe.com

SAMPLE BOOK


ထပ်ပြီး မွေးထားဖို့ပဲ။ အကျဉ်းသားတွေ စဉ်ဆက်မပြတ် ရှိနေအောင် လုပ်ထားဖို့ပဲလို့ ဥပဒေဆိုင်ရာ အတိုင်ပင်ခံချုပ်က ရှင်းပြတယ်။

ဇေကရာဇ်မင်းမြတ် မျက်နှာမှာ သနားစိတ်ရှိပုံပေါ်သွားတယ်။ သူ့ဘာသာသူ ပြောသလိုမျိုးနဲ့ ဒီ၊ အကျဉ်းသားတွေကို ကျုပ်တို့အနေနဲ့ အသိအမှတ်ပြုတဲ့ သဘောမျိုးနဲ့ ဘွဲ့တံဆိပ်တွေ ပေးရင် ကောင်းလေမလား။ ယူနီဖောင်းဝတ်တွေကို ပေးသလိုမျိုး။ ရင်ဘတ်မှာ အနီကလေးတွေ၊ အစိမ်းကလေးတွေနဲ့။ ရောင်စုံပေါ့ဗျာ။ ကြည့်လို့လည်း ကောင်းတယ်။ မဟုတ်လည်း၊ အရပ်သားထဲမှာ အမြင့်ဆုံးဘွဲ့တံဆိပ် ပေးတယ်ဆိုတာမျိုးလို့ ပြောတယ်။ ချက်ချင်းလိုပဲ ဘုရင်ခံချုပ်က ခေါင်းခါလိုက်ရင်း သူတို့ကတော့ လက်ခံလိမ့်မယ် မထင်ဘူးလို့ ပြောတယ်။ ဇေကရာဇ်မင်းမြတ်နဲ့ ဥပဒေဆိုင်ရာ အတိုင်ပင်ခံချုပ်ကတော့ ဘာမှ ဝင်မပြောဘဲ ဘုရင်ခံချုပ်က ဘာများ ဆက်ပြောမလဲဆိုတာကို နားစိုက်နေကြတယ်။ ဒီလူတွေဟာ ဇာတ်ဆရာလို လူမျိုးတွေ။ ဇာတ်လမ်းကို ရေးပေးတာ၊ စီမံပေးတာ၊ မီးရောင်တောက်တောက်အောက်က စင်ပေါ်တက်ပြီး လူတွေရှေ့မှာ အသုံးတော်ခံ၊ ကပြချင်တဲ့လူတွေ မဟုတ်ဘူး။ ကာရာအိုကေ ဆိုသလိုမျိုး သီချင်းသံနောက်ကို လိုက်ပြီး ဝါးဆိုတာမျိုး၊ ဆိုချင်သလို ဆိုတာမျိုး ကြိုက်တဲ့လူတွေ မဟုတ်ဘူး။ သူတို့ဦးနှောက်နဲ့ ဘာလုပ်နိုင်တယ်၊ ဘယ်လောက်အထိ လုပ်နိုင်တယ်ဆိုတာကို သိချင်တဲ့လူတွေ။ သူတို့ကိုယ်သူတို့ ပြိုင်နေတဲ့လူတွေ။ သူတို့ဘာသာ ဂုဏ်ယူနေတဲ့လူတွေ။ ဘာဘွဲ့တံဆိပ်ကမှလည်း သူတို့ရဲ့ ကျေနပ်မှုကို ပေးမှာ မဟုတ်ဘူး။ ဥပဒေအတိုင်ပင်ခံချုပ် ပြောသလို ဆယ်ခါမှာ တစ်ခါ၊ နှစ်ခါ ခေါ်သုံးရင်း သူတို့ကို အနားပေးတဲ့ သဘောမျိုးပဲထား။ ဒါပေတဲ့ သူတို့ရဲ့ လုပ်ပိုင်ခွင့်တွေကို အပြည့်ပေးထားတာက ပိုကောင်းမယ် ထင်တယ်လို့ ဘုရင်ခံချုပ်က ရှင်းပြတယ်။ ဥပဒေအတိုင်ပင်ခံချုပ်ကတော့ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ ဇေကရာဇ်မင်းမြတ်က ဘုရင်ခံချုပ်နဲ့ ဥပဒေအတိုင်ပင်ခံချုပ်ကို တစ်လှည့်စီ ကြည့်နေရင်းက ဒီလိုဖြင့် ဒီအကျဉ်းသားတွေဟာ တကယ်တော့ လွတ်လပ်ခွင့်မရှိသလိုဘဲ ဖြစ်နေတာပေါ့လို့ ပြောပြန်တယ်။ သူ့ဘာသာ ပြောနေသလို ပြောလိုက်တာ။ အားလုံး ငြိမ်သွားတော့မှ

mgyoe.com

mgyoe.com
SAMPLE BOOK


ဧကရာဇ်မင်းမြတ်ရဲ့ ဥပဒေအတိုင်ပင်ခံချုပ်က သက်ပြင်းရှည်တစ်ချက် ချလိုက်ရင်း ပြောလိုက်တယ်။ ဘာသာစကားအရ တိုင်းကြီးပြည်ကြီးသား များ ပြောလေ့ပြောထရှိတဲ့ စကားတစ်ခု ရှိပါတယ်။ 'ဥပဒေဘောင်အတွင်း' က ဆိုတဲ့ စကားလုံးပါ။ ဘောင်တစ်ခုခုအတွင်းထဲမှာ ကျေနပ်သာယာစွာ အသက်ရှင်နေထိုင်နေကြတဲ့ တိုင်းကြီးပြည်ကြီးသား မှန်သမျှဟာ အကျဉ်း သားတွေချည်းပါပဲ။ ဒီလူတွေကတော့၊ အဲဒီ အကျဉ်းသားတွေအတွင်း ထဲမှာ လွတ်လပ်မှုအပြည့်နဲ့ ထပ်ပြီး အကျဉ်းကျခံနေရတဲ့ လူတွေ ..။

* * *

ဘုရင်ခံချုပ်လည်း သူ့တိုင်းပြည် ပြန်ရောက်လာတာနဲ့ စစ်သေနာ ပတိကြီးနဲ့ နိုင်ငံတော်ရှေ့နေချုပ်ရယ်၊ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌဖြစ်တဲ့ ဝန်မင်းထိပ်ခေါင်ရယ်တို့ကို ခေါ်ပြီး အကျိုးအကြောင်းတွေ ရှင်းပြတယ်။ စစ်သေနာပတိကြီးနဲ့ နိုင်ငံတော် ရှေ့နေချုပ်တို့ကတော့ ဘာမျှ စောဒက မတက်ပေတဲ့ ဝန်မင်းထိပ်ခေါင်ကတော့ ဘဝင်ကျပုံမပေါ်ဘူး။ ကျွန်တော့် အမြင် ပြောရရင်တော့ ဒီလိုမျိုး အကျဉ်းသားတွေ ဖြစ်လာအောင် နှစ်ရှည် လများ လေ့ကျင့်ပျိုးထောင်မှု လိုပါတယ်။ ကျောင်းသင်ပညာ တစ်ခု တည်းနဲ့လည်း၊ ဒီလို ဖြစ်မလာနိုင်ဘူး။ ဒို့ပြင်၊ ဒီလို အသက်မွေးဝမ်း ကျောင်းမှုဟာ လူတိုင်း လိုလားတဲ့ အသက်မွေးဝမ်းကျောင်းမှုတစ်ခု မဟုတ်ဘူး။ ခု၊ ကျွန်တော်တို့မှာ ရှိနေတဲ့ အကျဉ်းသား လေးငါးဆယ် ယောက်ဟာ သူတို့ကိုယ်တိုင်ကလည်း လိုလိုလားလားနဲ့ သူတို့ရဲ့ ဉာဏ် ရည်ဉာဏ်သွေးကို ပြိုင်နေတဲ့လူတွေ။ သူတို့အတွေ့အကြုံတွေကိုလည်း နောက်လူတွေအတွက် မျှနေတာပါ။ ဒါပေတဲ့၊ ဆယ်ခါ တစ်ခါ၊ နှစ်ခါ ခေါ်သုံးဖို့ဆိုတာက မဖြစ်နိုင်ဘူး။ ကနေ့ခေတ် ကာလကြီးထဲမှာတော့ ဆယ်ခါမှာ ဆယ့်နှစ်ခါ ခေါ်သုံးဖို့ လိုနေတယ်။ သိနေတာကို မသိချင် ယောင် ဆောင်ရမယ် ဆိုတာကလည်း မဖြစ်နိုင်ဘူး။ ဘယ်လို လုပ်ရမှာ တုံးလို့ ဘုရင်ခံချုပ်ကို ဆင်ခြေဆင်လက်ပေးပြီး မေးလိုက်ပြန်တယ်။

ဘုရင်ခံချုပ်က အတော်ကြာအောင် စဉ်းစားနေပုံရတယ်။ ဘာမျှ ချက်ချင်းတော့ ပြန်မပြောဘူး။ အားလုံးလည်း ငြိမ်နေကြတယ်။ နောက်

mgyoe.com

mgyoe.com

တော့မှ ဝန်မင်းထိပ်ခေါင်ကို လှမ်းကြည့်လိုက်ပြီး ဖြည်းဖြည်းချင်း ပြောတယ်။ ခင်ဗျား မေးတဲ့ မေးခွန်းကို ကျုပ် မဖြေနိုင်ဘူး။ အဖြေလည်း မရှိဘူး။ ဒါပေတဲ့၊ ဒီလိုမျိုး အဖြေမရှိတဲ့ မေးခွန်းတွေကို အပြန်မှာ လမ်းတစ်လျှောက်လုံး ကျုပ် စဉ်းစားနေခဲ့မိတယ်။ စဉ်းစားလိုက်မိရတာက ဧကရာဇ်မင်းမြတ်ရဲ့ ဥပဒေအတိုင်ပင်ခံချုပ် ပြောတဲ့ စကားတစ်ခွန်းကြောင့်။ သူက ပြောတယ်။ 'ဘောင်တစ်ခုခုအတွင်းထဲမှာ ကျေနပ် သာယာစွာ အသက်ရှင် နေထိုင်နေကြတဲ့ တိုင်းကြီးပြည်ကြီးသား မှန်သမျှဟာ အကျဉ်းသားတွေချည်းပါပဲ'တဲ့။ ကျုပ် စဉ်းစားကြည့်မိတာကတော့ သူ ပြောတဲ့ 'ဘောင်တစ်ခုခု'ဆိုတာထက် ကျယ်ပြန့်တယ်။ ကျုပ်တို့ရဲ့ ဖြစ်–ရှိနေခြင်းကိုက အကျဉ်းကျနေတာပဲ။ အသက်ရှင်နေရတာကိုက ပြစ်ဒဏ်ကျခံနေရတာပဲ။ ရှန်းထွက်ပြေးနိုင်တဲ့ အခွင့်အရေး ရှိနေတာမှန်ပေတဲ့လည်း၊ ရှန်းထွက်မပြေးနိုင်ဘူး။ မပြေးရဲကြဘူး။ ဒီတော့လည်း၊ လွတ်လပ်ခြင်းဆိုတာဟာ ကျခံထားရတဲ့ ပြစ်ဒဏ်တစ်ခုပဲ ဖြစ်နေပြန်တယ်။ အင်း .. လို့ ပြောပြီး ဘုရင်ခံချုပ်က ဆက်မပြောတော့ဘဲ ရပ်နေတယ်။ အားလုံးက ဘုရင်ခံချုပ်ကို ကြည့်နေကြတယ်။ နောက်တော့၊ ဘုရင်ခံချုပ်က သာသာ ပြုံးလိုက်တယ်။ ပြီးမှ ဖြည်းဖြည်းချင်း အားလုံးကို ကြည့်လိုက်ရင်း၊ ဘုရင်ခံချုပ် ဖြစ်နေရတာဟာ ပြစ်ဒဏ်တစ်ခု ကျခံရတာပဲလို့ မြင်မယ်ဆိုရင်တော့လည်း ကျုပ်အဖို့ကတော့ ဒီ၊ ပြစ်ဒဏ်မျိုးဆိုရင်ဖြင့် သိပ်မဆိုးလှဘူးလို့ ပြောရမှာပဲဆိုပြီး ဆက်ပြောရင်း စကားအဆုံးသတ်လိုက်တော့တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အတိတ်ရဲ့တစ္ဆေကို ကျော့ပိုးထားသူတွေ

In 'No End to Envy', does the envy refer to admire or –
In the bad sense?

Charles Bernstein. 'A Test of Poetry'.

ကျွန်တော် အနားယူတော့မယ်ရယ်လို့ ပြင်ဆင်နေတုန်းက၊ တစ်နေ့တော့ ကျွန်တော့်ရဲ့ ရုံးခန်းထဲက စားပွဲအံဆွဲတွေ၊ မှတ်စုမှတ်ရာ ထည့်တဲ့ ဗီရိုတွေ စပြီး ရှင်းတယ်။ အဲဒီတုန်းမှာ၊ အမှတ်မထင်ပဲ၊ စာအိတ်ကြီးကြီးတစ်လုံးထဲမှာ ထည့်ထားတဲ့ ခရစ္စမတ်ကတ် အဟောင်းကလေးတွေ တွေ့မိတယ်။ ခုနေ ပြန်စဉ်းစားကြည့်တော့၊ ဘာလို့ သိမ်းထားခဲ့မိမှန်း မသိတော့ဘူး။ ကျွန်တော့်အနေနဲ့ ခုလို ခရစ္စမတ်ကတ်ကလေးတွေကို သိမ်းထားတဲ့ အလေ့အကျင့်မျိုး မရှိဘူး။ ကျွန်တော့်ဇနီးကတော့ သိမ်းလေ့ ရှိတယ်။ ကျွန်တော် သိမ်းထားမိခဲ့တဲ့ ခရစ္စမတ်ကတ်ကလေးတွေရဲ့ ထူးခြားတာတစ်ခုကတော့ ကျွန်တော့်ရဲ့ တပည့်ဟောင်း ငါးယောက်ဆီက ဆိုတာ၊ ပဲ။ တပည့်လို့ ဆိုပြန်ရင်လည်း သူတို့ဘက်က ကြည့်ရင်

mgyoe.com

mgyoe.com

သိပ်တော့ တရားလှမယ် မထင်ဘူး။ သူတို့ကို ကျွန်တော့်ဆီမှာ ပညာ လာယူကြတဲ့လူတွေလို့ ခေါ်မှ ပိုသင့်လေမလားပဲ။ သူတို့က၊ ကျွန်တော် ပို့ချတဲ့ ဘာသာရပ်ထဲက တစ်စိတ်တစ်ပိုင်းလောက်ကို လာပြီး ပညာယူ ကြတာ။ နှစ်ယောက်ကဆိုရင် ဘာမျှ စနစ်တကျ ပညာသင်ကြားလာခဲ့ တာ မဟုတ်ဘူး။ တည့်တည့်ပြောရရင်တော့၊ ဘယ်တက္ကသိုလ်မှာမှ မတက်ခဲ့ဖူးဘူး။ ဘာ၊ ဘွဲ့မျှ မရှိဘူး။ လုပ်ငန်းအတွေ့အကြုံကတော့ အများကြီးပဲ။ ကျွန်တော့်အနေနဲ့ကလည်း ဘွဲ့လွန်အဆင့်တွေလောက်ပဲ ပို့ချပေးတာဆိုပေတဲ့၊ ရံဖန်ရံခါ၊ အဲဒီလို လူမျိုးတွေကို သီးသန့် သင်ကြား ပေးရတတ်တယ်။ သင်ကြားပေးရတယ် ဆိုတာကလည်း၊ တစ်ကြောင်း ကြောင်းကြောင့်ပဲ။ တက္ကသိုလ်ရဲ့ အုပ်ချုပ်ရေးရုံးကနေ ကျွန်တော့်ကို သင်ကြားပေးဖို့ တောင်းခံလို့ သင်ကြားပေးရတာ။ အဲဒီထဲက၊ ကျန် သုံး ယောက်ကတော့ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု တက္ကသိုလ်ကြီးတွေ က ဘွဲ့လွန်အဆင့် သင်ယူလာခဲ့တဲ့လူတွေ။ တစ်ယောက်ကဆိုရင်၊ ကျွန် တော့်လိုပဲ ပီအိပ်(ချ)ဒီဘွဲ့ ရပြီးသား။ ကျွန်တော်ကတော့၊ သူတို့တစ်တွေ အကြားမှာ၊ သူ့ကို သတိရအနေဆုံးပဲ။

သူ၊ ကျွန်တော့်ဆီ ရောက်လာပုံကတော့ ပုံမှန်အတိုင်း၊ တက္ကသိုလ် ရဲ့ အုပ်ချုပ်ရေးရုံးရဲ့ တောင်းခံချက်အရတော့ မဟုတ်ဘူး။ တစ်နေ့ ညနေ ခင်းလောက်မှာ အိမ်မပြန်ခင်၊ တက္ကသိုလ်ရဲ့ လက်ထောက် အဓိပတိနဲ့ ဝင်တွေ့တယ်။ တွေ့ရတာကလည်း၊ သူ့အတွင်းရေးမှူးက ဒီအပတ်ထဲ အားတဲ့ တစ်ညနေခင်းမှာ လက်ထောက်အဓိပတိနဲ့ ခဏဖြစ်ဖြစ် လာတွေ့ ပါလို့ အကြောင်းကြားလို့။ လက်ထောက်အဓိပတိက ကျွန်တော့်ထက် ငါးနှစ်လောက် ငယ်မယ် ထင်တယ်။ လက်ထောက် အဓိပတိရုံးခန်း ရောက်သွားတော့၊ သူက အဓိပတိကြီးနဲ့ သွားစကားပြောရအောင်လို့ ပြောတယ်။ စကားပြောဖို့ဖြစ်ဖြစ်၊ နားထောင်ဖို့ဖြစ်ဖြစ်၊ ငါ့နှုန်းအတိုင်း ပေးရင်၊ ကန့်ကွက်စရာ မရှိပါဘူးလို့ ကျွန်တော်က နောက်လိုက်မိတယ်။ သူက၊ အဘိုးကြီးဆီမှာ စကော့တလန်က သူ့အမျိုးတွေ လက်ဆောင်ပေး ထားတဲ့ နှစ်ချို့ဝီစကီတွေ အပုံကြီးပဲလို့ ပြောရင်း လက်ပတ်နာရီကို တစ် ချက် ကြည့်လိုက်တယ်။ ပြီးတော့မှ၊ အချိန်ကတော့၊ အတော်ပဲလို့ ပြော

mgyoe.com

mgyoe.com

တာနဲ့ ကျွန်တော်တို့လည်း အဓိပတိကြီးရဲ့အခန်းဆီ သွားခဲ့ကြတယ်။ အဆင်သင့်ပဲ၊ အဓိပတိကြီးနဲ့ တွေ့ရတယ်။ လက်ထောက်အဓိပတိ ပြောသလို အချိန်ကိုက်ပဲ။ အဓိပတိကြီးက အနှစ်အစိတ်သား ဝီစကီကို လက်လုပ် ဘိုဟေမီယံ ဖန်ပုလင်းတစ်လုံးထဲ ပြောင်းထည့်နေတယ်။ နှစ်ချို့ ဝီစကီ ဆိုတာမျိုးကလည်း ဖောက်ပြီးပြီးချင်း သောက်တာထက်၊ ဖန်ပုလင်းထဲ ပြန်ပြောင်းထည့်လိုက်ပြီး၊ အပ,လေ ရှူခွင့်ပေးထားလိုက်ရင် အနံ့အရသာက တက်လာတတ်တာကိုး။ ဒါနဲ့ပဲ၊ ကျွန်တော်တို့ သုံးယောက်သား အဓိပတိကြီးရဲ့ အတွင်းစာဖတ်ခန်းထဲမှာ ဝီစကီကို မြည်းရင်း စကားပြောဖြစ်သွားကြတယ်။ ပြောနေကြရင်းက၊ ဘာ၊ ကိစ္စများ အထွေအထူး ပြောချင်လို့ ကျွန်တော့်ကို ခေါ်တယ်ဆိုတာ လက်ထောက်အဓိပတိကို လှမ်းကြည့်ရင်း မေးလိုက်မိတယ်။ သူက၊ ကျွန်တော့်ကို တစ်လှည့်၊ အဓိပတိကြီးကို တစ်လှည့် ကြည့်ပြီး အဓိပတိကြီးကို တစ်နေရာက အကူအညီတောင်းထားတာတစ်ခု ရှိလို့ပါလို့ ပြောရင်း အဓိပတိကြီး ဆက်ပြောဖို့ လမ်းခင်းထားပေးတယ်။

အဓိပတိကြီးက တည့်တည့်ပဲ ပြောတယ်။ တစ်နေရာက ကျုပ်ကို အကူအညီတောင်းတယ်။ သူတို့ဆီက လူတစ်ယောက် ခင်ဗျားဆီမှာ ပညာလာယူချင်သတဲ့။ ခင်ဗျား၊ နာမည်ကို ညွှန်းပြီး ပြောတာ။ အဲဒီလူက၊ ဘာတွေ သိချင်တယ်၊ တတ်ချင်တယ် ဆိုတာတော့ ခင်ဗျားနဲ့ သူနဲ့ တွေ့မှ ခင်ဗျား သိမှာပဲ။ ကျုပ်လည်း ဒါလောက်ပဲ ပြောနိုင်တယ်။ သြော် ..၊ လူကတော့၊ လူတော်လို့ ပြောတယ်လို့ ပြောပြီး စကားပြောတာ ရပ်လိုက်ရင်း အဓိပတိကြီးက နှစ်ချို့ဝီစကီကို မြံ့နေတယ်။ အဓိပတိကြီး ပြောတဲ့ 'တစ်နေရာ'ဆိုတာကို 'တစ်နေရာ'လို့ပဲ မှတ်ထားလိုက်ရတယ်။ အဲဒီလိုပဲ မှတ်ထားစေချင်လို့ သူက အဲဒီလို ပြောတာ၊ ကိုး။ ဘယ်က ဆိုတာ သိစေချင်ရင်၊ ဘယ်က၊ ညာကလို့ ပြောမှာ။ အဲဒါမျိုး ဆိုတာက၊ ဘာသာစကားအခြေခံ ယဉ်ကျေးမှုအရ စောင့်စည်းအပ်တဲ့ ယဉ်ကျေးမှုတစ်မျိုး။ ဒါပေတဲ့၊ ဒီလိုဆိုရင် ဘယ်ကောင်းမှာတုံး။ ပညာသင်ပေးရတယ် ဆိုတာက ခပ်ညံ့ညံ့ကောင်တွေကို သင်ပေးရရင် ကောင်းတယ်၊ လွယ်တယ်၊ သက်သာတယ်။ လူတော်တွေကို သင်ရတာက ပင်ပန်းတယ်ဗျ

mgyoe.com

mgyoe.com SAMPLE BOOK

လို့ ကျွန်တော်က နောက်ရင်း ပြန်ပြောလိုက်တယ်။ အဓိပတိကြီးတို့ နှစ်ယောက်သားက ရယ်တယ်။ နောက်တော့၊ လက်ထောက်အဓိပတိက ဒါကြောင့် ခင်ဗျားဆီက ပညာလိုချင်တာ ဖြစ်မယ်လို့ ပြောတယ်။ ကြာသပတေးနေ့တိုင်းဟာ ကျွန်တော့်ရဲ့ ကိုယ်ပိုင်နေ့ ပဲ။ နေ့ခင်းပိုင်း၊ ညနေပိုင်းဆိုရင် ကျွန်တော့်အချိန်ထဲက နည်းနည်း ဝေမျှနိုင်ပါတယ်လို့ အဓိပတိကြီးကို ကျွန်တော်က ပြန်ပြောလိုက်ပြီး၊ လက်ထောက်အဓိပတိကို ကျွန်တော့်ဌာနက အတွင်းရေးမှူးနဲ့ ဖုန်းဆက်ပြီး ချိန်းခိုင်းလိုက်လေ။ ဘာမျှ မစကြသေးခင်၊ တစ်ရက်တော့ အဲဒီလူနဲ့ တွေ့ရရင် ကောင်းမယ်လို့ ပြောလိုက်တယ်။ လက်ထောက်အဓိပတိက ခင်ဗျား သဘောတူတယ်ဆိုရင် အဲဒီကိစ္စတွေ၊ ကျွန်တော် စီစဉ်လိုက်ပါ့မယ်လို့ ပြောတယ်။ အဲဒီနောက်တော့၊ ကျွန်တော်တို့ သုံးယောက်သား ရည်ရွယ်ချက် သိပ်မပါဘဲ စကားဝိုင်းဖွဲ့ဖြစ်သွားကြတယ်။ ပြန်ခါနီးတော့၊ အဓိပတိကြီးက အဲဒီလူ အတွက် သုံးလိုက်ရတဲ့ မင်းရဲ့အချိန်တွေအတွက်တော့ ဘာမျှမပူနဲ့။ သူတို့က ငွေရေးကြေးရေးနဲ့ပတ်သက်လို့ ပူစရာမရှိဘူး။ အုပ်ချုပ်ရေးရုံးကိုသာ တင်လိုက်၊ လို့ မှာတယ်။ ဒီလိုနဲ့ပဲ၊ လုံးလုံး နေဝင်သွားပြီးတဲ့နောက် တစ်နာရီလောက် ကြာမှ၊ အဓိပတိကြီး အခန်းဆီက ပြန်ခဲ့ကြတယ်။

နောက်တစ်ပတ်လောက် ကြာတော့၊ ကြာသပတေးနေ့တစ်နေ့ရဲ့ နေ့ခင်းပိုင်းမှာ သူတို့ပြောတဲ့ 'တစ်နေရာဆီက' လာတယ်ဆိုတဲ့ –အဲဒီလူ– ကျွန်တော့်ရုံးခန်းကို ရောက်လာတယ်။ ကျွန်တော်လည်း အတွင်းဘက် ဧည့်ခန်းမှာ လက်ခံပြီး စကားပြောလိုက်တယ်။ သူ ဝတ်စားထားပုံ၊ ပြောပုံဆိုပေါက် ကြည့်လိုက်တာနဲ့ ပညာရပ်ဆိုင်ရာ အဆောက်အအုံတွေထဲက ထွက်လာတဲ့ လူတစ်ယောက်ဆိုတာ သိသာလှတယ်။ သူ့ကုတ်အင်္ကျီက တွီ(ဒ) အညိုရောင် အကွက်စိပ်စိပ်။ တွီ(ဒ)တို့၊ ကော့ဒရိုင်းတို့ကို အပေါ်အင်္ကျီ ဝတ်လေ့ရှိတာ၊ ပညာရပ်ဆိုင်ရာ အဆောက်အအုံထဲက လူတွေရဲ့ ရေးသားမထားတဲ့ ဖက်ရှင်တစ်ခုပဲ။ အောက်ကတော့၊ ဂျင်းဘောင်းဘီနဲ့။ ဖိနပ်က သားရေအကောင်းစား အညိုရောင်။ ဒီတော့၊ ကျွန်တော့်အတွက်တော့၊ ဒီလူဟာ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ဆက်စပ်နေသေးတဲ့လူဆိုတာ ပိုပြီး သေချာသွားတယ်။ အပွေးမြင်၊ အပင်

mgyoe.com

mgyoe.com
SAMPLE BOOK


သိ ဆိုတဲ့သဘောမျိုး။ တစ်ခုပဲ ရှိတယ်။ စကားပြောတဲ့အခါ မျက်နှာကို စေ့စေ့ကြည့် ပြောတတ်တာ။ ပါမောက္ခတွေ၊ ကထိကတွေ စကားပြောတဲ့ အခါ တစ်နေရာရာကို မျက်နှာလွှဲရင်း အားယူပြောပုံမျိုး မဟုတ်ဘူး။ ကျွန်တော့်မျက်နှာမှာ ဘာတွေပေါ်နေသလဲ ဆိုတာကို အကဲခတ်ရင်း စကားပြောပုံမျိုးပဲ။ အစတော့၊ ကျွန်တော်လည်း အတော် အနေခက် တယ်။ နောက်တော့၊ အဆင်ပြေသွားတယ်။ သူနဲ့ စကားပြောရတဲ့အခါမှာ၊ ကျွန်တော့်အတွက် အနေရကျပ်နေတဲ့ တခြား အချက်တစ်ခုကတော့၊ သူ ပြောနေတဲ့ စကားရဲ့အဆုံးမှာ 'ဆာ'ဆိုတဲ့ စကားလုံးကို ထည့်ပြောတာ။ သဘောကတော့၊ ဆရာသမားရယ်၊ ဆရာရယ်လို့ ပြောရင်း အဆုံးသတ် ပုံပဲ။ တကယ်တော့ ကျွန်တော့်အနေနဲ့ ကန့်ကွက်စရာ သိပ်မရှိလှပေတဲ့ လည်း ခုခေတ်မှာ အဲဒီလို သိပ်မပြောကြတော့ဘူး။ ဒါနဲ့ပဲ၊ ခင်ဗျား စစ် ကျောင်းထွက်လားလို့ မေးလိုက်မိတယ်။ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ကိုလိုနီစနစ်ရဲ့အောက်က သာသနာပြုကျောင်းတွေမှာ ကြီးပြင်းခဲ့ရတာ ပါ။ အင်္ဂလိပ်နာနီနဲ့ ကြီးပြင်းခဲ့ရသူပါလို့ သူက ဖြေတယ်။ အဲဒီလို ဖြေ ရုံတင် မကဘူး။ ဘာဖြစ်လို့ ကျွန်တော်က အဲဒီမေးခွန်း မေးတယ် ဆိုတာ တောင်၊ သူက ရိပ်မိလိုက်ပုံပဲ။ သူက ဆက်ပြောတယ်။ ခေတ်ကာလရဲ့ ပြောင်းလဲသွားတဲ့ ယဉ်ကျေးမှုပုံစံကြောင့်၊ ဆာ၊ မဒမ်၊ .. စတာတွေ အသုံးနည်းသွားပေတဲ့၊ သေသွားတဲ့ ကျွန်တော့်နာနီရဲ့ အဆုံးအမကို မငြင်းပယ်ချင်သေးလို့ ခင်ဗျားကို 'ဆာ'တပ်ပြီး ခေါ်မိတာပါ၊ လို့ ရှင်း ပြတယ်။ ကျွန်တော်လည်း အားနာသွားမိတယ်။ ခင်ဗျား ကြိုက်သလို၊ လွတ်လွတ်လပ်လပ် ခေါ်ပါလို့ ပြောလိုက်တယ်။ သေသွားပြီဖြစ်တဲ့ သူ့ ရဲ့ ကလေးဘဝက နာနီ အဆုံးအမကို၊ ခုထိ လက်ခံထားသေးတဲ့ လူ တစ်ယောက်ပဲဆိုတာ သိလိုက်ရလို့လည်း သူ့ကို အတော့်ကို တန်ဖိုးထား လိုက်မိတယ်။

သူက၊ ကျွန်တော် ရေးသားခဲ့တဲ့ စာအုပ်တွေ၊ စာတမ်းတွေ ဖတ် ခဲ့ဖူးရုံ မကဘူး။ ကျွန်တော်ဟာ ပါမောက္ခ အက်ကာမင်ဆီမှာ တိုက်ရိုက် တပည့်ခံခဲ့ရတယ်ဆိုတာကို သိရလို့ ပိုပြီး လေးစားတာပဲ။ သူနဲ့ ပထမ ဦးဆုံး တွေ့တဲ့နေ့မှာပဲ၊ ကျွန်တော့်ဆီက သူ လေ့လာချင်တာတွေ ကျွန်

mgyoe.com

mgyoe.com SAMPLE BOOK

တော့်ကို ပြောပြတယ်။ ကျွန်တော်ကလည်း ကျွန်တော် တတ်နိုင်သမျှ၊ ကျွန်တော် သိထားသမျှ သင်ကြားပေးမယ်ဆိုတာ ကတိပြုလိုက်တယ်။ ဒါပေတဲ့၊ အချိန်ကြာမယ်လို့ ပြောတော့ သူက သူ မသေခင်အထိတော့ အချိန်တွေ အများကြီး ရှိမယ်ထင်တယ်လို့ ပြန်ပြောလို့ ကျွန်တော်ဖြင့် ရယ်လိုက်မိသေးတယ်။ ဒီလိုလူမျိုးက၊ အဲဒီလိုစိတ်မျိုး ရှိမယ်ရယ်လို့တော့ ကျွန်တော် တွက်ကြည့်ထားမိတယ်။ သူနဲ့မတွေ့ခင်က ကျွန်တော် လက်ခံရရှိထားတဲ့ သူ့ရဲ့အကြောင်းထဲမှာတော့ ပညာရေးအကြောင်းပဲ ပါတယ်။ ဘယ်မှာ မွေးတယ်၊ ဘာလူမျိုး အရင်းခံဖြစ်တယ်၊ ဘာလုပ်တယ်၊ ဘယ်မှာ နေတယ် ဆိုတာတွေ မပါဘူး။ သူ သင်ကြားလေ့လာခဲ့တဲ့ ဘာသာရပ်တွေ၊ တက္ကသိုလ်တွေနဲ့ ဆရာတွေ စာရင်းပဲ ပါတယ်။ ဒီတော့၊ အဓိပတိကြီး ပြောတဲ့ 'တစ်နေရာက' ဆိုတာ 'တစ်နေရာက'ပဲပေါ့လို့ ကျွန်တော် တွက်ကြည့်မိတာ သိပ်တော့ မဆိုးဘူးလို့ ပြောရတော့မှာပဲ။ ကျွန်တော်လည်း သူနဲ့ အချိန်ညှိလိုက်ကြတယ်။ ကြာသပတေးနေ့တိုင်း နေ့ခင်းဘက် လေးနာရီကနေ ခြောက်နာရီအကြား သူ့ကို လာခဲ့ဖို့ မှာလိုက်တယ်။ သူကလည်း ကျွန်တော့်ဆီက ခွင့်ပြုချက်တစ်ခု တောင်းတယ်။ သူ့အနေနဲ့ ရံဖန်ရံခါ မလာနိုင်တာ ရှိမယ်။ တစ်ပတ်၊ ဒါမှမဟုတ်ရင်၊ တစ်လလောက် ကြာကောင်း ကြာမယ်လို့ပြောရင်း သူ ပျက်ကွက်ခဲ့ရင် အဲဒီနေ့ကျကာမှပဲ ကျွန်တော့်ကို အသိပေးနိုင်မယ်လို့ ပြောတယ်။ ကျွန်တော်ကလည်း၊ သဘောတူလိုက်တယ်။ ဒီလိုနဲ့၊ အဲဒီလူနဲ့ ကျွန်တော် ဆရာတပည့်ဘဝ ရောက်သွားကြတာပဲ။ အဲဒီနေ့က တစ်နာရီသာသာလောက်ပဲ သူနဲ့ စကားပြောလိုက်ရတယ်။ ပြန်ခါနီးတော့၊ ကျွန်တော်က၊ ခင်ဗျားဆီ ကျွန်တော် ဆက်သွယ်စရာရှိရင် ဘယ်ကို ဆက်သွယ်ရမလဲ။ ဥပမာ၊ ကျွန်တော် နေမကောင်းလို့ ခင်ဗျားနဲ့ မတွေ့နိုင်တာမျိုး ဖြစ်ခဲ့ရင်ပေါ့ဗျာ။ ခင်ဗျား လိပ်စာကတ်ရှိရင်၊ ကျွန်တော့်ကို ပေးထားပါလားလို့ ပြောလိုက်တယ်။ သူက ပြုံးတယ်။ ပြီးတော့၊ သူ့အိတ်ထဲက မှတ်စုစာအုပ်ကလေးကို ထုတ်ပြီး၊ စာရွက်တစ်ရွက်ပေါ်မှာ ဖုန်းနံပါတ်နှစ်ခု ရေးတယ်။ ပြီးတော့၊ စာရွက်ကို ဆုတ်ပြီး ကျွန်တော့်ကို ပေးရင်း တကယ်လို့ သတင်းစကား ပါးရုံပဲဆိုရင်တော့ အပေါ်က နံပါတ်ကို ဆက်ပါ။ တိုက်ရိုက်

mgyoe.com

 mgyoe.com SAMPLE BOOK 

ကျွန်တော်နဲ့ စကားပြောချင်ရင်တော့ ဒီနံပါတ်ကို ဆက်ပါ။ ကျွန်တော့်ရဲ့ မိုဘိုင်း(လ)ဖုန်းပဲ။ ဒီနံပါတ်ကတော့ အလုပ်သဘောအရ မကြာခဏ ပြောင်းတတ်ပါတယ်။ ပြောင်းရင် အသစ်ပေးပါ့မယ်လို့ ပြောတယ်။

ဒီတော့လည်း၊ ကျွန်တော့်ခေါင်းထဲကို တစ်ခါက ဆွေးနွေးပွဲတစ်ခုမှာ ကြုံခဲ့ရတာကလေး သတိရလိုက်မိတယ်။ အဲဒီတုန်းကတော့၊ အဖွဲ့အစည်းတစ်ခုက ဖိတ်ကြားပြီး ဟောပြောခိုင်းတဲ့ သီးသန့်ဟောပြောပွဲကလေးပဲ။ ဖိတ်ကြားခြင်းခံရသူများသာဆိုတဲ့ ဟောပြောပွဲ၊ ဆွေးနွေးပွဲမျိုး။ ကျွန်တော်နဲ့အတူ တခြားတက္ကသိုလ်တွေက ပါမောက္ခ သုံးယောက်ပါတယ်။ ဟောပြောပွဲမတိုင်ခင် အကြိုညမှာ အိမ်ရှင် တက္ကသိုလ်က ပညာရှင်တွေ၊ လေ့လာသူတွေ တွေ့ဆုံရင်းနှီးမှုအတွက် ကောက်တေး(လ)ပါတီ လုပ်ပေးတယ်။ ထုံးစံအတိုင်း မိုးတိုးမတ်တတ် စကားစမြည် ပြောကြဆိုကြပေါ့။ တစ်ယောက်နဲ့ တစ်ယောက် ကတ်ပြားချင်း ဖလှယ်ကြပေါ့။ ကျွန်တော်နဲ့ရင်းနှီးတဲ့ ပါမောက္ခတစ်ယောက်က လူနှစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။ မိတ်ဆက်ပေးပုံကလည်း ယဉ်တယ်လို့ ပြောရမယ်။ သူကတော့ ဂျောန်ပါ။ သူကတော့ တောမ်ပါ။ ခင်ဗျား ပြောမှာကို စိတ်ဝင်စားလို့ လာနားထောင်ကြတာပါတဲ့။ ဂျောန်နဲ့ တောမ် ဆိုတာကလည်း အင်္ဂလိပ်ဘာသာစကားထဲမှာတော့ အလွယ်ဆုံးနာမည်တွေ။ နာမည် မသိရင် ဂျောန်၊ တောမ်လို့ ခေါ်တတ်ကြတာကိုး။ ကျွန်တော်က ကျွန်တော့်ရဲ့ လိပ်စာကတ်ပြားလေး ထုတ်ပြီး တစ်ယောက်စီကို ပေးလိုက်တယ်။ သူတို့က ကျေးဇူးတင်ကြောင်း ပြောပြီး သူတို့အိတ်ထဲ ထည့်လိုက်ပေတဲ့၊ ဘာမျှ ပြန်မပေးဘူး။ တစ်ယောက်က ကျွန်တော် ပြောမယ့်အကြောင်းတွေထဲက အချက်တစ်ခုကို မေးတာနဲ့ ရှင်းပြလိုက်ရလို့၊ သူတို့ရဲ့လိပ်စာကတ်ပြားကလေးကို အပြန်အလှန်သဘောမျိုးနဲ့ မတောင်းလိုက်မိဘူး။ ဒါပေမဲ့၊ ကျွန်တော့်မိတ်ဆွေ ပါမောက္ခကို အဲဒီအကြောင်း ပြောပြတော့ သူက ပြုံးရင်း ပြောတယ်။ ဒီ၊ လူတွေမှာ ကတ်ပြား မရှိလို့နေမှာပေါ့။ လိပ်စာကတ်ပြား မရှိတဲ့ လူတွေအကြောင်း မင်း မကြားဖူးဘူးလား၊ တဲ့။ မကြားဖူးဘူးလို့ ကျွန်တော်က ဖြေတော့ သူက ဘာလို့ သူတို့လိပ်စာကို မင်းက သိချင်ရတာလဲလို့ သူက မေးပြန်တယ်။ ကျွန်တော်က ပြန်မဖြေ

mgyoe.com

mgyoe.com SAMPLE BOOK

ရသေးခင်ပဲ သူက ထပ်ပြောတယ်။ မင်းမှာ သူတို့နဲ့ ဆက်ဆံစရာ အကြောင်းမှ မရှိဘဲ။ သူတို့ လိုအပ်ရင် မင်းကို ဆက်သွယ်မှာပေါ့။ မင်းရဲ့ ကတ်ပြား သူတို့ကို မပေးလိုက်လည်း သူတို့ကတော့ မင်း ဘယ်မှာ ရှိတယ်ဆိုတာကို သိတယ်လို့ ပြောတယ်။ သူ ပြောတာကို သိပ်တော့ နားမရှင်းလှဘူး။ အမှန် ပြောရရင်တော့၊ လူမှန်ရင် လိပ်စာကတ်ပြား ကလေး တစ်ခုတော့ ရှိကြမှာပဲလို့ ထင်ထားတဲ့ ကျွန်တော့်အထင်ဟာ မှားသွားရော။ အဲဒီတုန်းကမှပဲ သိလိုက်ရတယ်။ ခုတော့၊ အဲဒီလိုလူမျိုး တစ်ယောက်ကို ကျွန်တော်က ဆရာလုပ်ရမှာ။ သူ့ကို ပို့ချရမှာကတော့ သိပ်မလွယ်လှဘူး။ တစ်ပတ်မှာ ကျွန်တော်က ပို့ချလိုက်ရင် နောက် နှစ်ပတ်လောက်မှာ သူက မေးစရာ မေးခွန်းတွေ တစ်ပုံကြီးနဲ့ ပြန်လာတာ။ ဒီကြားထဲ တစ်နေ့တော့ အဓိပတိကြီးက လှမ်းပြီးဖုန်းဆက်ရင်း မေးသေးတယ်။ ခင်ဗျား တပည့်သစ် ဘယ့်နှယ်နေသလဲ၊ တဲ့။ ဒီတော့ ကျွန်တော်က ပြန်ဖြေလိုက်တယ်။ အစကတည်းက ကျွန်တော် ပြောသားပဲ။ တော်တဲ့လူကို သင်ရတာဟာ ညံ့တဲ့လူကို သင်ရတာလို မလွယ်ဘူး၊ လို့။

ပထမ ခြောက်လအတွင်းမှာပဲ၊ ကျွန်တော်တို့ အတော်ရင်းနှီးသွားကြတယ်။ ဇွန်လ လဆန်းပိုင်းလောက်မှာ၊ သူ စပြီး ရောက်လာတယ်။ သူက အချိန် အတော်တိကျတဲ့လူ။ ကြာသပတေးနေ့ နေ့ခင်း လေးနာရီကနေ ခြောက်နာရီအကြား သူ့ကို ပို့ချပေးရတော့ လေးနာရီထိုးတယ်ဆိုတာနဲ့ ကျွန်တော့်အခန်းပေါက်ဝမှာ သူ ရောက်နေရော။ သူ၊ ဘယ်လိုလုပ်ပြီး အခုလို အတိအကျလာနိုင်သလဲလို့ ကျွန်တော့်အတွင်းရေးမှူးကို မေးကြည့်တော့၊ သူက စုံစမ်းကြည့်ဦးမယ်လို့ ပြောတယ်။ ကြာသပတေးနေ့၊ တစ်နေ့တော့၊ အတွင်းရေးမှူးက ကျွန်တော့်အခန်းကို လာပြီး၊ အခန်းရဲ့ ညာဘက်ပြတင်းပေါက်ကနေ အောက်ဘက်ကို ကြည့်ခိုင်းတယ်။ ကျွန်တော့်အခန်းက တတိယအထပ်မှာ။ အချိန်က သုံးနာရီခွဲလောက်ပဲ ရှိသေးတယ်။ အောက်ဘက် သစ်ပင်တစ်ပင်အောက်က ခုံတန်းလျားလေးပေါ်မှာ၊ အဲဒီလူက ထိုင်ပြီး စာအုပ်ဖတ်နေတယ်။ ဒီတော့၊ ကျွန်တော်လည်း ရိပ်မိလိုက်တယ်။ ဒါနဲ့ပဲ၊ သူ့ကို သွားခေါ်ခိုင်းလိုက်တယ်။ အဲဒီနေ့က စလို့၊ သူ့ကို ကျွန်တော်က ပြောလိုက်တယ်။ ကြာသပတေးနေ့

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုရင် နေ့ခင်း ထမင်းစားချိန်ပြီးရင် ကြိုက်တဲ့အချိန်သာ လာခဲ့၊ လို့။ သူလည်း သဘောကျသွားတယ်။ စကားစပ်လို့၊ ကျွန်တော်က သူ့ကို၊ ခင်ဗျား၊ အချိန်တိကျတာကို သဘောကျသလားလို့ မေးကြည့်မိတယ်။ သဘောကျတယ်၊ မကျဘူးလို့တော့ သူက မဖြေဘူး။ သူက၊ အချိန်တိကျမှုတိုင်းဟာ အချိန်သူခိုးပဲလို့ ဖြေတယ်။ ဘာဖြစ်လို့လဲလို့ မေးတော့ သူက ဥပမာအားဖြင့် လေးနာရီ ဆရာနဲ့တွေ့ဖို့အတွက် ကျွန်တော့်အဖို့ အနည်းဆုံး သုံးနာရီငါးဆယ်လောက်ကတည်းက ဒီကိုရောက်ဖို့ လိုတယ်။ ဒီတော့၊ ကျွန်တော်ဟာ လေးနာရီအတွက် သုံးနာရီထဲက ဆယ်မိနစ်ခိုးလိုက်ရတာပဲ၊ တဲ့။ အင်း၊ ဒီလိုဆိုတော့လည်း ဟုတ်သားလို့ပဲ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် ပြောလိုက်မိတယ်။ ကျွန်တော်လည်း၊ လူညံ့တော့ မဟုတ်ဘူး။ ပါမောက္ခ၊ ကိုး။ ဒါပေတဲ့၊ ဘာဖြစ်လို့ အဲဒီလို မတွေးမိမှန်းတော့ မသိဘူး။ အဲဒီနောက်ပိုင်းတော့၊ ကြာသပတေးနေ့ဟာ သူ့အတွက်လိုလို ဖြစ်သွားတယ်။ ဖြစ်သွားရတဲ့ အကြောင်းတစ်ခုက၊ ဒုတိယ ခြောက်လပိုင်းမှ သူ မလာနိုင်တဲ့ရက်တွေ ရှိလာလို့ပဲ။ သူ့အပြောအရတော့၊ နှစ်တစ်နှစ်ရဲ့ ပထမ ခြောက်လပိုင်းမှာ သူ ခရီးထွက်လေ့ ရှိသတဲ့။ ပြန်လာတိုင်း ကျွန်တော့်အတွက် ဝီစကီကောင်းကောင်းတစ်လုံးနဲ့ ကျွန်တော့်ဇနီးအတွက် ရေမွှေးတစ်ပုလင်း လက်ဆောင်ပေးလေ့ရှိတယ်။

သူ လေ့လာချင်တာတွေကို ပို့ချပေးရတာ၊ စုစုပေါင်း နှစ်နှစ်ခွဲလောက် ကြာသွားတယ်။ နာရီနဲ့တော့ မတွက်နိုင်တော့ဘူး။ နောက်ပိုင်းမှာ၊ သူ့အတွက် ပေးရတဲ့ အချိန်စာရင်းကို ကျွန်တော့်အတွင်းရေးမှူးကိုပဲ ကြည့်သာ ဖြည့်လိုက်လို့ ပြောထားလိုက်တော့တယ်။ ကျွန်တော်ကိုယ်တိုင်က သူနဲ့ စကားပြောရတာ၊ ဆွေးနွေးနေရတာကို သဘောကျလာတယ်။ တစ်ခါတလေ၊ တက္ကသိုလ်ရဲ့ ကဇာတ်ရုံအောက်နားက စားသောက်ဆိုင်ကလေးဆီမှာ နေ့လယ်စာသွားစားရင်း တောပြောတောင်ပြော ပြောဖြစ်ကြတယ်။ ဒါပေတဲ့၊ သူ့အလုပ်အကိုင်အကြောင်း၊ ဇာတိအကြောင်း၊ မိသားစုအကြောင်းတွေ မပြောဘူး။ သူ့မှာ ဇနီးရှိကြောင်း တစ်ခုပဲ ပြောတယ်။ တစ်နေ့တော့၊ အဲဒီ၊ စားသောက်ဆိုင်ကလေးဆီကနေ ကျွန်တော့်

mgyoe.com SAMPLE BOOK

ရုံးခန်းဘက်ကို လမ်းလျှောက်ပြန်လာကြရင်း ဇာတ်ရုံမှာ ဘက်ကက်ရဲ့ ပြဇာတ်တစ်ခု စတင် အသုံးတော်ခံဖို့ ဇာတ်တိုက်နေကြတာ ကျွန်တော် သတိရလိုက်မိတယ်။ ဦးဆောင်ညွှန်ကြားနေတာက အနုပညာဌာနက ကျွန်တော့်မိတ်ဆွေ ပါမောက္ခတစ်ဦးပဲ။ သူနဲ့ ပြောစရာ ဆိုစရာ ရှိတာ ကလေးတွေကို သတိရတာနဲ့ ကဇာတ်ရုံကို ခဏဝင်ကြတယ်။ ဇာတ်စင်ရဲ့ နောက်ဘက်မှာ ကျွန်တော့်မိတ်ဆွေနဲ့ ခဏ စကားပြောဆိုပြီးလို့ ပြန်ထွက်လာတော့၊ လမ်းမှာ သူက မေးတယ်။ ဇာတ်စင်ရဲ့နောက်ဘက်က လူတွေ လုပ်ကိုင်နေကြတာတွေကို သတိထားလိုက်မိသလား၊ တဲ့။ ကျွန်တော်ကလည်း တက်သာဆုတ်သာဖြစ်အောင် သတိတော့ ထားလိုက်မိသား။ အသေချာကြီးတော့ မဟုတ်ဘူးလို့ ဖြေလိုက်တယ်။ သူက ပြောတယ်။ ဒီလူတွေကို ပရိသတ်က မမြင်ဘူး။ တချို့ကျတော့လည်း၊ မမြင်ရပေတဲ့ အသိအမှတ်ပြု ခံရတယ်။ တချို့ကျတော့လည်း လုံးဝကို အသိအမှတ်ပြု မခံရဘူး။ ပရိသတ် ဘဝင်ကျဖို့ တကယ်တမ်း လုပ်ကိုင်နေကြတဲ့ ရှစ်ဆယ်ရာခိုင်နှုန်းလောက်ဟာ ဇာတ်စင်ရဲ့နောက်က၊ ကန့်လန့်ကာရဲ့ နောက်က၊ မှောင်ရိပ်ထဲကပဲ၊ တဲ့။ သူ၊ ပြောတော့မှပဲ ကျွန်တော်လည်း သတိထားလိုက်မိတယ်။ ထပ်ပြီး ဘာမှ မေးမကြည့်လိုက်မိဘူး။

သူ လေ့လာချင်တာတွေ ပြီးသလောက်ရှိသွားတော့၊ သူ လေ့လာခဲ့ရတာတွေနဲ့ သူ အရင်က လေ့လာခဲ့ရတာတွေကို ပေါင်းပြီး စာတမ်းတစ်ခု ရေးပြီး ကျွန်တော့်ကို ပေးတယ်။ အမှန်မှာတော့၊ သူ့အနေနဲ့ ရေးနေစရာ မလိုဘူး။ ကျွန်တော်ကလည်း မရေးခိုင်းဘူး။ သူကလည်း၊ ဝတ္တရားအရ ရေးတာ မဟုတ်ဘဲ၊ သူ့ဘာသာ သူ့သဘောနဲ့ ရေးတာမို့၊ ကျွန်တော့်ကို ပေးတဲ့အခါ ဆရာသမား အပျင်းပြေ ဖတ်ကြည့်ဖို့ပါ။ ဒါပေတဲ့၊ ပညာရပ်ဆိုင်ရာ ဂျာနယ်တွေဆီတော့ မပို့ပါနဲ့လို့ တောင်းပန်တယ်။ ကျွန်တော်က ခင်ဗျား ရေးတာပဲဗျာ။ သေသေချာချာ ဖတ်ရမှာပေါ့ လို့ ပြောတော့ သူက မသိမသာ ပြုံးတယ်။ ပြုံးရတာကိုက အထိုက်အလျောက် ဝန်လေးတဲ့လူမျိုး။ ဖတ်ကြည့်လိုက်တော့၊ အတော့်ကို အဆင့်အတန်းမြင့်တဲ့ စာတမ်း။ ကျွန်တော်လည်း၊ လက်ထောက် အဓိပတိကို လှမ်းဖုန်းဆက်ပြီး စာတမ်းအကြောင်း ပြောရင်း ဒီလိုလူမျိုးကို တို့

mgyoe.com

SAMPLE BOOK


တက္ကသိုလ်မှာ ခန့်ထားရရင် ကောင်းမယ် ထင်တယ်လို့ ဘယ်သူကမှ မတောင်းဘဲ ထောက်ခံစာ ရေးလိုက်တဲ့သဘော ပြောလိုက်မိတယ်။ သူက ရယ်တယ်။ ဒီလိုလူမျိုးတွေက တက္ကသိုလ်မှာ လုပ်မှာမဟုတ်ဘူး ထင်တယ်လို့ပဲ ပြောတယ်။ ဘာလို့လဲလို့ မေးတော့၊ သူက မင်း မေးစမ်း ကြည့်ချင် ကြည့်လေ။ အလုပ်အနေနဲ့ကတော့ ငါ ဖန်တီးပေးနိုင်တယ်လို့ပဲ ပြောတယ်။ တိုက်ဆိုင်ချင်တော့၊ အဲဒီလူက ကျွန်တော်နဲ့ တက္ကသိုလ်ရဲ့ လက်ထောက်အဓိပတိကို ကျေးဇူးတင်တဲ့အနေနဲ့ ညစာကျွေးချင်လို့ ဆိုပြီး၊ ပင်လယ်စပ်က စပိန်အစားအစာကောင်းတဲ့ စားသောက်ဆိုင်ကို ဖိတ်တယ်။ ကျွန်တော်တို့ နှစ်ယောက်သားလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်ကြတယ်။ အဲဒီညကတော့၊ စားလို့သောက်လို့ အရှိန်ကလေး ရလာတော့ ကျွန်တော်က သူ့ကို မေးလိုက်တယ်။ ခင်ဗျား၊ ကျွန်တော်တို့ တက္ကသိုလ်မှာ ပါမောက္ခ မလုပ်ချင်ဘူးလား၊ လို့။ သူက၊ ဘာမျှ ပြန်မဖြေခင် လက်ထောက်အဓိပတိက စာသင်ဖို့ရယ်လို့ မဟုတ်ဘူးဗျာ။ သုတေသန တစ်ခုခု၊ ခင်ဗျား လုပ်ချင်တာရှိရင်လည်း ဖြစ်ပါတယ်လို့ ဝင်ထောက်တယ်။ သူက ပြုံးတယ်။ ပြီးတော့မှ၊ ဆရာတို့ကို ကျေးဇူးတင်ပါတယ်။ ဒီရွှေ့ဒီမျှ လေ့လာခွင့်ရတာကိုပဲ ကျေးဇူးတင်လို့ မဆုံးပါဘူးလို့ ပြန်ဖြေရင်း၊ ပါမောက္ခဆိုတဲ့ ရာထူးဟာ ကျွန်တော့်အတွက် သိပ်ကြီးလေးလွန်းပါတယ်လို့ ပြောတယ်။ လက်ထောက်အဓိပတိက ကျွန်တော့်ကို ပြုံးပြုံးကြီးနဲ့ ကြည့်နေတယ်။ ကျွန်တော်ကလည်း ဝိုင်အနီ သုံးလေးခွက်လောက် ဝင်ထားတော့ ပြောရဲဆိုရဲဖြစ်နေသမို့၊ ခင်ဗျား၊ ပါမောက္ခ မဖြစ်ချင်ဘူးလားလို့ ထပ်မေးလိုက်မိတယ်။ သူက၊ မဖြစ်ချင်ပါဘူးလို့ ဖြေတယ်။ ဘာလို့လဲလို့ ကျွန်တော်က ထပ်မေးလိုက်ရင်း သူ ပြန်မဖြေခင်၊ ခင်ဗျား ဘာဖြစ်ချင်သလဲလို့ ဆက်မေးလိုက်တယ်။ အမှန်မှာတော့ အဲဒီလို ကျွန်တော်က မမေးသင့်ဘူး။

သူက ဖြေတယ်။ ကျွန်တော်၊ လား။ ကျွန်တော်ကတော့ ဘာမျှ မဖြစ်ချင်ဘူး။ ဖြစ်နေရခြင်းဆိုတာက ဖြစ်နေရခြင်းအတွင်းမှာပဲ ကျေနပ်စရာ ရှိတယ်။ မဖြစ်တော့ဘူး ဆိုတဲ့အခါမှာ ပစ္စုပ္ပန်နဲ့ အတိတ်ဟာ မကြာခဏ ရောထွေးသွားတတ်လို့ လူရဲ့ ဖြစ်–ရှိခြင်း အနေအထားဟာ

mgyoe.com

mgyoe.com

SAMPLE BOOK


ဝေးသွားနိုင်တယ်။ ဥပမာ၊ ဆရာတို့ဟာ တက္ကသိုလ်ရဲ့ အကြီးအကဲတွေ ဘဝက အနားယူသွားကြတဲ့အခါ ဆရာတို့ရဲ့ ဖြစ်ခြင်း၊ ရှိခြင်းတွေဟာ ဖြစ်ခဲ့ခြင်း–ရှိခဲ့ခြင်းအဖြစ် ပြောင်းသွားမှာပဲ။ လူနဲ့အတူ၊ လူမှာ တည်နေတဲ့ ဘာသာစကားပါ အနေအထား ပြောင်းသွားတယ်။ ကိုယ်က ရှိနေသေး ပေတဲ့ ကိုယ့်ရဲ့ပစ္စုပ္ပန်ဟာ အတိတ်ထဲကနေ မထွက်နိုင်ဘဲ ဖြစ်နေတတ် တယ်။ ဒါပေတဲ့၊ လူရဲ့သဘောအရ အတိတ်ဟာ ပစ္စုပ္ပန်ထဲမှာ လာပြီး ရောယှက်နေတတ်လို့ ဆရာတို့အဖို့ အတိတ်ရဲ့တစ္ဆေကို ကျောပိုးထားရ သလို နေမှာပဲ။ ကျွန်တော်က အဲဒီလို မနေချင်ဘူး။ ဘာမျှ မဟုတ်တဲ့ လူတစ်ယောက်အနေနဲ့၊ ဘာမျှ မဟုတ်သလိုပဲ နေသွားချင်တယ်။ ဆရာ သမားကို တစ်ခါက ကျွန်တော် ပြောဖူးတယ် မဟုတ်လား။ တက္ကသိုလ် ကဇာတ်ရုံက အပြန်မှာလေ။ ဇာတ်စင်နောက်က လူတွေအကြောင်း ပြောပြဖူးတယ် မဟုတ်လား။ ဒီလူတွေကို ပရိသတ်က မသိဘူး။ မတွေ့ ဖူးဘူး။ သူတို့ကလည်း သူတို့ဘာသာ လုပ်ကိုင်နေရတာကို ကျေနပ်တယ်။ မီးရောင်အောက်က ဇာတ်ကောင်တွေကတော့ ငါတို့ မရှိလို့ မဖြစ်ဘူး ဆိုတာ သိပြီး၊ သူတို့ဘာသာ ကျေနပ်တယ်။ ဟိုလူတွေကတော့ ကိုယ့်ကို လူတွေ မသိကြတာဟာ သိကြတာထက် ပိုကောင်းတယ်ဆိုတဲ့ အမြင်မျိုး ရှိကြတယ်။ ကျွန်တော့်မှာလည်း အဲဒီလိုအမြင်မျိုး ရှိတယ်။ ဒါကြောင့် ဘာမျှ မဖြစ်ချင်ဘူး။ နောက်တစ်ချက်က၊ ခုအရွယ်မှာ ကျွန်တော် လေ့လာသမျှဟာ ကျွန်တော့်ကိုယ်ကျွန်တော် စိန်ခေါ်တာပဲ။ ဘယ်သူ့ကိုမျှ ကျေနပ်အောင် သက်သေပြချင်လို့ မဟုတ်ဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် သက်သေပြချင်လို့ပဲ။ ကျွန်တော့်ဘာသာ လုပ်နိုင်ကိုင်နိုင်တာကို လုပ်ကိုင်နေရရင်ပဲ ကျေနပ်နေမိတယ်လို့၊ သူက အရှည်ကြီး ရှင်းပြတယ်။ ဒီတော့၊ လက်ထောက်အဓိပတိက ဝင်ပြောတယ်။ တစ်နေ့၊ ခင်ဗျား လုပ်ချင်စိတ်ရှိတဲ့အခါပေါ့ဗျာ .. ကျွန်တော်တို့ တက္ကသိုလ်မှာ အမြဲ တံခါးဖွင့်ထားပါ့မယ်လို့ ပြောရင်း ဖြေချလိုက်တယ်။ ကျွန်တော်ကတော့၊ သူ့ရဲ့ဆရာ ဆိုပေတဲ့လည်း၊ သူ ပြောတာကို နားလည်သလိုလို။ နားမလည် သလိုလို၊ ပဲ။ ဒါကြောင့်မို့ပဲ၊ သူ့ကို တစ်ခွန်း မေးကြည့်မိပြန်တယ်။ ဘာမျှမဖြစ်ချင်ဘူး ဆိုတာကရော လွယ်ပါ့မလားလို့။ သူက ပြုံးနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ဘာမျှ ပြန်မဖြေဘူး။ လက်ထောက်အဓိပတိကတော့ အားရပါးရ ရယ်တယ်။

ကျွန်တော် အနားယူခဲ့တာ အတော်ကြာသွားခဲ့ပြီ ဆိုပေတဲ့လည်း တက္ကသိုလ်မှာ ဌာနလက်ကိုင်မရှိတဲ့ ပါမောက္ခအဖြစ် အချိန်ပိုင်း ပြန်လုပ်နေလေတော့ တက္ကသိုလ်နဲ့ အဆက်အသွယ် မပြတ်ခဲ့ဘူး။ မကြာခင်ကတော့၊ တက္ကသိုလ်က ကျွန်တော့်ကို ဂုဏ်ပြုပွဲကလေးလုပ်ဖို့ စီစဉ်တယ်။ တက္ကသိုလ်မှာ အခု အဓိပတိဖြစ်နေတာက အရင်က လက်ထောက်အဓိပတိ။ သူက စီစဉ်နေတာ။ သူက၊ ဘယ်သူတွေကိုများ ဖိတ်ချင်သလဲလို့ မေးတော့၊ ကျွန်တော် သိမ်းထားတဲ့ ခရစ္စတ်ကတ်ကလေး ငါးခုကို ပေးလိုက်တယ်။ သူက ဒီလူတွေကို ရအောင် ဆက်သွယ်ပြီး ဖိတ်မယ်လို့ ပြောတယ်။ နောက်ဆုံးတော့ သေသွားတဲ့ တစ်ယောက်ကလွဲလို့ ကျန် လေးယောက်စလုံး လာကြမယ်ဆိုတာ သိရတယ်။ အဲဒီနေ့မှာ၊ နေ့လယ်ခင်းစာစားပွဲ လုပ်တော့၊ မစားကြသေးခင်မှာ မိတ်ဆွေတွေက ကျွန်တော့်ကို ဂုဏ်ပြုစကား ပြောကြတယ်။ အဲဒီနောက်မှာမှ၊ ကျွန်တော့် တပည့် လေးယောက်က ပြောကြမှာ။ ဂုဏ်ပြုပွဲ စနေတဲ့အချိန်အထိ ကျွန်တော့် တပည့်ကျော်ကို မတွေ့ရသေးဘူး။ နောက်တော့၊ အဓိပတိကြီးက ခပ်တိုးတိုး ပြောတယ်။ ခင်ဗျား တပည့်တော့၊ လမ်းမှာ။ မကြာခင် ရောက်လာလိမ့်မယ်။ ခုနက၊ လေယာဉ်ကွင်းအထွက်မှာ ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်တယ်လို့ ပြောတယ်။ ကျွန်တော်ကတော့ ခေါင်းပဲ အသာညိတ်ပြလိုက်တယ်။ ပြောတဲ့လူတွေကတော့၊ ကျွန်တော့်ကောင်းကြောင်းချည်း ပြောကြတာပဲ။ ပြောဆို၊ ကျွန်တော့်ကို ဂုဏ်ပြုတဲ့ပွဲ၊ ကိုး။ ကောင်းတာကို ရှာကြံတော့ ပြောရမှာပေါ့။ နောက်တော့၊ အဲဒီလူ ရောက်လာပြီး ကျွန်တော့်အတွက် စကားပြောတယ်။ သူက ခပ်တိုတိုပဲ ပြောတယ်။ ကျွန်တော်တို့ ဆရာကြီး တော်ကြောင်း၊ တတ်ကြောင်းကို ပြောတဲ့လူတွေ ပြောသွားခဲ့ပြီမို့ ကျွန်တော် ထပ်ပြောနေလို့လည်း အကြောင်း သိပ်ထူးမယ် မထင်ဘူး။ ဆရာကြီးဟာ၊ ဘယ်သူကမျှ မပြောလည်း၊ သူ တော်တာ၊ သူ တတ်တာကို သူ့ဘာသာ သက်သေပြပြီးသားပဲ။ ကျွန်တော်ဟာ ဒီ တက္ကသိုလ်မှာ နှစ်နှစ်ခွဲလောက် လာပြီး ဆရာကြီးဆီက ပညာဆည်းပူး

mgyoe.com

mgyoe.com

SAMPLE BOOK


ခဲ့ပါတယ်။ ဒီအတွက်၊ ဆရာကြီးနဲ့အတူ၊ အမိပတိကြီးနဲ့ တက္ကသိုလ်ကိုပါ ကျေးဇူးတင်နေပါတယ်။ ကျွန်တော့် လေ့လာမှုပြီးလို့ ဒီကနေ ခွဲခွာသွားခါနီးမှာ၊ ကျွန်တော်က ဘာမျှ မဖြစ်ချင်ပါဘူးလို့ ပြောတော့ ဆရာကြီးက ဘာမျှ မဖြစ်ချင်ဘူး ဆိုတာကရော လွယ်ပါ့မလားလို့ မေးပါတယ်။ အဲဒီတုန်းက၊ အမိပတိကြီးလည်း ရှိနေလို့ အမိပတိကြီးက သက်သေပါလို့ ပြောပြီး သူက ခဏရယ်နေတယ်။ နားထောင်နေတဲ့ ပရိသတ်ကလည်း စိတ်ဝင်စားနေကြတယ်။ နောက်တော့၊ ကျွန်တော်နဲ့ အမိပတိကြီးကို ကြည့်ပြီး ခုထိတော့၊ ဆရာကြီးကို ပေးဖို့ အဖြေရှာမရသေးပါဘူး။ ရခဲ့တဲ့ တစ်နေ့ကျရင်ဖြင့် ဘာမျှ မဖြစ်နိုင်သော နည်းလမ်းများဆိုပြီး ဆရာကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ ကျမ်းတစ်စောင်ပြုပြီး ဒီတက္ကသိုလ်ကို အပ်ပါ့မယ်။ ဒါပေတဲ့လည်း၊ ကျေနပ်ပျော်ရွှင်မှု ဆိုတာဟာ၊ လိုချင်တာကို ရတာ။ ရှာဖွေနေတဲ့အနေနဲ့ အဖြေတစ်စုံတစ်ခုကို ရတာ၊ သက်သက်ကြောင့်တော့ မဟုတ်ဘူးလို့ ကျွန်တော် မြင်လာခဲ့ပါပြီ။ ဒီတော့၊ လက်ရှိအခြေအနေအရ ဒီကျမ်းဖြစ်ဖို့ အတော်ကလေး ကြာလိမ့်ဦးမယ်လို့ ထင်ပါတယ်။ ဆရာကြီးအနေနဲ့ သည်းခံပြီး အသက်ရှည်ရှည် နေနိုင်အောင်သာ ကြိုးစားပါလို့ပဲ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်လို့ ပြောပြီး နိဂုံးချုပ်လိုက်တယ်။ သူ့အပြောကို သဘောကျလို့ ရယ်တဲ့လူ ရယ်၊ လက်ခုပ်တီးသူ တီး။ ပညာရှင်ပိုင်းက မတ်တတ်ထရပ်ပြီး လက်ခုပ်တီးကြတဲ့လူတွေတောင် ရှိတယ်။

ပြောပြီးတာနဲ့ သူက ကျွန်တော်တို့စားပွဲကို လာပြီး အမိပတိကြီးနဲ့ ကျွန်တော့်ကို နှုတ်ဆက်တယ်။ ပြီးတော့မှ၊ ကျွန်တော့်ရဲ့ဂုဏ်ပြုပွဲတက်ဖို့အတွက် တခြားတစ်နိုင်ငံကနေ လာရတာဖြစ်ပြီး၊ သူ့အလုပ် မပြီးပြတ်သေးလို့ ခုပဲ ပြန်ရမှာဖြစ်ကြောင်း ပြောပြီး၊ ခွင့်ပန်တယ်။ နောင်မှ၊ အေးအေးဆေးဆေး လာပြီး တွေ့ဦးမယ်လို့ ကတိပေးတယ်။ ကျွန်တော်ကတော့ ဝမ်းနည်းသလိုလိုပဲ။ ခုလို သူနဲ့ တွေ့လိုက်ရတော့လည်း၊ သူနဲ့ ပြောဆိုခဲ့ရတာတွေ ပြန်တွေးလိုက်မိတယ်။ ကျွန်တော့်ဆီမှာ လာပြီး တပည့်ခံတဲ့လူ ဆိုပေတဲ့၊ သူ့ဆီက ကျွန်တော် ပညာရခဲ့တာတွေလည်း ရှိနေခဲ့တာ၊ ကိုး။ ကျွန်တော်လည်း ခန်းမအပြင်ဘက်ဆီကို ငါလည်း

mgyoe.com

mgyoe.com
SAMPLE BOOK


လိုက်ခဲ့မယ်လို့ ပြောပြီး ထတော့၊ အဓိပတိကြီးကပါ ငါလည်း လိုက်ခဲ့မယ်လို့ ပြောတယ်။ ကျွန်တော်တို့ သုံးယောက်သား အပြင်ဘက်က လေကားထိပ်ဆီ ထွက်လာရင်း အဓိပတိကြီးက ဘယ်ကို ပြန်မှာလဲဆိုတာ မေးတော့ သူ ဘယ်ကို ပြန်ရမယ်ဆိုတာ ဖြေတယ်။ ဒီတော့မှ၊ ကျွန်တော့်ရဲ့ ဂုဏ်ပြုပွဲကို မိနစ်ပိုင်းကလေးလောက် လာတက်ဖို့အတွက် သူ့ခမျာ မိုင်ပေါင်းများစွာ လာခဲ့ရမှန်း သိလို့ သူ့ကို အတော်ပဲ ကျေးဇူးတင်လိုက်မိတယ်။ အဲဒီတုန်းမှာပဲ၊ အနက်ရောင် **အက်(စ)ယူဗီကားတစ်စီးက** လေကားထိပ်မှာ လာရပ်တယ်။ ကျွန်တော်တို့ နှစ်ယောက်ကို လက်ဆွဲနှုတ်ဆက်ပြီး အပြန်အလှန် ကျေးဇူးတင်ကြောင်း ပြောပြီးတော့၊ သူလည်း ကားပေါ်တက်ပြီး ထွက်သွားတော့တယ်။ ကျွန်တော်နဲ့ အဓိပတိကြီးလည်း ကားရဲ့နောက်ပိုင်းကို အတော်ကြာအောင် ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြတယ်။ နောက်တော့ ခန်းမဘက်ဆီ ပြန်လျှောက်လာလိုက်မိကြတယ်။ လျှောက်လာကြရင်း အဓိပတိကြီးက ဘာမျှမဖြစ်အောင် ကြိုးစားနေတဲ့လူ .. သြော်၊ ဘာမျှမဖြစ်အောင် ကြိုးစားနေတဲ့လူ .. လို့ သူ့ဘာသာ ပြောသလိုလို၊ ကောက်ချက်ချသလိုလိုနဲ့ ပြောတယ်။ ကျွန်တော်က အဓိပတိကြီးကို လှည့်ကြည့်လိုက်မိတယ်။ သူကတော့ သူ့ဘာသာ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ နောက်တော့မှ၊ မျက်နှာကြက်ဆီကို မျက်လုံးအသာပင့်ကြည့်လိုက်ရင်း ဒီ၊ လူသားကို စောင့်ရှောက်တော်မူပါ၊ ထာဝရဘုရားသခင်၊ လို့ ပြောလိုက်တော့တယ်။ ကျွန်တော်ကတော့ ဘာမျှမပြောမိဘူး။ သာသာပဲ ခေါင်းခါလိုက်မိတယ်။ ဘာဖြစ်လို့ ခေါင်းခါလိုက်မိမှန်းတော့၊ မသိဘူး။ နောက်တော့ ပြုံးလိုက်မိတယ်။ ဘာလို့ ပြုံးလိုက်မိမှန်းတော့လည်း၊ မသိပြန်ဘူး။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ပိုမိုညံ့ဖျင်းသော စိတ်ကူးထည်တို့ဖြင့်၊ ဆက်လက်ရှင်သန်နေနိုင်ရန် အားထုတ်မှု

A man will be imprisoned in a room with a door that's unlocked and opens inwards; as long as it does not occur to him to pull rather than to push it.

Ludwig Wittgenstein

တတိယနေ့၌ ကျွန်တော်တို့ ပြုံးတတ်လာကြပါသည်။ သို့ရာတွင်၊ အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ စိတ်ထဲက မပါပေတဲ့ စိတ်ထဲက ပါသလို ပြုံးကြရမယ်ဟူသောအပိုင်း ဖြစ်သည်။ သင်တန်းဆရာကမူ၊ အတော်ပင် စိတ်ပျက်နေပုံရသည်။ ဒီအပိုင်းမှာတင် တစ်နေကြပြီ ထင်တယ်။ ဆရာတို့ ကြည့်လုပ်ကြပါဦးဟု၊ ဆိုသည်။ ကျွန်တော်တို့သည် တည်ကြည်ခြင်း၏ ပရိဝုဏ်အတွင်း၌ နှစ်ကာလ အတော်ကြာအောင် လှည့်ပတ်သွားလာ နေထိုင်ခဲ့ကြသည်ဖြစ်ရာ၊ ပြုံးခြင်းများမှာ လုံးလုံးကြီး ပပျောက်သွားသည် မဟုတ်။ ရုပ်ကို သိသော်လည်း နာမည် ဖမ်းမရသည့်သူနှင့် တူနေခြင်းသာ ဖြစ်ပါသည်။ အရှေ့ဘက်နားဆီက လူတစ်ယောက်ကမူ၊ အားလုံး ပျော်စရာကောင်းတာတွေ ဖြစ်လာရင်၊

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်တို့ ဘယ်လိုအနေအထားမှာပဲဖြစ်ဖြစ်၊ ပြုံးတတ်လာကြမှာပါ ဗျာဟု၊ ဆိုသည်။ သင်တန်းဆရာကမူ၊ လက်ပိုက်ရင်း ကျွန်တော်တို့ အားလုံးကို ကြည့်နေသည်။ ကျွန်တော်တို့ကို မြင်ပုံမရ။ သူ့မျက်စိရှေ့တွင် ရှိရှိသမျှတို့ ပျောက်ကွယ်နေပုံရသည်။ သို့ရာတွင်၊ မျှော်လင့်ချက်များစွာမှာ သူ့မျက်နှာပေါ်တွင် လမ်းလျှောက်နေကြသည်။ သို့သော် ..။ ဤနေရာတွင်၊ 'သို့သော်'ကို၊ တန်ဖိုးထားကြစေချင်သည်။ သို့သော်၊ မျှော်လင့်ချက်များစွာမှာ မျှော်လင့်စရာ မရှိတော့သည်ကို မျှော်လင့်ရင်း၊ မျှော်လင့်ချက်မရှိသည်တို့၏ ရှိနေနေခြင်းကို။ သိနေကြပုံရနေလေသည်။ ကနေ့အတွက်တော့ တော်လောက်ပြီထင်တယ် လူကြီးမင်းတို့ဟု၊ သင်တန်းဆရာက ပြောပြီး စားပွဲပေါ်တွင် တင်ထားသော သူ၏ စာရွက်စာတမ်းများကို သိမ်းနေသည်။ အရှေ့အလယ်ပိုင်းနားဆီက သင်တန်းသားတစ်ယောက်က မတ်တတ်ရပ်လိုက်ပြီး၊ ခွင့်ပြုပါခင်ဗျားဟု ပြောရင်းစကားပြောခွင့် တောင်းလိုက်သည်။ သင်တန်းဆရာက အသာ မော့ကြည့်လိုက်ရင်း ခေါင်းညိတ်ပြလိုက်ရာ၊ ထိုသင်တန်းသားက သင်တန်းကို မနက်ဖြန် ကျွန်တော် မလာနိုင်ဘူးဟု ပြောလေသည်။ သင်တန်းဆရာက ခဏကြာအောင် စိုက်ကြည့်နေပြီးမှ၊ ဘာဖြစ်လို့လဲခင်ဗျာဟု၊ အလွန်ပင် အားမရှိသည့် လေသံဖြင့် မေးသည်။ ကျွန်တော့်မှာ ပြုံးတာကို အလေ့အကျင့်လုပ်ဖို့ထက် ပိုပြီး အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါဟု၊ သင်တန်းသားက တည်ကြည်သောအသံဖြင့် ဖြေသည်။ သင်တန်းဆရာမှာ အံ့အားသင့်သွားပုံရသည်။ ဘယ်လိုကိစ္စမျိုးပါလဲခင်ဗျာဟု၊ သင်တန်းဆရာထံမှ မေးခွန်းတစ်ခု ထွက်လာသည်။ အရှေ့အလယ်ပိုင်းနားမှ သင်တန်းသားက ဝမ်းနည်းပါတယ်ခင်ဗျာဟု ယဉ်ယဉ်ကျေးကျေးဖြင့် တုံ့ပြန်လိုက်ပြီး၊ ဘာ၊ ဆိုတာ ကျွန်တော် အသေးစိတ် ရှင်းမပြနိုင်တာကို၊ ခွင့်လွှတ်ပါ။ နေ့စဉ်ဘဝထဲမှာ ပြုံးတာထက် အရေးကြီးတဲ့ကိစ္စတွေ ရှိနေသေးတယ်ဆိုတာ၊ ခင်ဗျားလည်း သိပြီး ဖြစ်ပါလိမ့်မယ်ဟု၊ ပြန်ပြောရင်း သင်တန်းဆရာကို မကြည့်တော့ဘဲ၊ သူ၏လက်ဆွဲအိတ်အတွင်းသို့ စာရွက်စာတမ်းများ ထည့်နေလေသည်။ သင်တန်းဆရာကလည်း ဘာမျှ ထပ်မပြောတော့ဘဲ အားလုံးကို ကြည့်ကာ တစ်ချက် ပြုံးပြလိုက်သည်။

mgyoe.com

mgoe.com

ထိုအပြုံးမှာ စိတ်ထဲက မပါသော်လည်း စိတ်ထဲက ပါသလို ပြုံးရမည် ဟူသော အပြုံးမျိုး၊ ဖြစ်လေမည်လားဟု၊ ကျွန်တော်က တွေးကြည့်မိသည်။ ကျွန်တော့်ဘေးနားက သင်တန်းသားကို လှည့်ကြည့်လိုက်ရင်း ဘယ်လို သဘောရသလဲဟု၊ မေးလိုက်မိသည်။ ကျွန်တော့်အမေးကို သူက မည်သို့ နားလည်သည် မသိ။ သစ်ပင်ရိပ်တွေအောက် အဘွားကြီး ဆိုင် သွားရင် မကောင်းဘူးလား။ အဘွားကြီးရဲ့ ကြက်ကြော်က အတော် ကောင်းတာ။ သူ့ဆိုင်မှာ ဈေးပေါပေါနဲ့ ရှန်ပိန်လည်း ရတယ်ဟု၊ ဖြေသည်။ ကျွန်တော်သည် ရွေးချယ်ခြင်းဆိုသည်များကို ယာယီ စွန့်ပစ်ကာ ဤသင်တန်းများဆီသို့ လာခဲ့သူဖြစ်သဖြင့်၊ သူ့ကို လွယ်လွယ်ကူကူပင် ခေါင်းညိတ်ပြလိုက်မိသည်။ အခန်းတံခါးကို တွန်းဖွင့်ကာ ထွက်သွားသော သင်တန်းဆရာ၏ ကျောကို မြင်လိုက်ရသည်။ ကောင်ကလေးကို တော့ နည်းနည်း သနားကြရင် ကောင်းမယ် ထင်တယ်ဟု၊ ကျွန်တော် က ကျွန်တော့်ဘေးမှ သင်တန်းသားကို ပြောလိုက်ရာ ပညာတတ်ကလေး ကိုလားဟု သူက ပြန်မေးသည်။ ကျွန်တော်က ပြန်မဖြေရသေးခင်၊ သူ့ ဘေးနားဆီမှ အခြား သင်တန်းသားတစ်ယောက်က ဝင်ပြောသည်။ ခင် ဗျားတို့ ပြောနေတာ ကြားလိုက်မိလို့ပါ။ ခုလို ဝင်ပြောတာ ရိုင်းများ သွားရင်၊ ခွင့်လွှတ်ပါ။ ကောင်ကလေးက ပညာတတ်ကလေး ဆိုတာက တော့ အမှန်ပဲ။ ဒီတော့လည်း၊ ပညာတတ်တို့ရဲ့ ထုံးစံအတိုင်း ပညာတတ် တာက လွဲလို့ သူ့ခေါင်းထဲမှာ ဘာမျှ မရှိဘူး။ ပညာတတ်တာက လွဲလို့ ဘာမျှ မတတ်ဘူးပဲ၊ ဆိုပါတော့။ ငယ်လည်း ငယ်သေးတာကိုး။ ကက် စတီဗင်(စ) သီချင်းထဲကလိုပေါ့။ You are young, that's your fault ဆိုတဲ့အတိုင်းပဲ၊ ဟု၊ ပြောသည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရင်း စာကြောင်းတစ်ကြောင်း ဖြည့်ပေးလိုက်မိသည်။ I am old but I am happy။ သူတို့နှစ်ယောက်က လက်ခုပ်တီးကြသည်။ ကျွန်တော့်နံဘေးမှ သင်တန်းသားက သူ့နံဘေးမှ သင်တန်းသားကို ကြည့်လိုက်ရင်း၊ လိုက် မလားဟု၊ မေးသည်။ ဘယ်ကိုလဲလို့ ကျွန်တော် မမေးတော့ဘူး။ ဒီသင်တန်းက လွဲရင်၊ ဘယ်နေရာဖြစ်ဖြစ် ကောင်းမှာဟု၊ သူက ပြန်ပြော သည်။ သင်တန်းအပေါ် ကောက်ချက်လည်း ချလိုက်သည်။ နောက်

mgyoe.com

mgyoe.com SAMPLE BOOK


တော့၊ ကျွန်တော်တို့ သုံးယောက်သား သင်တန်းခန်းမထဲမှ ထွက်လာခဲ့ကြတော့သည်။ အတော်ကြာအောင်၊ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြ။ သစ်ပင်အုပ်ကလေးကို စမြင်လာသည့်အခါတွင်၊ သင်တန်းတက်ရသည်ကို ဘဝင်ကျပုံမပေါ်သည့်သူထံမှ၊ အသံကို စပြီး ကြားလာရသည်။ ကျုပ်ဟာ၊ သမ္မတအဆက်ဆက် အကြံပေးလာတဲ့ ကောင်ပါ။ အလကားကောင်တော့ မဟုတ်ပါဘူး။ ခုခါမှ .. ဟု ပြောပြီး၊ စကားရပ်သွားသည်။ ခုခါမှ၊ ဘာဖြစ်လို့တုံးဟု ကျွန်တော့်နံဘေးမှ လူက မေးလိုက်သည်။ ခုခါမှ .. ဟု ပြောပြီး၊ ထိုလူက စကားဆက်ပြန်သည်။ ခုခါမှ ..၊ ကျုပ်က အကြံမပေးရတော့ဘူး။ မပေးရဘူး ဆိုတာက၊ ခုတက်တဲ့ သမ္မတကို အကြံပေးတာ သမ္မတကြီးရဲ့ မိန်းမနဲ့ အဆက်အသွယ်ရှိတဲ့ လူတွေချည်းပဲ။ မိန်းမတွေက သူတို့ ယောက်ျားတွေကို သမ္မတအကြံပေးအရာရှိဖြစ်အောင် ဝိုင်းလုပ်ပေးကြတာ ..။ သူ့စကား ဆုံးသွားသည်နှင့် ကျွန်တော်က မစောင့်နိုင်တော့ဘဲ၊ ချက်ချင်း မေးလိုက်မိသည်။ ခင်ဗျား မိန်းမကကော၊ အဲဒီလို လုပ်မပေးနိုင်ဘူးလား။ စမ်းကြည့်ခိုင်းပါလားဟု၊ ကျွန်တော်က မေးရင်း ပြောလိုက်သည်။ သူက ပြန်ပြောသည်။ ကျုပ်မိန်းမနဲ့ကတော့ မဖြစ်ပါဘူးဗျာ။ ကျုပ်တို့ သင်တန်းဆရာမျိုး၊ ပညာတတ်၊ တက္ကသိုလ်ပါမောက္ခ။ အားတဲ့အချိန်မှာ ကဗျာ ဖတ်တယ်။ ကဗျာအကြောင်း ဖတ်တယ်။ ကဗျာဖတ်တယ် ဆိုတော့လည်း၊ ဘယ်မှာအသုံးတည့်မှာလဲ။ သူ့လောကကြီးထဲမှာ သူ နေတာ။ သိတယ် မဟုတ်လား။ ကဗျာရယ်၊ ကဗျာရေးတဲ့လူရယ် ဆိုတာက သူတို့လောကကြီးထဲ သူတို့နေတာ ..။ သူက ဘာမျှ ဆက်မပြောတော့။ ကျွန်တော်ကလည်း ဆက်မမေး။ ကဗျာအကြောင်း၊ စာအကြောင်း ဆိုသည်မှာ ကျွန်တော်နှင့် သိပ်မရင်းနှီးလှသည့် ဘာသာရပ်များသာ ဖြစ်သည်။ ကျွန်တော့်နံဘေးမှ လူကမူ၊ ကျွန်တော်ကဲ့သို့ မဟုတ်။ ကဗျာ ဖတ်တာပဲဗျာ၊ ဘယ်သူ့ကိုမျှ အန္တရာယ်လုပ်တာမှ မဟုတ်ဘဲ။ ခင်ဗျားရဲ့ သမ္မတ အဆက်ဆက်ကို အကြံပေးလာတယ် ဆိုတာမျိုးကသာ တတိယကမ္ဘာစစ် ဖြစ်လာနိုင်တာဟု၊ ပြောလိုက်သည်။ ကျွန်တော်ကတော့ ပြုံးလိုက်မိသည်။ တကယ်ပြုံးချင်လို့လား၊ အပျင်းပြေ ပြုံးမိသည်လား၊ စိတ်ကူးထည် တစ်ခုခု၏

mgyoe.com

mgyoe.com SAMPLE BOOK

စေ့ဆော်မှုလား ဆိုသည်ကို မပြောနိုင်။ ပြုံးခြင်းအတွက် ဆင်ခြေ တစ်စုံတစ်ရာ လိုမည်ဟု၊ ကျွန်တော် မထင်။ သမ္မတအဆက်ဆက် အကြံပေးလာခဲ့သူဟု ဆိုသူက၊ ပြောပြန်သည်။ ဟုတ်တယ်။ ခင်ဗျား ပြောသလိုပဲ။ ကဗျာဖတ်တာဟာ အန္တရာယ်မရှိဘူး။ ကျုပ် ပေးတဲ့အကြံ လွဲသွားရင် အန္တရာယ်ရှိတယ်ဆိုတာ အမှန်ပဲ။ တကယ့်ဘဝကြီးဟာ အန္တရာယ်ကို ရှိနေတာ။ ပြေးမလွတ်ဘူး။ ဒီတော့၊ တကယ့်ဘဝကြီးထဲမှာ နေရင် အန္တရာယ်ရှိတယ်ဆိုတာကို ရှောင်လို့မရဘူး။ ရန်ကို ရှောင်လို့ မရဘူး။ အန္တရာယ်မရှိအောင် နေရမယ်၊ ရန်မရှိအောင် နေရမယ် ဆိုတာက၊ အဲဒီကဗျာဆိုတာကို ရေးတဲ့လူတွေရဲ့ လက်တွေ့မကျတဲ့ အမြင်ပဲ။ ကျုပ်မိန်းမက အဲသလိုမျိုး။ ကျုပ်ကလည်း ကျုပ်မိန်းမကို အားကိုးချင်လို့ ပြောတာမဟုတ်ပါဘူး။ ခက်နေတာက၊ သမ္မတကိုယ်တိုင်က မိန်းမ ကြောက်နေရတာပဲ။ ခု၊ သမ္မတက အိမ်က မိန်းမလည်း ကြောက်၊ ယောက္ခမလည်း ကြောက်။ ယုတ်စွအဆုံး၊ သူတို့နေတဲ့ လမ်းထိပ်နားဆီက သူ့ကို လက်ညှိုးထိုးထိုးပြီး ဆဲနေတဲ့ အရူးမကိုတောင် ကြောက်နေရလို့၊ အဲဒီအရူးမကို ငြိမ်အောင် အိမ်နဲ့ယာနဲ့၊ အစောင့်အရှောက်နဲ့၊ ထမင်းချက်၊ ကားနဲ့ ကားမောင်းသမား ပေးထားလိုက်သတဲ့။ တောက် .. မိန်းမတွေဟာ ဟု၊ ပြောပြီး စကားဖြတ်လိုက်တော့သည်။ ဤနေရာ တွင်၊ ကျွန်တော့်အနေဖြင့် မှန်ခြင်း၊ မှားခြင်းကို တစ်စုံတစ်ရာ ထောက်ခံပြောဆိုခြင်း မပြုနိုင်ပါ။ ကျွန်တော်ကိုယ်တိုင်၊ ဤ–သင်တန်း–သို့ လာတက်ရခြင်းမှာ၊ အိမ်မှ ငယ်ကပေါင်း ကျောင်းအစ်မကြီး၏ အစီအစဉ် ဖြစ်နေသောကြောင့်၊ ဖြစ်ပါသည်။ ရှင်၊ အချိန်စေ့တော့မယ်။ သင်တန်း သွားတက်ထားချေဟု ဆိုကာ၊ သက်ဆိုင်ရာ အာဏာပိုင်တို့နှင့် အချိတ်အဆက်ပြုပြီး၊ စေလွှတ် လိုက်ခြင်း ဖြစ်သည်။ ဤ–သင်တန်း–မျိုးမှာ တက်ချင်တိုင်း တက်၍ မရသည်မှာ မှန်သော်လည်း၊ လာရောက် တက်နေရသူများမှာ အာဏာ တစ်စုံ အခြေခံပြီး တွန်းပို့စနစ်အရ စေလွှတ်ခြင်းခံရသူများသာ ဖြစ်နေသည်။ သမ္မတအဆက်ဆက် အကြံပေးလာခဲ့သူ၏ ပြောပုံအရသော်၊ ဤနေရာတွင် မိန်းမနှင့် အာဏာကို ခွဲခြားထား၍ ရနိုင်မည့်ပုံ မပေါ်။ မိန်းမတို့အနေဖြင့် အာဏာဆိုသည်မှာ မွေးရာပါ အခွင့်အရေးတစ်ရပ်ဟု၊

mgyoe.com

mgyoe.com SAMPLE BOOK


မြင်ကောင်း မြင်ထားကြသည်လားဟု၊ တွေးကြည့်လိုက်မိသည်။ တွေးနေတုန်းမှာပင် သစ်ပင်ရိပ်အောက်မှ အဘွားကြီးဆိုင်သို့ ရောက်လာတော့သည်။ ကျွန်တော်က သင်တန်းမစမီ သုံးရက် ကြိုပြီး ရောက်ခဲ့သူဖြစ်ပြီး၊ ထိုနေ့မှစ၍ နေ့စဉ်လိုပင် အဘွားကြီးဆိုင်သို့ ရောက်ဖြစ်သည်။ ကျွန်တော့်နံဘေးမှ လူကလည်း ရောက်ဖူးသည်။ သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသူကမူ၊ မရောက်ဖူးသေး။ ကျွန်တော့်ကို တွေ့လိုက်သည်နှင့် အဘွားကြီးက မာကြောင်းသာကြောင်း မေးပြီး ကြက်ကြော်နဲ့ ရှန်ပိန်ပဲလားဟု မေးသည်။ ကျွန်တော်က သူ့ကို နောက်သည့်အနေဖြင့် ခင်ဗျားဆိုင်မှာ ကြက်ကြော်နဲ့ ရှန်ပိန်က လွဲလို့၊ ဘာရှိလို့တုံးဟု မေးလိုက်ရာ သူက၊ ဒါပဲ ရှိတယ်ဟု ပြန်ဖြေရင်း ရယ်သည်။ ကျွန်တော့်နံဘေးမှ လူက ခင်ဗျားဆိုင်ကို ကျွန်တော် သဘောကျတာ အဲဒီအချက်ပဲ။ ဘာမျှ ရွေးစရာမရှိဘူး။ ရွေးစရာတွေ များရင် ရွေးရတာ အချိန်ကုန်တယ်ဟု၊ ပြောသည်။ သမ္မတအဆက်ဆက်ကို အကြံပေးလာခဲ့သူဟု ဆိုသူကမူ၊ တုန်လှုပ်သွားသည်။ လန့်သွားပုံရသည်။ ဘာဖြစ်လို့ ရွေးချယ်စရာ မရှိရတာလဲ။ ရွေးချယ်စရာ မရှိရင် ကျွန်တော့်ရဲ့အခွင့်အရေး ဆုံးရှုံးသွားတဲ့ သဘောပဲ။ ရွေးချယ်စရာ တစ်ခုခုတော့ ရှိရမှာပေါ့ဟု၊ ဝင်ပြောသည်။ ကျွန်တော်တို့ကတော့၊ သူ ပြောသည်ကို နားထောင်ရင်း ကုလားထိုင်မှာ ဝင်ထိုင်လိုက်ကြသည်။ ဖင်ကို အသားကျအောင် နေရာပြင်ထိုင်လိုက်ပြီးမှ၊ ရွေးချယ်စရာ မရှိဘူး ဆိုတာကိုက ရွေးချယ်လိုက်ရခြင်း တစ်ခုပဲပေါ့ဟု၊ သူ့ကို ပြောလိုက်မိသည်။ သူလည်း၊ ထိုင်ခုံအလွတ်တစ်ခုံတွင် ဝင်ထိုင်လိုက်ရင်း၊ အံ့အားသင့်သွားသည့် မျက်နှာထားဖြင့် ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်နေသည်ကို တွေ့လိုက်ရသည်။ အဘွားကြီးကမူ ဆိုင်၏နောက်ဘက်အခန်းထဲ ဝင်သွားတော့သည်။ အသက်ငယ်ငယ် အမျိုးသမီးကလေးတစ်ယောက်က ကျွန်တော်တို့အတွက်၊ ပန်းကန်ပြား၊ ခက်ရင်းနှင့် ဓားများ ယူလာကာ စားပွဲပေါ်တွင် ချပေးလေသည်။ သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသူက ကျွန်တော့် အဖြေစကားအပေါ် ဘဝင်ကျပုံမရ။ သူသည် ဘာကိုမျှ သိပ်ဘဝင်ကျပုံမရသည့်လူ။ ဖင်ကြားထဲ ခဲခုနေပုံရသည်။ အမျိုးသမီးကလေးကို ကြည့်လိုက်ရင်း၊ မင်းတို့ ဆိုင်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဘာမျှ ရွေးချယ်စရာ မရှိဘူးဆိုတာ ဟုတ်သလားဟု မေးလိုက်ရာ အမျိုးသမီးကလေးက ပြုံးပြုံးကလေးဖြင့် သူ့ကို ကြည့်လိုက်ရင်း၊ ရှင် နားလည်လွဲလို့ နေမှာပါ။ ကျွန်မတို့ဆိုင်မှာ ကြက်ကြော်နဲ့ ရှန့်ပိန် ရပါတယ်။ ရှင် ဆိုလိုတာက၊ ကျွန်မတို့ဆိုင်မှာ သစ်သားတို့၊ သေနတ်တို့၊ ညှပ်ဖိနပ်တို့ ရောင်းသေးသလားလို့၊ မေးချင်တာလားဟု၊ ပြန်မေးလေသည်။ ကျွန်တော်နှင့် ကျွန်တော့်နံဘေးက လူကမူ၊ ပြုံးလိုက်မိသည်။ ထိုအပြုံးထဲတွင်၊ ကျေနပ်နှစ်လိုခြင်း ပါသွားကြောင်း အသေအချာ သိလိုက်မိသည်။ သမ္မတအဆက်ဆက် အကြံပေးခဲ့ရသော လူက ကြိုးစားကာ ပြုံးလိုက်ရင်း အမျိုးသမီးကလေးကို မေးပြန်သည်။ ငါ ဆိုလိုတာက၊ မင်းတို့ဆိုင်မှာ ကြက်သားကြော်အပြင်၊ ပုစွန်တို့၊ ငါးတို့၊ ဒိန်ခဲတို့တွေများ ရနိုင်သလား၊ ရောင်းသလားလို့ပါဟု၊ ပြောသည်။ အမျိုးသမီးကလေးက၊ အသေအချာ စဉ်းစားကြည့်လိုက်ပုံရသည်။ ပြီးမှ၊ ဒါတွေဟာ ကြက်ကြော်လို စားစရာတွေပဲ မဟုတ်ဘူးလားဟု၊ ပြန်မေးလေသည်။ မှန်ပါတယ်။ စားစရာတွေပါပဲဟု သူက ပြန်ဖြေသည်။ ဒီလိုဖြင့်၊ ရွေးချယ်စရာတွေ ရှိနေလည်း ဘာထူးမှာလဲ။ စားစရာတွေချည်းပဲမို့၊ ရွေးချယ်ခြင်းဟာ ရွေးချယ်ခြင်းအတွက် သက်သက်ပဲ နေမှာပေါ့။ ကျွန်မတို့ဆိုင်မှာ ကြက်ကြော်ရော၊ သစ်သားရော၊ သေနတ်ရော ရောင်းတယ်ဆိုလို့ရှိရင်၊ ရှင့်အနေနဲ့ ကြက်ကြော်အစား သစ်သားဖြစ်ဖြစ်၊ သေနတ်ဖြစ်ဖြစ်ကို ရွေးချယ်နိုင်ရင်တော့၊ တစ်မျိုးပေါ့။ မဟုတ်ဘူးလားဟု၊ ပြန်ပြီး မေးတော့သည်။ သမ္မတအဆက်ဆက် အကြံပေးခဲ့ရသော လူက တစ်ခုခု ပြန်ပြောမည်ဟု လုပ်နေစဉ် အမျိုးသမီးကလေးက ဆက်ပြီး ပြောပြန်သည်။ ခု၊ ကျွန်မတို့ဆိုင်မှာ ကြက်ကြော်ပဲရတယ် ဆိုပေတဲ့၊ ရှင့်ကို ရွေးချယ်နိုင်ခွင့် ပေးထားတာပဲ။ အဲဒါက၊ ရှင်၊ ကြက်ကြော်စားမလား၊ မစားဘူးလားလို့ ဆိုတာပဲ။ ရှင် ရွေးချယ်ဖို့က ကြက်နဲ့ ပုစွန်အကြား၊ ကြက်နဲ့ ဒိန်ခဲအကြား မဟုတ်ဘူး။ စားမလားနဲ့ မစားဘူးလား၊ အကြားက ရွေးချယ်မှုပဲဟု၊ ပြောပြီး ယဉ်ယဉ်ကျေးကျေး ပြုံးပြလိုက်သည်။ ထိုထိုသော ယဉ်ကျေးသည့် အပြုံးမျိုးများသည်၊ အနိုင်ရသွားသူတို့ ပြုံးလေ့ရှိသော အပြုံးမျိုး ဖြစ်၏။ ထို့နောက်၊ အမျိုးသမီးကလေးမှာ၊ လှည့်ထွက်သွားတော့သည်။ ကျွန်

mgyoe.com

mgyoe.com

SAMPLE BOOK


တော်နှင့် ကျွန်တော့်နံဘေးက လူတွင် အပြုံးများ မျက်နှာပေါ်သို့ တက်မလာ။ သို့ရာတွင်၊ ကျွန်တော်တို့၏ ကိုယ်ခန္ဓာအတွင်း အပြုံးများက ခုန်နေကြောင်း၊ ကျွန်တော်တို့ဘာသာ သိနေမိကြသည်။ ကြက်ကြော်နှင့် ရှန်ပိန် ရောက်လာသောအခါ ကျွန်တော်တို့ ကျေနပ်သာယာစွာဖြင့် စားသောက်ကြရင်း ရောက်တတ်ရာရာ ပြောဆိုနေမိကြသည်။ ကျွန်တော့်နံဘေးမှ လူက မဆီမဆိုင် အကြောင်းတစ်ခုကို ပြောလိုက်သည်။ မနက်ဖြန်ကျရင်၊ ပြုံးရယ်ခြင်းသင်တန်းကို မလာနိုင်ဘူးဆိုတဲ့ ငတိကို သိသလားဟု မေးသည်။ ရေးတေးတေးပဲဟု ကျွန်တော်က ဖြေသည်။ သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသော လူကမူ၊ လွယ်လွယ်ပင် ခေါင်းခါသည်။ ရှိတ်မိုဟာမက်ကြီးရဲ့ တူ။ အရင်က သူတို့နိုင်ငံက နိုင်ငံခြားရေးဝန်ကြီး။ ခုတော့၊ အနားပေးထားတယ်။ မကြာခင် ရာထူးကောင်းကောင်း ရမှာ။ မရလည်း၊ သူ့ဦးလေးက ဝယ်ပေးမှာ။ သူတို့အတွက် ပိုက်ဆံက အရေးမကြီးဘူး။ ဂုဏ်က အရေးကြီးတယ်။ ကမ္ဘာ့ဘဏ်တို့၊ အိုပက်တို့မှာ နေရာရလာမှာဟု၊ သူက အရှည်ကြီး ရှင်းပြသည်။ ဒီလိုဖြင့်၊ သူက ဘာဖြစ်လို့ ဒီသင်တန်းကို လာရတာလဲဟု၊ ကျွန်တော်က မေးကြည့်လိုက်မိသည်။ ဟုတ်သားပဲဟု၊ သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသူက ဝင်ပြီး ထောက်ခံသည်။ သူကပဲ ဆက်ပြီး ပြောပြန်သည်။ ဒီ၊ သင်တန်းက အနာဂတ်အတွက် အသုံးမတည့်တော့တဲ့ လူတွေအတွက် လုပ်တဲ့ သင်တန်း မဟုတ်ဘူးလားဟု၊ မေးပြော၊ ပြောသည်။ ကျွန်တော့်နံဘေးမှ လူကမူ၊ ထိုအမေးကို ဖြေချင်ပုံမပေါ်။ ရှိတ်ကြီး၏တူအကြောင်းကိုသာ ဆက်ပြောသည်။ ဒါကလည်း ဂုဏ်အတွက်ပဲနေမှာ။ ဒီသင်တန်းက ကမ္ဘာပေါ်မှာ ပထမဦးဆုံးလုပ်တဲ့ သင်တန်းဆိုတော့ ပထမတန်းက နေချင်တဲ့ သူတို့အတွက်၊ အကွက်ပဲလို့ ထင်ချင်ထင်မှာဟု၊ ဆိုသည်။ ထိုနေ့က၊ အတော်ကလေး မိုးချုပ်မှ ကျွန်တော်တို့ အခန်းသို့ ပြန်ကြသည်။ ကျွန်တော်နှင့် ကျွန်တော့်နံဘေးမှ လူကမူ၊ နေ့စဉ်လိုလိုပင် ထိုဆိုင်ကလေးသို့ သွားကာ အချိန်ဖြုန်းလေ့ ရှိသည်။ ရံဖန်ရံခါ၊ သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသူလည်း ပါသည်။ ကျွန်တော်တို့ နှစ်ယောက်တည်း ရှိနေကြသောအခါ၊ ကျွန်တော်တို့၏အိမ်အကြောင်း၊ မိသားစု

mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်း၊ အိမ်တွင် မွေးထားသော ခွေးများ၊ ကြောင်များ အကြောင်းသာ ပြောဖြစ်ကြသည်။ သူနှင့် ကျွန်တော်မှာ သဘာဝချင်း ဆင်သော အလုပ်မျိုးတွင် ပတ်သက်နေကြသည်ကို၊ သူရော ကျွန်တော်ပါ သိလေသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ဘဝတစ်လျှောက်လုံး ပတ်သက်နေခဲ့သော အလုပ်များမှ၊ ရှောင်ပြေးပုန်း၍၊ မရနိုင်သူများ ဖြစ်လေသည်။ ကျွန်တော်တို့ကို လိုအပ်လျှင် ကျွန်တော်တို့၏တာဝန်ကို ထမ်းဆောင်ပါမည်ဟု၊ ကျမ်းသစ္စာ ကျိန်ဆိုထားမိကြသူများ ဖြစ်လေသည်။ ဆယ်ရက်ပြည့်သောအခါ၊ သင်တန်း ပြီးဆုံးသွားပါတော့သည်။ ထိုနေ့ ညနေဘက်က၊ ကျွန်တော်တို့သုံးယောက်သား အဘွားကြီးဆိုင်သို့ သွားကာ၊ ကြက်ကြော်နှင့် ရှန်ပိန် စားကြသောက်ကြသည်။ အဘွားကြီးကိုလည်း နှုတ်ဆက်ရင်း လက်ဆောင်ပေးကြသည်။ သမ္မတအဆက်ဆက် အကြံပေးခဲ့ရသူကမူ ဆိုင်မှ အမျိုးသမီးကလေးကို ငွေတစ်ရာ တစ်(ပ)ပေးရင်း၊ ရွေးချယ်မှုမှာ ကာလနဲ့ ဒေသတို့ရဲ့ ဆက်စက်မှုဟာ လိုအပ်တယ်ဆိုတာ၊ မင်း သတိပေးလိုက်ပေလို့ပဲဟု ပြောရင်း၊ ကျေးဇူးတင်စကား ဆိုသည်။ အဘွားကြီးနှင့် စကားပြောနေကြရင်း အဘွားကြီးမှာ မျက်လုံးတစ်လုံးသာ မြင်ကြောင်း သိလိုက်ရသည်။ သူသည်၊ သူ့ဘဝတစ်လျှောက်လုံး မျက်လုံးတစ်လုံးမှ အမြင်ဖြင့်သာ ကြီးပြင်းလာခဲ့ရသည်ဟု ဆိုသည်။ သို့ရာတွင်၊ စိတ်ဓာတ်ကျခဲ့ပုံမရ။ သမ္မတအဆက်ဆက် အကြံပေးခဲ့ရသူက၊ ကျွန်တော် တစ်ခု ပြောပါရစေ။ စော်ကားတယ်တော့ မထင်ပါနဲ့ဟု စကားခံပြီး၊ မျက်လုံးတစ်လုံးတည်းမှ မြင်ရတဲ့အတွက် ကောင်းတဲ့အလားအလာကို ပြောပါရစေဟု၊ ပြောလေသည်။ ပြောစမ်းပါရှင်။ ရယ်စရာဆိုရင်လည်း အတူရယ်ကြရတာပေါ့ဟု ပြောခွင့်ပေးသည်။ ကျုပ်က၊ သမ္မတအဆက်ဆက် အကြံပေးလာခဲ့ရတော့ သမ္မတတွေအကြောင်း သိတယ်ဟု၊ ပြောပြီး စကားစလိုက်သည်။ ရှန်ပိန်ကို တစ်ငုံ ငုံလိုက်ပြီးမှ၊ သူ့စကားကို ဆက်သည်။ ဒီလို။ သမ္မတဖြစ်ဖို့ အကောင်းဆုံးလူတွေဟာ မျက်လုံးတစ်လုံးတည်းက မြင်ရတဲ့လူတွေပဲ။ မျက်လုံးနှစ်လုံးနဲ့ လူတွေဟာ သမ္မတဖြစ်ချင်ရင် မျက်လုံးတစ်လုံးကို မှိတ်ပြီး၊ မှန်ထဲကြည့်ရင်း၊ ငါ သမ္မတဖြစ်ရမယ်လို့ နေ့စဉ် ပြောရသတဲ့။ အလေ့အကျင့်လုပ်ပြီး

mgyoe.com

mgyoe.com

သတိပေးတဲ့၊ သဘောပဲ။ အားပေးတဲ့ သဘောတဲ့ဟု၊ ပြောသည်။ ကျွန်တော်နှင့် ကျွန်တော့်ဘေးက လူတို့၊ တိုင်ပင်မထားဘဲ တစ်ယောက်ကို တစ်ယောက် လှည့်ကြည့်လိုက်မိကြသည်။ အဘွားကြီးကိုယ်တိုင်လည်း နားလည်ပုံမပေါ်။ ဘာဖြစ်လို့၊ မျက်စိနှစ်လုံးနဲ့ မှန်ကြည့်ပြီး ပြောလို့ မဖြစ်ရတာလဲဟု၊ အဘွားကြီးက မေးသည်။ သမ္မတအဆက်ဆက် အကြံပေးလာခဲ့သူက အဘွားကြီးကို ကြည့်ကာ၊ သမ္မတတို့၊ နိုင်ငံ့ခေါင်းဆောင်တို့ ဆိုတာတွေရဲ့ မျက်လုံးနှစ်လုံးမှာ တစ်လုံးက တိုင်းသူပြည်သားကို ကြည့်ဖို့။ တစ်လုံးက ကိုယ့်ကိုယ်ကိုယ် ကြည့်ဖို့လို့၊ အဆိုရှိတာကို ခင်ဗျား ကြားဖူးပုံမပေါ်ဘူးဟု၊ ပြောသည်။ အဘွားကြီးက ခေါင်းခါပြလိုက်သည်။ ဒါကြောင့်မို့ပဲ။ သမ္မတမဖြစ်ခင်မှာ ကိုယ့်ကိုယ်ကိုယ် ကြည့်ဖို့ ထားတဲ့ မျက်လုံးနဲ့ ကိုယ့်ကိုယ်ကိုယ် ကြည့်ရင် ငါ သမ္မတဖြစ်ရမယ်လို့၊ မှန်ထဲကြည့်ပြီး နေ့စဉ် ပြောရတာဟု သမ္မတအဆက်ဆက်ကို အကြံပေးလာရသူက ဖြေလေသည်။ ဒီတော့၊ သမ္မတဖြစ်သွားတဲ့အခါကျတော့ကောဟု၊ အဘွားကြီးက မေးပြန်သည်။ သမ္မတအဆက်ဆက်ကို အကြံပေးခဲ့ရသူက ချက်ချင်း မဖြေ။ ရှန်ပိန် တစ်ဝက်ခန့်ကို အသာမြို့ပြီးမှ သမ္မတဖြစ်လာတော့ မျက်လုံးနှစ်လုံးနဲ့ ကြည့်ပါတယ်။ ဒါပေတဲ့၊ ကိုယ့်ပုံကိုယ် မှန်ထဲမှာ ကြည့်လာခဲ့တာက အတော် အသားကျနေပြီဖြစ်လို့ မျက်လုံးနှစ်လုံးနဲ့ မှန်ထဲက ကိုယ့်ပုံကို ကိုယ် ကြည့်တော့တယ်။ တိုင်းသူပြည်သားကို လှည့်ကြည့်ဖို့ မေ့ကုန်ကြတယ်ဟု ဖြေလေသည်။ ကျွန်တော်တို့ လက်ခုပ်မတီးဘဲ မနေနိုင်ကြတော့ပါ။ ကျွန်မသာ သမ္မတ ဖြစ်ခဲ့ရင် ရှင် အကြံပေးမလားဟု၊ အဘွားကြီးက မေးသည်။ သမ္မတအဆက်ဆက် အကြံပေးခဲ့သူက ထိုင်ရာက ထပြီး ဦးညွတ်ကာ အချိန်မရွေး၊ အဆင်သင့်ပါ၊ တစ်ရေးနိုး လှမ်းခေါ်တောင် ရောက်အောင် လာခဲ့ပါ့မယ်ဟု၊ ပြန်ပြီး ပြောလေသည်။ ထိုနေ့ညနေကမူ၊ ကျွန်တော်တို့အတွက် နောက်ဆုံးညနေဖြစ်၍၊ အဘွားကြီးဆိုင်တွင် မိုးအတော်ချုပ်သည်အထိ အချိန်ဖြုန်းခဲ့ကြသည်။ နောက်နေ့ မနက်မှာမူ၊ စိတ်ဝင်စားစရာ ကောင်းသည်။ သင်တန်းပြီးဆုံးသွားသဖြင့် မနက်ဘက်တွင်၊ အမှတ်တရ လက်ဖက်ရည်ပွဲကလေး ကျင်းပလေသည်။ သင်တန်းဆင်းပွဲဟူ၍ကား၊ မခေါ်။

mgyoe.com

mgyoe.com

မခေါ်ရသည်မှာ၊ သင်တန်းသည် အစနှင့် အဆုံးရှိသော၊ သင်တန်းမျိုး မဟုတ်၍၊ တစ်ကြောင်း၊ သင်တန်းကို လာရောက်ကြသူများသည် သင်တန်းတွင် ပို့ချနေသူများထက် အသက်အရွယ်အားဖြင့် ကြီးရင့်နေကြသည်ဖြစ်၍ တစ်ကြောင်း၊ တို့ကြောင့် ဖြစ်သည်။ နမူနာပေး ပြောရမည်ဆိုသော်၊ သင်တန်းကို ဦးဆောင်သော ပညာရှင်အမျိုးသမီးမှာ၊ ကျွန်တော့်သမီးနှင့်အတူ၊ ကျောင်းတက်ဖက်ဖြစ်သည်။ ထို–အမျိုးသမီး–မှာ၊ အသက်လေးဆယ်ခန့်သာ ရှိသေးသော်လည်း၊ သုတေသနလုပ်ငန်းများတွင် သူ့ဘဝတစ်ခုလုံးကို မြှုပ်နှံကာ ပညာနောက် ကောက်ကောက်ပါအောင်လိုက်ခဲ့သူ ဖြစ်သည်။ ပညာရပ်ဆိုင်ရာစာအုပ် အတော်များများ ရေးခဲ့ရာ၊ စာအုပ်တိုင်းလိုလိုမှာ၊ ပညာရပ်ဆိုင်ရာ အဆောက်အအုံများက၊ မှီးရ၊ ကိုးရ၊ ညွှန်းကြရပါသည်။ သူသည်၊ အိမ်ထောင်မပြုဖူး၍ သားသမီးမမွေးဖွားခဲ့ဖူးသော်လည်း၊ သူ ရေးသားသော **ကလေးသူငယ်တို့ကို စောင့်ရှောက်နည်း၊ ဆယ်ကျော်သက်တို့ကို ထိန်းကျောင်းနည်း၊ အိမ်ထောင်ရေးအဆင်ပြေနည်းကျမ်း ..** စသည်များမှာ၊ ဆယ်ကြိမ်မက ပြန်လည်ပုံနှိပ်ထုတ်ဝေရသည်။ ယခု၊ သင်တန်းမှာလည်း သူ၏ ဉာဏ်ကြီးလှသော ဦးနှောက်အတွင်းက မွေးဖွားပေးခဲ့သော စီမံကိန်းတစ်ခုသာ ဖြစ်ပါသည်။ ကျွန်တော်တို့က  သင်တန်းဟု စကားအဖြစ် ခေါ်သော်လည်း၊ သူတို့အတွက်မှာမူ၊ စီမံကိန်းသာ ဖြစ်ပါသည်။ စီမံကိန်း၏ ကနဦးအမည်မှာ **'ပညာအရာ၌ ပေါက်ရောက်ခဲ့ကြသော်လည်း သစ်လွင်နေသော လူ့အဖွဲ့အစည်းအတွက် အသုံးမတည့်ဖြစ်တော့မည့် သူများကို ပြန်လည်ထိန်းကျောင်းပေးခြင်း စီမံကိန်း'**ဟူ၍ ဖြစ်သည်။ ကျွန်တော်တို့ သင်တန်းသားအများစုကမူ၊ သင်တန်းဟူ၍သာ ခေါ်ကြပြီး၊ စီမံကိန်းဟု မခေါ်ကြ။ စီမံကိန်းမှာ ယဉ်ကျေးမှုတော်လှန်ရေးကာလက လုပ်ခဲ့သော ပြန်လည်ပညာပေးရေး အစီအစဉ်နှင့် တစ်သဘောတည်း ဖြစ်ပုံရသည်။ သမ္မတအဆက်ဆက် အကြံပေးခဲ့သူကမူ၊ ပို့(စ)မော်ဒန်ကာလ ပြန်လည် ပညာပေးရေးစီမံကိန်းဟု နောက်တောက်တောက်ဖြင့် မကြားတကြား ခေါ်လေ့ရှိသည်။ ကျွန်တော်တို့ကလည်း အထိုက်အလျောက်တော့၊ သဘောတူသည်။ ဤ–သင်တန်း– သို့မဟုတ်၊ (သူတို့အခေါ်) စီမံကိန်းမှာ၊ လော

mgyoe.com

m g y o e . c o m

SAMPLE BOOK


လောဆယ် အနေအထားတွင်၊ ပိုက်ဆံရှိ/အာဏာရှိ တိုင်းပြည်များ အတွက်သာ ဖြစ်ပါသည်။ တတိယကမ္ဘာ နိုင်ငံများ၊ နွမ်းပါးသော နိုင်ငံငယ်များမှ ပုဂ္ဂိုလ်များအတွက်၊ ထည့်မစဉ်းစားကြပါ။ စီမံကိန်း၏ အကြီးအကဲ အမျိုးသမီးကြီး ပြောစကားအရသော်၊ ထို–နိုင်ငံ–များမှာ၊ အချင်းချင်း အာဏာလုကြရင်းဖြင့်သော်လည်းကောင်း၊ ဒီမိုကရေစီဟူသော စကားလုံးကို လိုသလို အနက်ဖော် သုံးစွဲရင်း တိုင်းသူပြည်သားများကို ဖြားယောင်းနေကြရင်းဖြင့် လည်းကောင်း၊ အချိန်ကုန်နေကြသဖြင့်၊ ထည့်သွင်း စဉ်းစားရန် မလိုသေးကြောင်း၊ သိရသည်။ ထိုနေ့မနက်က လက်ဖက်ရည်ပွဲတွင်၊ စီမံကိန်း၏အကြီးအကဲ အမျိုးသမီးနှင့် သင်တန်းဆရာများက လိုက်လံနှုတ်ဆက် စကားပြောရင်း၊ သူတို့၏ လိပ်စာကတ်ပြားလေးများ ပေးကြသည်။ သင်တန်းဆင်းလက်မှတ်တော့ မပေး။ မပေးရသည်မှာ၊ သင်တန်းဆင်းလက်မှတ် ပေးရမည့်အရွယ်များ မဟုတ်သည်က တစ်ကြောင်း၊ အခြားအကြောင်းတစ်ခုမှာ၊ ယခုသင်တန်းသို့ လာရောက်ကြသူများသည် သင်တန်းကို၊ တစ်စက်ကလေးမျှ အထင်မကြီးကြသူများ ဖြစ်သည်ကို၊ သူတို့ဘာသာ သိထားကြသောကြောင့်၊ တစ်ကြောင်းတို့ကြောင့် ဖြစ်ပေသည်။ ပြုံးတတ်ရန် သင်ကြားပေးသည့် နည်းပြဆရာကလေးနှင့် လိမ်တတ်ရန် သင်ကြားပေးသော ဆရာမကလေးတို့နှစ်ယောက်သားမှာ ကျွန်တော်တို့ သုံးယောက်သားနှင့် အချိန်အတော်ကြာအောင်၊ မတ်တတ်ရပ်ရင်း စကားပြောဖြစ်ကြသည်။ ကျွန်တော်တို့၏ မျက်နှာများမှာ တပြုံးပြုံးနှင့် ဖြစ်နေ၍ လိမ်တတ်အောင် သင်ကြားပေးသည့် ဆရာမကလေးက လူကြီးမင်းတို့ အပြုံးဟာ လိမ်ညာပြုံးတယ်ဆိုတာ ပေါ်လွင်နေသေးတယ်။ နိုင်ငံတကာက အတိုက်အခံခေါင်းဆောင်မှန်သမျှရဲ့ အပြုံးတွေဟာ အဲဒီလိုချည်းပဲ။ သိသာတယ်။ အတိုက်အခံခေါင်းဆောင် မှန်သမျှဟာ သူ့ကို ထောက်ခံအားပေးသူတွေနဲ့ တွေ့တိုင်းပြုံးတဲ့ အပြုံးမှာ၊ နင်တို့ တုံးမှန်း ငါ သိပါတယ်၊ ဆိုတာက ရှစ်ဆယ်ရာခိုင်နှုန်း ပါပြီးသား။ ဒါကလည်း၊ နိုင်ငံတကာ နိုင်ငံရေးမှာ အတိုက်အခံကိုအားပေးသူတွေရဲ့ စိတ်နေစိတ်ထား လေ့လာချက်အရ၊ အများစုဟာမျှော်လင့်ချက်အခြေခံနဲ့၊ အားပေးတာ။ ဆင်ခြင်တုံတရားအခြေခံနဲ့ အား

mgyoe.com

mgyoe.com

ပေးတာ မဟုတ်ဘူး။ ဒီတော့လည်း၊ အတိုက်အခံခေါင်းဆောင်တွေဟာ အများကြိုက် လုပ်လေ့ရှိတယ်။ ပြဿနာဖြေရှင်းဖို့ မစဉ်းစားဘူး။ Popularity is better than reality ဆိုတာ သူတို့အတွက်ပဲ။ သူတို့ ဘာသာ ကျေနပ်ပြီး ဟန်လုပ်နေတဲ့ အပြုံးပဲ။ တကယ်တော့၊ စနစ်တကျ လိမ်ညာပြုံးတတ်ရင် အဲဒီလို မပြုံးဘူးဟု၊ ပြောသည်။ ကျွန်တော်တို့အဖို့၊ အသိပညာသစ်တစ်ခု ရလိုက်သည်။ လောကကြီးတွင် ပေါက်ဈေးအတိုင်း လက်မခံသင့်သောအရာပေါင်း မြောက်မြားစွာရှိနေသည့်အကြောင်း။ ထို့နောက်၊ ကျွန်တော်တို့ သုံးယောက်သား လေယာဉ်ကွင်းသို့ ထွက်ခဲ့ကြသည်။ သမ္မတအဆက်ဆက် အကြံပေးခဲ့ရသည့်လူကမူ၊ ဒီက ပြန်ရင် ငါးသွားမျှားမယ်ဟု ပြောသည်။ ကျွန်တော့်နံဘေးက လူက သမ္မတတွေကို အကြံပေးဖို့ ခင်ဗျား စိတ်မပါတော့ဘူးလားဟု မေးလိုက်သည်။ ပါတော့ ပါ၊ ပါတယ်။ ခက်နေတာက၊ ကျုပ် ပြောဖူးတဲ့အတိုင်း၊ ခုခေတ်မှာ အိမ်က မိန်းမတွေက စီမံပေးရင် သမ္မတအကြံပေး ဖြစ်တဲ့ခေတ်။ ကျုပ်က နိုင်ငံရေးပညာ၊ လူမှုဆက်ဆံရေးပညာ၊ မဟာဗျူဟာ အကဲဖြတ်နည်း .. စတာတွေနဲ့၊ ပီအိပ်(ချ)ဒီ ခြောက်ခုလောက် ရထားတာ။ အိုင်ကျူက ၂၄၀ ကျော်တယ်။ ဒီတော့၊ ကျုပ်အနေနဲ့ သမ္မတအကြံပေးဖြစ်ဖို့ မလွယ်တော့ဘူးဟု၊ ဆိုသည်။ ကျွန်တော်က ကြားရဖူးသော အကြောင်းတစ်ခုကို သတိရလိုက်သည်။ နိုင်ငံငယ်တစ်ခုဆီမှာတော့ သမ္မတဆီကို အိတ်ဖွင့်ပေးစာ ရေးရသတဲ့။ သမ္မတကြီးက သိသွားတာနဲ့ ဒီငတိကြီးတော့ ဖြင့် ငြိမ်ငြိမ်နေအောင် အကြံပေးတဲ့လူတွေ စာရင်းထဲ ထည့်ထားလိုက်စမ်းလို့ ပြောပြီး သမ္မတအကြံပေးရာထူး ပေးလိုက်တယ်ဆိုပဲ။ တခြားနိုင်ငံငယ် တစ်ခုမှာတော့ သမ္မတကို ခိုင်းဖို့ သမ္မတအထက်မှာ လူတစ်ယောက်ရှိသတဲ့။ ဒီတော့လည်း၊ သမ္မတဆိုတာကလည်း ခပ်တုံးတုံး ငနဲတစ်ယောက် နေမှာပေါ့ဗျာဟု ပြောပြလိုက်မိသည်။ ထို့နောက်၊ သုံးယောက်သား ပြိုင်တူပင် ရယ်လိုက်မိကြသည်။ နောက်တော့၊ လမ်းခွဲလိုက်ကြရသည်။ လေယာဉ်ပေါ်တွင် တစ်ယောက်တည်း ထိုင်နေရင်း၊ စိတ်ထဲတွင် ကြည်နူးသလိုလို ဖြစ်လာသည်။ ဖြစ်လာရခြင်း အကြောင်းများအနက်၊ တစ်ခုမှာ ကျွန်တော်သည် အနာဂတ်တွင် အသုံးမတည့်တော့သည့် လူတစ်

mgyoe.com  SAMPLE BOOK 

ယောက်အဖြစ် စာရင်းဝင်ခဲ့ခြင်းကြောင့် ဖြစ်ပြီး၊ အခြားတစ်ချက်မှာ ကျွန်တော့်ဆရာတစ်ဦး ပြောခဲ့သော စကားတစ်ခွန်းကို အမှတ်မထင် သတိရလိုက်မိသောကြောင့် ဖြစ်သည်။ ကမ္ဘာကြီးဟာ ပိုးစိုးပက်စက် ဖြစ်နေတာ။ ပိုးစိုးပက်စက် ဖြစ်နေတာဟာ တို့နဲ့မဆိုင်ဘူးဟု၊ ပါမောက္ခ ဗင်ဒစ်က ပြောဖူးသည်။ ဒီတော့၊ ကျွန်တော်တို့ ဘယ်လိုနေကြရမလဲဟု၊ ကျွန်တော်က မေးလိုက်မိသည်။ ပိုးစိုးပက်စက် ဖြစ်နေခြင်းများကို ဆီလျော်အံပ်စပ်မှုဆိုင်ရာ သီဝရီတွေ အခြေခံနဲ့ လိုက်လျောညီထွေ နေထိုင်ကြရုံပဲဟု၊ သူက ဖြေသည်။ ထိုသို့ဆိုလျှင် ကျွန်တော်၏ မနက်ဖြန်များ စွာတို့မှာ အခြားသူတို့၏ မနက်ဖြန်များသာ ဖြစ်နေပေတော့မည်ဟု၊ ကျွန်တော် တွေးကြည့်လိုက်မိသည်။ ဒီလိုဖြင့်၊ သတ်ဖြတ်ခြင်း ခံထားရတဲ့ ကျွန်တော့်ရဲ့ မနက်ဖြန်များစွာအတွင်း ကျေနပ်သာယာစွာ ရှင်သန်နေနိုင်ရန် အားထုတ်ဖို့ပဲ လိုတာပေါ့ဟု၊ ကျွန်တော်က ဆရာ့ကို ပြောလိုက်ခဲ့မိသည်။ ဆရာက ခင်ဗျားမှာ၊ ဒီ့ထက်ကောင်းတဲ့ တခြားစိတ်ကူးများ ရှိသေးသလားဟု၊ ပြန်မေးဖူးသည်။ လေယာဉ်အပြင်ဘက်က မိုးသားတိမ်စိုင်များကို ကြည့်နေရင်း၊ ဆရာ့ကို သတိရနေမိသည်။ ဆရာသည်၊ သူ၏အလုပ်အကိုင်၊ မိသားစု၊ အိမ်ယာ အလုံးစုံကို စွန့်ပစ်ပြီး စပိန်နိုင်ငံ တောင်ဘက်ပိုင်းက ရွာကလေးတစ်ခုတွင် သွားရောက်နေထိုင်လေသည်။ ရာသီဥတုသာယာသော နေ့ရက်များတွင် အလကားရသော လေများကို ရှုသွင်းကာ ရှုထုတ်လိုက်သော လေများတွင် သူ့ဦးနှောက်အတွင်း၌ သူ သိရှိလက်ခံထားသည်များ အားလုံးကို ထည့်လိုက်သည်ဟု ဆိုသည်။ လိုအပ်သည်ထက် ပိုမိုသိရှိထားခြင်း မှန်သမျှမှာ လူကို အန္တရာယ်တစ်ရပ် ပေးနိုင်သည်များသာ ဖြစ်သည်ဟု ဆို၏။ တစ်ချိန်တည်းမှာပင်၊ ကျွန်တော့် မြေးမကလေးကို သတိရလိုက်မိသည်။ သုံးနှစ်ပြည့်၍ မနှစ်က စပြီး၊ မူကြိုတက်သည်။ သူတို့ကျောင်းတွင် အိုင်ပဒ် သုံးကြရသည်။ သူသည်၊ ကျွန်တော့်ထက်ပိုပြီး အိုင်ပဒ် သုံးတတ်သည်။ အိုင်ပဒ် ကောင်းကောင်း သုံးတတ်အောင်၊ သူ့ဆီက တပည့်ခံဦးမှဟု၊ ကျွန်တော် တွေးမိသည်။ ကျွန်တော့်ဘာသာ ပြုံးလိုက်မိသည်။ ထိုအပြုံးတွင်၊ အနှောင် အတည်း လုံးဝ မပါ။ ကျေနပ်သာယာမိသော အပြုံးတစ်ခုသာ ဖြစ်ပါသည်။■

mgyoe.com

mgyoe.com SAMPLE BOOK

# နိယာမ ကျောင်းထွက်တို့၏
# နောက်ဆုံးမိတ်ဆုံစားပွဲ

သုံးဆယ့်ခုနစ်ဆီက အီးမေး ရတယ်။ ကျောင်းသားဟောင်းတွေ အတွက် မိတ်ဆုံထမင်းစားပွဲ လုပ်မယ်လို့၊ တဲ့။ သုံးဆယ့်ခုနစ် ဆိုတာ လူလိုသူလို၊ လူနာမည် ခေါ်ရရင်တော့ ဘောဂဗလပဲ။ ဘောဂဗလ ဆို တော့လည်း ချမ်းသာတယ်။ ချမ်းသာလို့ ဘောဂဗလလို့ ခေါ်တာတော့ မဟုတ်ဘူး။ ကျောင်းတုန်းကတော့ သူ့ကို ဗာလကြီးလို့ပဲ ခေါ်တယ်။ တချို့ကတော့ ဗာလန့်ကြီးလို့တောင်၊ ခေါ်ကြတယ်။ နိယာမကျောင်း တော်မှာတော့ တကယ့်နာမည် မခေါ်ရလို့ ကျောင်းဝင်းအပြင် ရောက် ကာမှ တကယ့်နာမည် ခေါ်ကြရတာ။ ကျောင်းထဲမှာ နံပါတ်ပဲ ခေါ်ရ တယ်။ ပညာရှာဖို့ လာတဲ့လူမှန်သမျှ၊ အယုတ် အလတ် အမြတ် မရွေးတဲ့ သဘော။ အမျိုးဘာသာ မခွဲခြားတဲ့၊ သဘော၊ ပဲ။ ကျောင်းသားတိုင်းဟာ နံပါတ်နဲ့ချည်းပဲ။ သူ့နံပါတ်က သုံးဆယ့်ခုနစ်။ သုံးနဲ့ ခုနစ်နဲ့ပေါင်းရင် တစ်ဆယ်ရလို့ သူ့ကို 'ဘူ'လို့ အချင်းချင်းအကြားမှာ ခေါ်ကြတယ်။ ဘူ ဆိုတော့လည်း သူက သိပ်မကြိုက်ဘူး။ မကြိုက်လည်း သိပ်မတတ်နိုင် ဘူး။ နံပါတ်ရှိတဲ့ ကျောင်းသားတိုင်းမှာ အဲဒီလို မဟုတ်က၊ ဟုတ်က

mgyoe.com

mgyoe.com SAMPLE BOOK


နာမည်တွေ ရှိကြတယ်။ ကျွန်တော်တို့ ကျောင်းထွက်တွေ အချင်းချင်း ကတော့ နံပါတ်တွေကိုပဲ သုံးပြီး တစ်ယောက်ကိုတစ်ယောက် ခုထိ ခေါ်ကြ ပြောကြလေ့ ရှိတယ်။ ဘောဂဗလက နိယာမကျောင်းတော်မှာ၊ ဘွဲ့လွန်ပညာ ဆက်ပြီး သင်ခွင့်မရဘူး။ ဒီကောင်က ခပ်ထူထူရယ်ပါ။ ခပ်ထူထူ ဆိုတာက ပညာဘက်မှာ။ လူကို ဆက်ဆံရာမှာ တော်တယ်။ ရောနိုင်တယ်။ အောက်ကျို့ ပေါင်းနိုင်တယ်။ ဒါကြောင့်၊ ပိုက်ဆံသိပ်ချမ်းသာတာပဲ ဖြစ်မယ်။ နိယာမကျောင်းတော်မှာက၊ ကိုယ် အထူးပြုလေ့လာတဲ့ နိယာမရဲ့စည်းရိုးကို ကျော်မသွားကြဘူး။ ဒီတော့လည်း၊ ကိုယ့်မာနနဲ့ ကိုယ် နေကြသလိုပဲ။ အမေရိကန်ပြန်၊ ရပ်ရှားပြန်တွေလို သက်ဆိုင်ရာ ဆိုတာတွေကို အတင်းလိုက်ရော၊ မျက်နှာသာပေးထားတုန်း၊ တပြုံးပြုံး။ မျက်နှာသာ မရလည်း မရရော၊ စနစ်ကြီးတစ်ခုလုံးကို ဆဲတာမျိုး ..။ ဘုတ်ရိုသေ၊ ကျီးရိုသေ ဆိုတာမျိုးတွေ။ ကျွန်တော်တို့ဆီက လူတွေ မလုပ်ကြဘူး။ ဒီတော့လည်း၊ နိယာမကျောင်းတော်ကြီးဟာ ရန်သူသာ ရှိတယ်။ မိတ်ဆွေမရှိတဲ့ အရပ်လို ဖြစ်နေတယ်။ ခပ်ပျော့ပျော့၊ ခပ်ညံ့ညံ့ လူတွေမှာတော့ ရန်သူ မရှိဘူး။ နိယာမကျောင်းတော်က ပညာရှင်၊ ပညာတတ်တွေ အဖို့ကတော့ ရန်သူဖြစ်ဖြစ်၊ မိတ်ဆွေဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်၊ တခြားလူတစ်ယောက်ပဲလို့၊ လက်ခံထားကြတယ်။ လောကကြီး ရှိနေခြင်းကို လက်ခံချင်ရင်၊ 'တခြားလူ' ရဲ့ ရှိနေခြင်းကို လက်ခံကြရမှာပဲ၊ မဟုတ်လား။

တစ်ညနေဘက်၊ ဆုံနေကျ ပျော်ပွဲစားရုံကလေးမှာ ဆုံကြတော့၊ နံပါတ် တစ်ဆယ့်ရှစ်က စပြီး ပြောတယ်။ သုံးဆယ့်ခုနစ်ဆီက အီးမေးရသတဲ့။ အဲဒီတုန်းက ကျွန်တော့်ဆီ အီးမေး မရောက်သေးဘူး။ ဘာဖြစ်လို့ သင်းက မိတ်ဆုံစားပွဲ လုပ်ချင်ရတာလဲလို့ နှစ်ဆယ့်နှစ်က မေးတယ်။ သူ့ဆီလည်း အီးမေး မရောက်သေးဘူး။ နှစ်ဆယ့်သုံးက ရယ်ရင်း ပြောတယ်။ သင်းက ပိုက်ဆံပိုနေလို့ အိတ်စိုက်လုပ်ပေးတာ ဖြစ်မှာ။ ခုနေက၊ မိတ်ဆုံစားပွဲလုပ်တာ ရောဂါထနေကြတာ။ နိုင်ငံခြားရောက်နေတဲ့ ဆရာဝန်တွေနဲ့ အင်ဂျင်နီယာတွေဆို ပိုက်ဆံထောလာတာနဲ့၊ အရပ်ပြန်လာပြီး မိတ်ဆုံစားပွဲ လုပ်ကြတော့တာကိုး။ သွားကြွားပြကြတာလည်း

mgyoe.com

mgyoe.com
SAMPLE BOOK


ပါတာပေါ့ကွာလို့ ပြောတယ်။ နှစ်ဆယ့်သုံး ပြောရင် ဟုတ်လောက်တယ်။ သင်းက နိုင်ငံရပ်ခြား အသွားအလာရှိတယ်။ အုပ်ချုပ်ရေးတို့၊ နိုင်ငံရေးတို့ဘက်က လူတွေနဲ့လည်း အဆက်အဆံရှိတယ်။ နေစမ်းပါဦး။ မင်းက ဖိတ်စာရတယ်။ ငါတို့က မရသေးဘူး။ အီးမေးနဲ့ လှမ်းပြီး ဖိတ်တာပဲ။ အားလုံးကို စုပြီး၊ ခလုတ်ကလေး နှိပ်လိုက်တာနဲ့ အီးမေးတွေ တစ်ပြိုင်တည်း ထွက်သွားတာပဲ၊ မဟုတ်လားလို့ ကျွန်တော်က မေးလိုက်မိတယ်။ တစ်ဆယ့်ရှစ်က ပြန်ဖြေတယ်။ ဗာလန်ကြီးကို မင်းက အထင်ကြီးနေတာကိုး။ သင်းက ပိုက်ဆံချမ်းသာပေတဲ့ ကွန်ပျူတာကို စက်ကက်တေရီနဲ့ သုံးရတာ။ ကိုယ်တိုင် ဘာမှ မလုပ်တတ်ဘူး၊ တဲ့။ ကျွန်တော်တို့လည်း၊ တိုင်ပင်မထားဘဲ ရယ်လိုက်မိကြတယ်။ နှစ်ဆယ့်သုံးက ဝင်ပြောတယ်။ ချမ်းသာတာပဲ၊ ဘာများ တတ်နေစရာ ရှိလို့လဲ။ သူများကို ခိုင်းတတ်ဖို့ပဲလိုတာ။ ခိုင်းတတ်ရင် ပြီးတာပဲ မဟုတ်လား။ ခိုင်းတတ်တာဟာ လုပ်တတ်ကိုင်တတ်တာပဲ။ လုပ်တတ်ကိုင်တတ်ရင်လို့ ပြောတဲ့အထဲမှာ၊ ပညာအခြေခံနဲ့ လုပ်တာကိုင်တာမျိုး မဟုတ်ဘူး။ လူရည်လည်လို့ လုပ်တတ်ကိုင်တတ်တာမျိုးကို ပြောတာ။ မဟုတ်ဘူးလားလို့ ပြောပြီး၊ ကျွန်တော့်ဘက် လှမ်းကြည့်တယ်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်တုန်း၊ နှစ်ဆယ့်တစ်က လူရည်လည်တာလည်း ပညာတစ်မျိုးပဲကွလို့၊ ဝင်ပြောတယ်။ အားလုံး ငြိမ်သွားတယ်။ နောက်တော့၊ နှစ်ဆယ့်သုံးက ခေါင်းတညိတ်ညိတ်လုပ်နေရင်း၊ တစ်နည်းအားဖြင့်တော့ ဟုတ်သားလို့၊ မတင်မကျ ပြောတယ်။ တစ်နည်းအားဖြင့်လို့၊ နှစ်ဆယ့်သုံးက စကားခံတာကို ကျွန်တော်တော့၊ အတော့်ကို သဘောကျတယ်။ ကျွန်တော်တို့အထဲမှာ၊ နှစ်ဆယ့်တစ်နဲ့ နှစ်ဆယ့်သုံးက ပညာတတ်တွေရဲ့ ပညာတတ်တွေ၊ ပဲ။ ပီအိပ်(ချ)ဒီတွေ၊ ဘာတွေ ရတယ်။

နှစ်ဆယ့်တစ်က ဝင်ပြီး မေးတယ်။ ဘာဖြစ်လို့ ခုခါမှ မိတ်ဆုံစားပွဲ လုပ်ချင်ရတာလဲ၊ တဲ့။ ငါ့အထင်တော့လို့ ပြောပြီး တစ်ဆယ့်ရှစ်က ခဏ ရပ်နေတယ်။ ပြောသင့်၊ မသင့် စဉ်းစားနေပုံပဲ။ ဘယ်သူကမှ၊ ဘာမှ မပြောဘဲ သူ့ကိုပဲ ကြည့်နေကြတော့၊ သူက ဆက်ပြောတယ်။ အဘိုးကြီးက အနားယူတော့မယ်လို့ ကြားတယ်။ အနားမယူခင် အားလုံး

mgyoe.com

mgyoe.com

SAMPLE BOOK


ကို ပြန်တွေ့ချင်တယ်လို့ ဗာလန်ကြီးကို ပြောတယ်လို့ ကြားရဖူးတယ်။ အဲဒီအတွက်၊ ဟိုအကောင်က လုပ်ပေးတာနေမယ်လို့ သူ့အကြားနဲ့ သူ့အထင်ကို ပေါင်းပြီး ပြောတယ်။ အဘိုးကြီး ဆိုတာက လက်ရှိပါမောက္ခကြီး။ လက်ရှိလို့ ဆိုရပေတဲ့၊ သူ ရွေးထားတဲ့ သူ့လက်ငုတ်လက်ရင်းတပည့်တစ်ယောက်က ပါမောက္ခအလုပ်ကို လုပ်နေတာကို၊ အတော်ကြာနေပြီ။ ပါမောက္ခကြီးကတော့၊ စာလေး ဘာလေး ဝင်သင်တဲ့အခါ၊ သင်၊ အရေးကြီးတဲ့ အစည်းအဝေးတွေ၊ အရေးကြီးတဲ့ လူတွေနဲ့ စကားပြောဆိုရတာမျိုးတွေလောက်ပဲ လုပ်တော့တယ်။ စာသင်တယ် ဆိုပေတဲ့လည်း၊ နိယာမကျောင်းတော်ကြီးမှာ ပညာလာသင်တဲ့လူ အတော်နည်းနေပြီ။ အကြောင်းရင်းတစ်ခုကတော့၊ ဒီဘက်ခေတ်ထဲမှာ၊ နိယာမကျောင်းတော်က ပညာမျိုးကို လူတွေ သိပ်စိတ်မဝင်စားကြတော့ဘူး။ ဒီဘက်ခေတ်မှာ၊ ဆူလွယ်နပ်လွယ် ကြိုက်ကြတာ။ ပိုက်ဆံ မြန်မြန်ဖြစ်မယ့်နည်းကို ပညာလို့ ထင်ကြတယ်။ ထင်ကြတာတောင် မဟုတ်ဘူး။ ယုံကြည်နေကြတာ။ ကိုယ်ကာယနှင့် ရုပ်ရည်ကို အခြေခံသော လူမှုဆက်ဆံရေးအခြေခံ စီးပွားရေးလုပ်ငန်း အတတ်သင်ကျောင်း ဆိုတာမျိုးမှာ၊ ဝင်ခွင့်ရဖို့ သိပ်မလွယ်ဘူး။ ဥုံဖွဆိုပြီး ပျောက်စေဆရာယောင်ယောင် ငနဲတွေ သိပ်အလုပ်ဖြစ်နေကြတာ။ နောက်လိုက်နောက်ပါ တပည့်တွေကို မနည်းတော့ဘူး။ ကျောင်းကြီးတွေဆို ဟီးထနေတာ။ သမ္မတကြီးနဲ့ အမှတ်မထင်ရိုက်ထားတဲ့ပုံဆိုရင်၊ နေရာကို နှံ့လို့။ နိယာမကျောင်းတော်မှာတော့၊ နံရံတွေကို ရေညှိတက်နေပြီ။ သုတ်စရာ ဆေးဖိုးမရှိဘူး။ ဒါပေတဲ့လည်း၊ နိယာမကျောင်းတော်က ပညာရှိများကတော့၊ ဆေးဖိုး မရှိဘူးရယ်လို့ မပြောကြဘူး။ ဒီလို ကျောင်းတိုက်ကြီးမျိုးဆိုတာက၊ ဆေးမကြာ၊ သုတ်ပေးရတာမျိုး မဟုတ်ဘူး။ ခုလို၊ ဆေးမသုတ်ဘဲ ထားတာကိုက၊ ရင့်ကျက်မှုကို ဖော်ထုတ်တာပဲ၊ တဲ့။

ပိုဆိုးသွားတာက၊ နိယာမကျောင်းတော်ကို လာပြီး ပါမောက္ခကြီးနဲ့ လေပစ်လေ့ရှိတဲ့ သမိုင်းဆရာကြီးရဲ့ လေကလည်း ထောက်ခံစာပေးသလို ဖြစ်သွားတယ်။ ဘယ့်နှယ်ဗျာ၊ သမိုင်းဝင်ပစ္စည်း ဆိုတာကို တန်ဖိုးထားရမှန်း မသိတဲ့ခေတ်ကို ရောက်မှန်းမသိ ရောက်လာတယ်။ ကြည့်

mgyoe.com

ဗျ၊ ကျုပ်တို့ သမိုင်းဝင်မြို့ကြီးဟာ နွားလောက်မှ၊ ခေါင်းမရှိတဲ့ ကောင် တွေက ဘုရားမှန်သမျှ ရွှေမင်သုတ်၊ ရွှေထီးဆောင်းပစ်လိုက်ကြလို့၊ ခု တော့၊ ကျုပ်တို့ရဲ့ သမိုင်းဝင်မြို့ကြီးဆိုတာက၊ တစ်ကမ္ဘာလုံးက ဝိုင်းရယ် စရာကို ဖြစ်ကရော၊ တဲ့။ ဒီတော့၊ နိယာမကျောင်းတော်ရဲ့ ပါမောက္ခကြီး က ဟုတ်တာပေါ့ဗျာ။ ဒါကြောင့် ကျုပ်က ဒီကျောင်းတိုက်ကြီးကို ဒီအတိုင်း ထားတာ၊ တဲ့။ အဲဒီတုန်းက၊ ကျွန်တော်တို့က ဘွဲ့လွန်ကျောင်း သားတွေပဲ။ ဝင်မပြောရဲကြဘူး။ လက်ဖက်ရည်ဆိုင်ရောက်ကာမှ ဆရာ ကြီးတွေ ပြောတဲ့စကားကို ပြန်လည် ဆွေးနွေးကြရတယ်။ ကျွန်တော်တို့ ကျောင်းတိုက်ကြီးရဲ့ ဆောင်ပုဒ်ကိုက 'ဆွေးနွေးရင်းသာ ပညာရှာ'လို့၊ ဆိုထားတာကိုး။ ဒီနေရာမှာ၊ ပြောစရာကလေးကတော့ ရှိနေပြန်တယ်။ 'ဆွေးနွေးတယ်' ဆိုရာမှာ၊ စောင့်စည်းရတဲ့ အချက်တွေလည်း ရှိနေသေး တယ်။ ဆွေးနွေးချင်တိုင်း ထဆွေးနွေးလို့ မရဘူး။ ပထမဦးဆုံး အချက် ..။ ဒီ–အချက်–ဟာ၊ အရေးအကြီးဆုံးလည်း ဖြစ်တယ်။ ဒီ–ပထမဦးဆုံး နဲ့ အရေးအကြီးဆုံးအချက်–ကတော့၊ အသက်အားဖြင့် ကြီးခြင်း၊ ပညာ အရာအားဖြင့် ကြီးခြင်းနဲ့ အတန်းအားဖြင့် ကြီးတဲ့လူတွေနဲ့ ဆွေးနွေးရာ မှာ၊ ဆွေးနွေးတဲ့လူတွေအနေနဲ့ အသက်အားဖြင့် ကြီးခြင်း၊ ပညာအရာ အားဖြင့် ကြီးခြင်းနဲ့ အတန်းအားဖြင့် ကြီးတဲ့လူတွေ ပြောဆိုတာ မှန်သမျှ ဟာ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း မှန်ပြီးသားပဲလို့၊ လက်ခံထားကြရမယ် ဆိုတဲ့ အချက်ပဲ။ ဆွေးနွေးတဲ့ အကြောင်းအရာက တစ်မျိုးတည်းပဲ ဖြစ် ပါစေ၊ 'ဆွေးနွေးတယ်'လို့ ခေါ်ပုံ၊ မတူဘူး။ အသက် ကြီးတယ်၊ ပညာ အရာ ကြီးတယ်၊ အတန်းကြီးတဲ့ လူတွေဘက်က 'ပညာပေး ဆွေးနွေး တယ်'လို့ ခေါ်တယ်။ အသက် ငယ်တယ်၊ ပညာအရာ နည်းတယ်၊ အတန်း ငယ်တယ်ဆိုတဲ့ လူတွေဘက်ကတော့ 'ပညာယူ ဆွေးနွေးတယ်' လို့၊ ခေါ်ရတယ်။

ဒုတိယအချက်ကလည်း၊ မစောင့်စည်းလို့ မဖြစ်တဲ့အချက်။ ဒီ –အသက်အားဖြင့် ကြီးခြင်း၊ ပညာအရာအားဖြင့် ကြီးခြင်းနဲ့ အတန်း အားဖြင့် ကြီးတဲ့လူတွေ–ဟာ၊ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း မှန်ပြီးသားလို့ လက်ခံပြီးတဲ့နောက်၊ ကျန်တဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းဟာ မှားတယ်၊

mgjoe.com

mgyoe.com  SAMPLE BOOK 

ဒါမှမဟုတ်ရင် မှားနိုင်တယ်လို့ သဘောမထားမိဖို့ လိုတယ်ဆိုတဲ့ အချက်ပဲ။ ကျန်တဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းဟာ မီးခိုးရောင်ရပ်ဝန်းလို့ လက်ခံထားရတယ်။ အဖြူလည်း မဟုတ်ဘူး၊ အမည်းလည်း မဟုတ်ဘူးဆိုတဲ့ သဘောပဲ။ ဒါပေတဲ့၊ သတိထားစရာလိုနေတဲ့ အချက်ကလည်း ရှိနေသေးတယ်။ အဲဒါက၊ မီးခိုးရောင်က နုနုဆိုတာပဲ။ အဖြူဘက်များတဲ့ မီးခိုးရောင်မျိုး။ တစ်မျိုးပြောရင် အမှန်ဘက်များတဲ့ အနေအထားမျိုး။ ထပ်ပြီး တစ်မျိုးပြောရင်တော့၊ အသက်အားဖြင့် ကြီးခြင်း၊ ပညာအရာအားဖြင့် ကြီးခြင်းနဲ့ အတန်းအားဖြင့်ကြီးတဲ့ လူတွေဟာ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း မှန်ပြီးသားလို့ လက်ခံပြီးတဲ့နောက်၊ ကျန်တဲ့ နှစ်ဆယ့်ငါးရာခိုင်နှုန်းမှာ၊ နှစ်ဆယ့်လေး၊ ဒသမ ကိုးရှစ်ရာခိုင်နှုန်းလောက်ဟာ မှန်နေသေးတယ်လို့၊ လက်ခံထားပြီးကာမှ ဆွေးနွေးကြဖို့ပဲ။ တည့်တည့်ပြောရင်တော့၊ အသက်ကြီးလို့ အထက်စီးက ရထားတဲ့သဘောပဲ။ သာမန်လူတွေအတွက် နည်းနည်း ခက်ကောင်း ခက်မယ်။ ကျွန်တော်တို့ ကျောင်းကြီးထဲမှာတော့၊ ဖြည်းဖြည်းချင်း အလေ့အကျင့်ရလာလို့၊ သိပ်မခက်လှဘူး။ ကျွန်တော်တို့ကိုယ်တိုင်၊ အတန်းကြီးရောက်လာတဲ့အခါ၊ အတန်းငယ်က လူတွေကို အဲသလို သဘောထားလာကြတယ်။ ခုနက၊ ပြောတဲ့ သမိုင်းဆရာကြီး စကားကို ပြန်ကောက်ရရင်တော့၊ ကျွန်တော်တို့ လူငယ်ပိုင်းက မြင်တာဟာ ဆရာကြီးမြင်ပုံနဲ့ မတူဘူး။ သမိုင်းပါမောက္ခကြီးပြောတဲ့၊ 'ကျုပ်တို့ သမိုင်းဝင်မြို့ကြီးဟာ နွားလောက်မျှ ခေါင်းမရှိတဲ့ ကောင်တွေက ဘုရားမှန်သမျှ ရွှေမင်သုတ်၊ ရွှေထီးဆောင်းပစ်ကြလို့၊ ခုတော့၊ ကျုပ်တို့ရဲ့ သမိုင်းဝင်မြို့ကြီးဆိုတာက၊ တစ်ကမ္ဘာလုံးက ဝိုင်းရယ်စရာကို ဖြစ်ကရော'ဆိုတာကို၊ ပထမ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းအရ မှန်တယ်လို့ လက်ခံပြီးတဲ့နောက်၊ နောက်ထပ် နှစ်ဆယ့်လေး ဒသမ ကိုးရှစ်ရာခိုင်နှုန်း ပေါင်းပြီး၊ စုစုပေါင်း ကိုးဆယ့်ကိုး ဒသမ ကိုးရှစ်ရာခိုင်နှုန်း မှန်တယ်လို့၊ လက်ခံ။ ဒီတော့၊ ကျန်နေသေးတဲ့ ဒသမ သုညနှစ် ရာခိုင်နှုန်းထဲမှာ ပြောစရာက ရှိနေသေးတယ်။

ဒီလို။ သမိုင်းဆရာကြီးရဲ့ စကားထဲက 'နွားလောက်မျှ ခေါင်းမရှိတဲ့ ကောင်တွေ' ဆိုတာက၊ နွားလောက်မျှ ခေါင်းမရှိတာတော့၊ မှန်မယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေတဲ့၊ တိုင်းပြည် အုပ်ချုပ်တတ်တယ်။ တိုင်းပြည်အုပ်ချုပ်တဲ့လူ မှန်သမျှမှာ၊ နိယာမတစ်ခုပဲ ရှိတယ်။ 'နိုင်တာဟာ တရားတယ်' ဆိုတဲ့ မူပဲ။ ဘယ်နိုင်ငံမှာ၊ ဘယ်စနစ်ပဲသုံးသုံး၊ အုပ်ချုပ်ခွင့်ရတဲ့လူဟာ သူ လုပ်ချင်သလို လုပ်တာဟာ 'နိုင်တာဟာ တရားတယ်'ဆိုတဲ့၊ နိယာမပဲ။ ဒီ၊ နိယာမမျိုးကို ကျွန်တော်တို့ ကျောင်းတိုက်ကြီးထဲမှာ၊ ပြာတာမင်းစေလေးများတောင် သိတယ်။ ဒါပေတဲ့၊ ပြာတာဟာ ပြာတာပဲ။ ပါမောက္ခကြီးတွေဟာ ပါမောက္ခကြီးတွေ၊ ပဲ။ ကုလားပြည်က မိတ်ဆွေတစ်ယောက်ပြောဖူးတဲ့ စကားလို၊ ပဲ။ တို့ဆီမှာ၊ ပြောကြသတဲ့။ ဆိတ်ကို ညစာစားပွဲတက်တဲ့ ဝတ်စုံ ဝတ်ပေးချင်သလား။ ဝတ်ပေးလိုက်၊ ရတယ်။ ဒါပေတဲ့၊ ဆိတ်ကတော့၊ ဆိတ်ပဲ၊ ဆိုတာမျိုး။ နိယာမမျိုးစုံကို သိတာဟာ၊ သိတာပဲ။ တိုင်းပြည် အုပ်ချုပ်နိုင်လောက်အောင် အသုံးမတည့်ကြဘူး။ ဒါကြောင့်မို့လည်း၊ ဒီကျောင်းတိုက်ကြီးထဲမှာ ပညာအရာ ဂုဏ်သရေရှိစွာနဲ့ ရပ်တည်နေကြရင်း၊ ကုန်းကြောင်းလျှောက်နေကြရတာ။ ခပ်လွယ်လွယ် ပြောရင်တော့၊ အုပ်ချုပ်သူကို မကျော်လွှားနိုင်တဲ့ အခိုင်းခံသက်သက်ပဲ။ 'နွားလောက်မျှ ခေါင်းမရှိတဲ့ အကောင်တွေ' ရဲ့၊ ဘာ၊ နိယာမမှာမျှ အခြေမခံတဲ့ အမိန့်ဆိုတာကို မငြင်းဆိုရဲတဲ့ လူတွေပဲ။ ဒီတော့၊ ကျွန်တော်တို့လူငယ်ပိုင်းက မြင်နေတာကတော့၊ တိုင်းပြည်အုပ်ချုပ်ဖို့ဆိုရင် နွားလောက်မျှ ခေါင်းမရှိတဲ့ကောင် ဖြစ်ဖို့ပဲ။ ခေါင်းထဲမှာ ဘာမျှမရှိလေ ကောင်းလေပဲ။ အထူးသဖြင့်၊ ခပ်ညံ့ညံ့ လူတွေကို အုပ်ချုပ်ဖို့၊ အုပ်ချုပ်တဲ့လူကလည်း ခပ်ညံ့ညံ့ ဖြစ်ရမှာပဲ။ တရားတဲ့ အမြင်ပဲ။ ညံ့တာဟာ ရှက်စရာ မဟုတ်ဘူး။ ဂုဏ်ယူစရာလည်း မဟုတ်လောက်ပေတဲ့၊ လူရဲ့ မွေးရာပါအခွင့်အရေးပဲ။ နောက်တစ်ချက်၊ ပြောစရာရှိနေတာက၊ 'တစ်ကမ္ဘာလုံးက ဝိုင်းရယ်စရာကို ဖြစ်ကရော'ဆိုတဲ့ အချက်ပဲ။ သေသေချာချာ စဉ်းစားကြည့်မယ်ဆိုရင်၊ တစ်ကမ္ဘာလုံးက ဝိုင်းရယ်စရာ ဖြစ်လောက်အောင်ဆိုတဲ့ အနေအထားမျိုးဆိုတာက၊ ပေါ့သေးသေး အားထုတ်မှုမျိုး မဟုတ်ဘူး။ အငြိမ့်တို့၊ ဇာတ်တို့ထဲက လူပြက်တွေရဲ့ ပြက်လုံးကိုသာ နမူနာယူကြည့်။ ပြက်လုံးတိုင်း ရယ်စရာ ဖြစ်မလာဘူး။ လူတိုင်း၊ မရယ်ဘူး။ ခုဟာက၊ တစ်ကမ္ဘာလုံးက ဝိုင်းရယ်စရာဖြစ်တာ။ ဒီတော့၊ တစ်ကမ္ဘာလုံးက ဝိုင်း

mgyoe.com

mgyoe.com

ရယ်စရာဖြစ်လောက်အောင်၊ အသုံးမကျတာပဲခေါ်ခေါ် ..၊ ခေါင်းမရှိဘူးပဲ ခေါ်ခေါ် ..၊ အတော့်ကို ကြီးမားတဲ့ အောင်မြင်မှုတစ်ရပ်လို့ ပြောရမှာပဲ။ ကျွန်တော်တို့ လူငယ်ပိုင်းကတော့၊ နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေ ဆိုတဲ့ လူတွေရဲ့ အောင်မြင်မှုဟာ တို့၊ ဆရာကြီးတွေထက်တောင် ကြီးပါသေးသလားလို့ မြင်ခဲ့မိတယ်။ တို့၊ ဆရာကြီးတွေဟာ နွားထက် ခေါင်းရှိရုံ မကဘူး၊ လူအတော်များများထက်တောင် ဦးနှောက်ကောင်း ဦးမယ်။ အသိပညာတွေ ပိုဦးမယ်။ တကယ့်၊ နေ့စဉ်ဘဝထဲမှာတော့ နွားလောက်မျှ ခေါင်းမရှိတဲ့ အကောင်တွေကို ဘယ်လိုမျှ မယှဉ်နိုင်တဲ့လူတွေပဲလို့ မြင်လာမိခဲ့ကြတယ်။ (ဒီအချက်ကြောင့်ပဲ၊ ကျွန်တော်တို့ဟာ နိယာမကျောင်းတိုက်ကြီးမှာ ပညာဆည်းပူးလက်စနဲ့ စခန်းသိမ်းခဲ့ကြရတာပဲ)

နောက်တော့၊ သုံးဆယ့်ခုနစ် ကိုယ်တိုင် ဖုန်းဆက်တာနဲ့ပဲ၊ ကျွန်တော်တို့ လူသိုက်လည်း ပြန်လည် မိတ်ဆုံစားပွဲ သွားဖြစ်ကြတယ်။ သူစီစဉ်ပေးလို့ပဲ၊ ကျွန်တော်တို့လူသိုက် စားပွဲသီးသန့် ရတယ်။ အမှောင်ရိပ်နားဆီမှာ။ မြက်ခင်းပြင်ထိပ်နားက စင်မြင့်ကလေးနဲ့ နီးတဲ့အပိုင်းမှာတော့၊ ဧည့်သည်တော်တွေ၊ နိုင်ငံခြားပြန်တွေ။ ဧည့်သည်တော်တွေအထဲမှာလည်း၊ နွားလောက်မျှ ခေါင်းမရှိတဲ့အကောင်တွေ ပါတယ်။ ကျွန်တော်တို့ ဆရာကြီးတွေလည်း၊ နွားလောက်မျှ ခေါင်းမရှိတဲ့ကောင်တွေနဲ့ တပြုံးပြုံး။ မပြုံးလို့ကလည်း မဖြစ်ဘူး။ ဒီည ..၊ ပြန်လည်မိတ်ဆုံစားပွဲညမှာ အငြိမ်းစားယူမယ့် ပါမောက္ခကြီးကို၊ နွားလောက်မျှ ခေါင်းမရှိတဲ့အကောင်တွေက ဘွဲ့ထူးဂုဏ်ထူးတွေ ပေးကြမှာ။ ဒီအပြုအမူကတော့၊ ဘယ်သူ့ ဘယ်သူကိုမျှ မထိခိုက်သလို၊ ဘယ်သူ့ကိုမျှ အကျိုးရှိတဲ့ကိစ္စတော့ မဟုတ်ဘူး။ ဒါပေတဲ့၊ ပေးသူနဲ့ လက်ခံသူအကြားမှာ ဂုဏ်ယူစရာဆိုတဲ့ စကားလုံးကလေး ကျန်ရစ်တယ်။ ဘယ်နားမှာ၊ ဘယ်လို ဂုဏ်ယူရမှန်းတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော်တို့စားပွဲမှာ ထိုင်နေတဲ့ နှစ်ဆယ့်တစ်နဲ့ နှစ်ဆယ့်သုံးက ပြောလို့၊ သိရတာ။ တို့လူမျိုးရဲ့ စနစ်တကျ ညှဲဖျင်းတဲ့ စရိုက်လက္ခဏာတစ်ခုက၊ အဲဒီလိုမျိုးတွေကို မက်တာပဲလို့လည်း ပြောတယ်။ သူကြီးခေတ်တုန်းက၊ တောမှာ ဘုရားပွဲလုပ်တဲ့အခါ၊ သူကြီးက လက်ပတ်ပေးပြီး ပွဲကြပ်ခိုင်းရင်၊ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဗိုက်အင့ာား

mgyoe.com

mgyoe.com SAMPLE BOOK

နဲ့ စားထိုးခံရဲတဲ့အကောင်တွေ အပုံကြီး ရှိသလိုမျိုးပဲ၊ တဲ့။ သူတို့ နှစ်ယောက်က၊ နိယာမကျောင်းတော်မှာ ကျွန်တော့်ထက် တစ်နှစ် စောတယ်။ ဘွဲ့လွန်ပြီးတော့ ပါရဂူဘွဲ့အတွက် မတက်တော့ဘဲ ထွက်သွားတဲ့လူတွေ။ ဒီလိုပွဲမျိုးတွေကိုလည်း မကြိုက်ဘူး။ အခုတောင်၊ ကျွန်တော်တို့က တစ်သက် တစ်ခါလောက်ပါကွာဆိုပြီး၊ တောင်းတောင်းပန်ပန်နဲ့ ခေါ်လာခဲ့ကြရတာ။ ပွဲမစခင်၊ ပါမောက္ခကြီးနဲ့ နောက်ဖြစ်မယ့် ပါမောက္ခတို့ ဦးဆောင်ပြီး စားပွဲတွေဆီ လျှောက်ပြီး၊ နှုတ်ဆက်ကြတယ်။ သုံးဆယ့်ခုနစ်တို့လို၊ မိတ်ဆုံစားပွဲကျင်းပရေး ကော်မတီဝင်တွေလည်း ပါတယ်။ နောက်ဆုံးတော့၊ ကျွန်တော်တို့စားပွဲကို ရောက်လာကြတော့တယ်။

ဆရာကြီးခမျာ၊ အတော် အိုရှာပြီ။ ပင်စင်သက်ပြည့်တဲ့နောက် ဆယ်နှစ်သာသာ ထပ်ပြီး လုပ်ပေးနေရသေးတာ။ ခုတော့၊ ခေါင်းပေါ်က လက်ကျန် ဆံပင်ကျိုးတိုးကျဲတဲက ဖွေး၊ လို့။ လက်ပြင် ကုန်းနေပြီ။ လက်ကိုင်တုတ် အားကိုးနဲ့ လျှောက်ရတယ်။ သတိကတော့၊ အတော့်ကို ကောင်းပုံရသေးတယ်။ ကျွန်တော်တို့စားပွဲဝိုင်းနား ရောက်လာတော့၊ ကျွန်တော်တို့အားလုံးက မတ်တတ်ရပ်လိုက်ကြတယ်။ ကျွန်တော်တို့ မျက်နှာတွေကို၊ အမှောင်မကျတကျ အလင်းရောင်ထဲမှာ အတော်ကြာအောင် ကြည့်နေရင်း၊ အမှောင်ထဲက တော်လှန်ရေးသမားတွေကိုး၊ ကွလို့ ပြောရင်း ပြုံးနေတယ်။ ကျွန်တော်တို့ကတော့ ဘာမှ ပြန်မပြောကြဘူး။ ဟိုတုန်းကလည်း၊ အမှောင်ကြိုက်တယ်။ ခုလည်း၊ အမှောင်ကြိုက်တဲ့ ကောင်တွေလို့၊ ပြောပြန်တယ်။ တစ်ဆယ့်ရှစ်ကို ဆရာကြီးက လက်ဆွဲနှုတ်ဆက်နေတုန်း၊ နှစ်ဆယ့်သုံးဆီက အသံထွက်လာတယ်။ အလင်းထဲကို အလင်းထဲကနေ ကြည့်တာထက် အလင်းထဲကို အမှောင်ထဲကနေ ကြည့်တာက ပိုပြီး ကြည်လင်ပီပြင်ပါတယ်၊ ဆရာကြီး၊ တဲ့။ ဆရာကြီးက လန့်သွားပုံရတယ်။ ရုတ်တရက် အသံလာရာကို ကြည့်လိုက်ရင်း၊ ဟော့၊ ကောင်ကြီးလို့ ခေါ်လိုက်ရင်း စဉ်းစားနေပုံရတယ်။ ပြီးမှ နှစ်ဆယ့် .. ဆိုပြီး၊ အသံ ဆက်ထွက်မလာဘူး။ နောက်နားက ပါလာတဲ့၊ သုံးဆယ့်ခုနစ်က ထောက်ပေးတယ်။ သုံး .. ပါ၊ ဆရာကြီး၊ တဲ့။ ဆရာကြီးလည်း၊ သတိရသွားပုံရတယ်။ အေး၊ အေး၊ နှစ်ဆယ့်သုံး ..၊ ဩော်၊ မင်းက နှစ်

mgyoe.com

ဆယ့်တစ်။ ဟိုအကောင်က တစ်ဆယ့်ရှစ်။ မင်းတို့လူသိုက်ကို ဆရာသတိရပြီ၊ လို့၊ ထပ်ပြောတယ်။ အဲဒီတုန်းမှာပဲ၊ နှစ်ဆယ့်တစ်က ဝင်ပြောတယ်။ အလင်းရောင်ထဲက လူတွေဟာ အလင်းရောင်မရှိရင် ပျောက်သွားကြပေတဲ့၊ အမှောင်ထဲက လူတွေကတော့၊ အစကတည်းက အမှောင်ထဲမှာပဲမို့၊ အမှောင်ထဲ ရောက်သွားလည်း လွယ်လွယ် ပျောက်မသွားဘူးပေါ့ဆရာကြီးရယ်၊ တဲ့။ ဆရာကြီးက နှစ်ဆယ့်တစ်ရဲ့ လက်မောင်းကို လှမ်းကိုင်လိုက်ရင်း၊ ဟုတ်လိုက်လေ၊ ကွာ။ မင်းတို့ နှစ်ယောက်ကတော့ ပီအိပ်(ချ)ဒီတွေ တစ်လှေကြီး ရထားကြလေတော့၊ ဒါမျိုးတွေ ပြောတတ်တာပေါ့၊ လို့ ပြောတယ်။ ဒီတော့၊ နှစ်ဆယ့်သုံးက ဖြတ်ပြောတယ်။ ဆရာကြီး ..၊ အဲဒီစကားတွေက၊ လွန်ခဲ့တဲ့ အနှစ်သုံးလေးဆယ်လောက်က ဆရာကြီး ကျွန်တော်တို့ကို ပြောခဲ့တာပါ၊ တဲ့။

ကျွန်တော်တို့ရဲ့ ပါမောက္ခကြီးခမျာ၊ အူကြောင်ကြောင် ဖြစ်သွားပုံရတယ်။ ဟေ ..၊ ဟုတ်ကဲ့လားလို့ ပြောရင်း သူ့နောက်က ပါလာတဲ့ လူသိုက်ကို ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်တယ်။ နောက်တက်မယ့် ပါမောက္ခအသစ်က အသာ ခေါင်းညိတ်ပြတယ်။ ဆရာကြီးက ပြုံးလိုက်ရင်း၊ ကျွန်တော်တို့ အားလုံးကို တစ်ယောက်ချင်းစီကို လှည့်ပြီး ဖြည်းဖြည်းချင်း ကြည့်လိုက်တယ်။ ပြီးမှ၊ ဒီလိုဆိုတော့လည်း၊ ဆရာက အတော်သားပဲလို့၊ သူ့ဘာသာ ပြောလိုက်သလိုလိုနဲ့ ပြောရင်း ရယ်တယ်။ ချက်ချင်းလိုပဲ၊ ပီအိပ်(ချ)ဒီတွေ တစ်လှေကြီး ရထားတယ်ဆိုတဲ့ အကောင်နှစ်ကောင်ဆီက တစ်ကောင်ရဲ့အသံ ကြားလိုက်ရတယ်။ နှစ်ဆယ့်သုံးဆီက။ ဆရာကြီးက အမြဲ တော်တာပါ။ ကျွန်တော်တို့မှာ သံသယမရှိပါဘူး။ တော်တာတွေကို ထုတ်မသုံးတာ တစ်ခုပဲ၊ လို့ ပြောနေတုန်း အသံရပ်သွားတယ်။ ကျွန်တော်က ကြည့်လိုက်တော့၊ သူ့ဘေးနားဆီမှာ ရပ်နေတဲ့ တစ်ဆယ့်ရှစ်က တံတောင်နဲ့ အသာတွက်လိုက်တာ တွေ့ရတယ်။ ဆရာကြီးတို့နောက်နားက လူအုပ်ထဲက သုံးဆယ့်ခုနစ်နဲ့ နောက်တက်မယ့် ပါမောက္ခတို့လည်း၊ မသိမသာ ခေါင်းခါပြတာ တွေ့လိုက်ရတယ်။ နှစ်ဆယ့်သုံးကို ကြည့်လိုက်တော့၊ သူက ဘာမှ မပြောလိုက်သလိုပဲ။ ဆရာကြီးကတော့ အသေအချာ ကြားလိုက်ပုံမရဘူး။ ဘာတဲ့၊ ဘာတဲ့

mgyoe.com